


သာသနာပြု–ညောင်ရမ်းဆရာတော်
ဘုရားကြီးပုံတော်။

၃၃၈၁

မန္တလေးမြို့။

နိုးကောင်းတိုက်၊ အဂ္ဂမဟာပဏ္ဍိတ-ဘွဲ့တံဆိပ်တော်ရ

မူလတကျိပ်နှစ်ပါး သာသနာပြုဆရာတော်ကြီးတို့၏

အကြီးအမှူးနာယက

# သာသနာပြုညောင်ရမ်းဆရာတော်

သည်

ရေးသားအပ်သော

# လဋ္ဌုဂယာဏာဒေါသဒီပနီကျမ်း။

မူပိုင်ရှင်—ဦးမောင်ကို၊
ပွဲစား-မြေပိုင်ရှင်၊
ဆိုင်းတန်းရပ်၊
မန္တလေး။

စာအုပ်ရေ-၂၀၀၀။
သုခဝတီစာပုံနှိပ်တိုက်။ ကျောက်သွေးတန်း။မန္တလေးမြို့။
၇-၁-၄၂။

## လဥ္ဂဟာဏဒေါသဒီပနီကျမ်း၌ပါရှိသော

## မာတိကာစဉ်။

# ၁–လဥ္ဂဟာဏကဏ္ဍ။


| ဦးရေနံပါတ်။ | အကြောင်းအရာ။ | မျက်နှာနံပါတ်။ |
|---|---|---|
| ၁ | ပဏာမကိုပြခြင်း … … … | ၁ |
| ၂ | ပဋိညာဏ်ကိုပြခြင်း … … … | ၁ |
| ၃ | တံဆိုးစားခြင်းအနက်ပေဟာ၊ဥက္ကောဠုနသဒ္ဒါကို ပြခြင်း … … … … | ၁ |
| ၄ | ဥက္ကောဠုနသဒ္ဒါ၏ဝစနတ္ထကိုပြခြင်း … | ၃ |
| ၅ | လဥ္ဂသဒ္ဒါ၏ဝစနတ္ထကိုပြခြင်း … … | ၄ |
| ၆ | တံဆိုးယူခြင်းအဒိန္နာဒါန်ဖြစ်ကြောင်းကိုပြခြင်း | ၅ |
| ၇ | တံဆိုးစားခြင်းအဒိန္နာဒါန်ဖြစ်ကြောင်းကို စောဒနာဖြင့်ပြခြင်း … … … | ၇ |
| ၈ | လဥ္ဂဟာဏ၏ကမ္မပထအင်္ဂါကိုပြခြင်း … | ၇ |
| ၉ | တံဆိုးစားသော အဏ္ဍဘာဝရိတ ပေတ၏ ထုံးဝတ္ထုကိုပြခြင်း … … … | ၈ |
| | ၎င်း၌အကျဉ်းမှတ်ရလက်ာပါသည်။ | |
| ၁၀ | ကုရုဓမ္မိန္ဒယ–ဝေမာနိက–ပေတ၏ထုံးဝတ္ထုကို ပြခြင်း … … … … | ၁၅ |
| | ၎င်း၌ အကျဉ်းမှတ်ရလက်ာပါသည်။ | |
| ၁၁ | တံဆိုးစားသော ကာဠက စစ်သူကြီး၏ ထုံးဝတ္ထုကိုပြခြင်း … … … | ၁၉ |
| | ၎င်း၌ အကျဉ်းမှတ်ရလက်ာပါသည်။ | |

ဦးရေနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

၁၂ တံဆိုးစားသော ခဏ္ဍဟာလ ပုဏ္ဏား၏ ထုံး
ဝတ္ထုကိုပြခြင်း ... ... ... ၂၄
၎င်း၌ မှတ်ရမဃာဒေဝလင်္ကာသစ်ပါသည်။
၁၃ တံဆိုးစားသောကုရုမင်း၏ ထုံးဝတ္ထုကိုပြခြင်း ၃၂
၎င်း၌မဃာဒေဝလင်္ကာသစ်နှင့်၊မှတ်ရလင်္ကာပါသည်။
၁၄ တံဆိုးစားသောအမတ် ငါးယောက်တို့၏ ထုံး
ဝတ္ထုကိုပြခြင်း ... ... ... ၃၆
၎င်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်။
၁၅ တံဆိုးစားသော အသိလက္ခဏပါဌက ပုဏ္ဏား
၏ထုံးဝတ္ထုကိုပြခြင်း ... ... ၃၉
၎င်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်။
၁၆ တံဆိုးစားသောအမတ်တို့ကိုရာထူးမှနုတ်ပယ်
ခြင်းထုံးဝတ္ထုကိုပြခြင်း ... ... ၄၂
၎င်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်။
၁၇ တံဆိုးစားခြင်း မိစ္ဆာဇီဝဖြစ်ကြောင်းကို ပြခြင်း ၄၇
၎င်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်။
၁၈ တံဆိုးယူခြင်းသည် ဆန္ဒာဂတိသို့ လိုက်သည်
မည်ကြောင်းကို ပြခြင်း ... ... ၄၉
၁၉ မမှန် တရားစီရင်ခြင်းမုသာဝါဒ မည်ကြောင်း
ကိုပြခြင်း ... ... ... ... ၄၉
၎င်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်။

## ၂-အဂတိဂမနကဏ္ဍ။

၂၀ အဂတိလေးပါးသရုပ်ကိုပြခြင်း ... ... ၅၁
၂၁ အဂတိလေးပါး၏ အဓိပ္ပါယ်ကိုပြခြင်း ... ၅၂

ဦးရေနံပါတ်။ အကြောင်းအရာ။ မျက်နှာနံပါတ်။

၂၂ အဂတိဂမနသဒ္ဒါ၏ဝစနတ္ထနှင့်၊အကုသိုလ် ဖြစ်ခြင်းကို ပြခြင်း ... ... ... ၅၆

ဂုဏ်း၌ မှတ်ရလက်ာပါသည်။

၂၃ ဆန္ဒာဂတိ စသည်တို့၏ ပရမတ္ထ တရားကိုယ်နှင့် အပါယ်လားခြင်းကိုပြခြင်း ... ၅၇

ဂုဏ်း၌ မှတ်ရလက်ာပါသည်။

၂၄ ကူဋဝိနိစ္ဆယ အခမ္မစာရဖြစ်ခြင်း အပါယ်လားခြင်းကိုပြခြင်း ... ... ... ၆၀

ဂုဏ်း၌ မှတ်ရလက်ာပါသည်။

၂၅ အဂတိလေးပါး လိုက်စားခြင်း၏ ပစ္စုပ္ပန်အပြစ်ကိုပြခြင်း ... ... ... ... ၆၁

ဂုဏ်း၌ မှတ်ရလက်ာပါသည်။

၂၆ အဂတိ လေးပါး မလိုက်စားခြင်း၏ ပစ္စုပ္ပန်အကျိုးကိုပြခြင်း ... ... ... ၆၂

၂၇ အဂတိလေးပါး လိုက်စားခြင်း၏ ငရဲလားခြင်းသံသရာပြစ်ကိုပြခြင်း ... ... ၆၃

ဂုဏ်း၌ အကျဉ်းမှတ်ရလက်ာပါသည်။

၂၈ အဂတိလေးပါး လိုက်စားသော မဟာပိင်္ဂလမင်း၏ထုံးမုံဝတ္ထုကိုပြခြင်း ... ... ၆၅

ဂုဏ်း၌ အကျဉ်းမှတ်ရလက်ာပါသည်။

၂၉ အဂတိလေးပါးလိုက်စားသူ ငရဲလားရခြင်းကိုပြခြင်း ... ... ... ... ၆၆

| ဦးရေနံပါတ်၊ | အကြောင်းအရာ၊ | မျက်နှာနံပါတ်။ |
|---|---|---|
| ၃၀ | အဂတိ လေးပါး လိုက်စား တတ်သော သူကို တရားသူကြီးမထားရခြင်းကိုပြခြင်း ... | ၆၈ |
| | ယင်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်။ | |
| ၃၁ | တံဆိုးလာဘ် ပုဂ္ဂိုလ်ကို မှီ၍ တရားမဆုံးဖြတ် အပ်ကြောင်းကိုပြခြင်း ... ... | ၆၉ |
| | ယင်း၌ အကျဉ်းမှတ်ရလင်္ကာပါသည်၊ | |
| ၃၂ | သံဝရပျို့၌လာသောလင်္ကာကိုပြခြင်း ... | ၇၁ |
| ၃၃ | မှတ်ချက်ကိုပြခြင်း ... ... ... | ၇၁ |
| ၃၄ | အောက်ပြဆိုပြီး အဓိပ္ပါယ်အကျယ်ကို လိုရင်း အဓိပ္ပါယ်အကျဉ်းချုပ် နိဂုံးအုပ်၍ပြခြင်း ... | ၇၂ |
| ၃၅ | တံဆိုးလာဘ်ပေးသောသူ၏အပြစ်ကို လျော်စွာ ထည့်သွင်း၍ပြခြင်း ... ... ... | ၇၄ |
| ၃၆ | တနည်း၊အပြစ်ကိုပြခြင်း ...... ...... | ၇၈ |
| ၃၇ | တနည်း၊အပြစ်ကိုပြခြင်း ...... ...... | ၇၈ |
| ၃၈ | ဩဝါဒကထာကိုပြခြင်း ...... ...... | ၇၉ |
| ၃၉ | ကျမ်းပြီးနိဂုံးကိုပြခြင်း ...... .... | ၈၀ |


မာတိကာပြီး၏။

မန္တလေးမြို့ မိုးကောင်းတိုက်၊ "အဂ္ဂမဟာပဏ္ဍိတ"သာသနာပြု-ညောင်ရမ်းဆရာတော်သည် တပည့် ရဟန်း, ရှင်, လူ, အပေါင်းတို့က လျှောက်ထား တောင်းပန်ချက် အရ ရေးသား အပ်သော သုတ်သီလက္ခန်ဒီကာသစ် နိဿယ-စသော ကျမ်းစာ အမျိုး အမည်များကို သဒ္ဓါတရား တိုးပွါးရန် အောက်ပါ အတိုင်း ပေါ်ပြလိုက်ပါသည်။


၁ သီလက္ခန်သစ်-ပါဠိ ပဌမအုပ် ...နံပါတ် ၄၇၉
၂ ၎င်းနိဿယ ကော်ပီ ...နံပါတ် ၂၃၉၅
၃ ၎င်းဋီကာသစ်ပါဠိ-ဒုတိယအုပ် ...နံပါတ် ၄၀၅
၄ ၎င်းအုပ်-နိဿယ ကော်ပီ ...နံပါတ်၁၀၅၂
၅ သီလက္ခန်ဒီကာဟောင်း-ပါဠိအုပ် ...နံပါတ် ၃၇၀
၆ ၎င်းနိဿယ-ကော်ပီ ...နံပါတ်၁၀၄၉
၇ ဇိနတပရိစ္ဆာဂါဒီ ဝိနိစ္ဆယကျမ်း (ပုံနှိပ်ပြီး) ... ...နံပါတ် ၁၁၃
၈ မဟာသမယသုတ် ပါဠိတော်-လင်္ကာနိဿယ(ပုံနှိပ်ပြီး) ...နံပါတ် ၁၁၀
၉ ဥပါသကဂုဏာပ္ပကာသနီကျမ်း-(ပုံနှိပ်ပြီး) ... ...နံပါတ် ၂၅၅
၁၀ ကထိန ဒါန ဝိနိစ္ဆယကျမ်း (ပုံနှိပ်ပြီး) ...နံပါတ် ၁၅၀
၁၁ ဥပါသကစက္ခုကျမ်း(ပုံနှိပ်ပြီး) ...နံပါတ် ၁၀၄
၁၂ ဥပါသကစာရိတ္တဒီပနီကျမ်း(ပုံနှိပ်ပြီး) ...နံပါတ် ၃၃၀
၁၃ ပရပုဂ္ဂလနဂ္ဂဟ သာသနဒါယာဒဝိနိစ္ဆယကျမ်း(ပုံနှိပ်ပြီး) ...နံပါတ် ၃၂
၁၄ ဝဿုကမ္မ-ဝဿုပနာယိက ဝိနိစ္ဆယ (ပုံနှိပ်ပြီး) ... ...နံပါတ် ၁၀

၁၅ လဒ္ဓဂဟာဏဒေါသဒီပနီကျမ်း
(ပုံနှိပ်ပြီး) … …နံပါတ် ၁၀၀

**ပုံမနှိပ်ရသေးသောကျမ်းများ။**

၁၆ မောက်ကျိုးဆရာတော်ကြီး မေးသော
ဂါထာ၏ အတ္ထ သံဝဏ္ဏနာ အဘွင့်-
(ပါဠိရေး) … …နံပါတ် ၄
၁၇ ၆-လုံးကောက် ခတ်စာ ဆေးလက်ာ
(၇)ပုဒ် … …နံပါတ် ၁၀
၁၈ သာမဏေရ သရဏဂမနဒါနပိနိစ္ဆယ
…နံပါတ် ၁၀
၁၉ ကထိနက္ခန္ဓက ဝဇီရ ဗုဒ္ဓိ ဋီကာ ရှင်း
လင်းချက်ပိနိစ္ဆယ … …နံပါတ် ၁၅
၂၀ ဝါကျဂဏ္ဌိသာဒ ပိနိစ္ဆယ …နံပါတ် ၂၀
၂၁ ဝဏ္ဏဏ္ဍကံ့ပဒ သံဝဏ္ဏနာ ပိနိစ္ဆယ(ပါဠိ
ရေး) … …နံပါတ် ၄
၂၂ ခေတ္တဒါနပိနိစ္ဆယ …နံပါတ် ၆
၂၃ ဝိသာသဂါဟပိနိစ္ဆယ …နံပါတ် ၁၀
၂၄ စေတီယာဘိန္ဒနပိနိစ္ဆယ… …နံပါတ် ၁၃
၂၅ ဗုဒ္ဓါဒိအဂါရဝါဒိပိနိစ္ဆယ …နံပါတ် ၅၀
၂၆ သံဃိကပိဟာရသဥ္စရဏပိနိစ္ဆယ …နံပါတ် ၇
၂၇ စတုပစ္စာဝိဿဇ္ဇနာပိနိစ္ဆယ …နံပါတ် ၃၁
၂၈ ပဥ္စကပစ္စာဝိဿဇ္ဇနာပိနိစ္ဆယ …နံပါတ် ၂၉
၂၉ ရဟန်းခံ့ရှင်ပြု ဘာသန္တရပိနိစ္ဆယ …နံပါတ် ၁၈
၃၀ နဝပဥ္စာဗျာကရဏပိနိစ္ဆယ …နံပါတ် ၅၉

ဍင်းခွဲမာနတ္တာရောစနပိနိစ္ဆယ,ဥဒ္ဒိဿာဟိကမ္မပိနိစ္ဆယ,
ပါတိမောက္ခုဒ္ဒေသကပိနိစ္ဆယ, ပစ္စနီကသန္ဒပိနိစ္ဆယ,
သက္ကာယဒိဋ္ဌိသန္ဒပိနိစ္ဆယ,အနတ္တသန္ဒပိနိစ္ဆယဥပစာ,

ရသိမဝိနိစ္ဆယ, တာဝကာလိကာဒိန္နဝိနိစ္ဆယ, ကမ္မလ ဥပါဟနာရူပ္ပဝိနိစ္ဆယများပါသည်။


၃၀ ဂါမသောဇကာဝိသုံဂါမဝိနိစ္ဆယ ...နံပါတ် ၇
၃၂ ကထိနာဒိသံသလာဘနဝိနိစ္ဆယနှင့် ပဥ္စ
ကပုဏ္ဏာဝိသာဏ္ဍနာ... ...နံပါတ် ၄၇


၎င်း၌ ကထိနစီဝရံ သံဃာသာ ဒေမဝိနိစ္ဆယ, အနတ္တ တ ကထိနမာသ-အာနိသံသ လာဘန ဝိနိစ္ဆယ, ဝိမတိ ဝိကာဝါဒ-အာပတ္တိနာသနဝိနိစ္ဆယ, တေရသကဏ် ဝိကာဝါဒ-ဒေသနာဂါမိမဂ္ဂသဒိသဝိနိစ္ဆယ, သာပတ္တိ ကာဘိက္ခု-ရတိဝိနိစ္ဆယများပါသည်။


၃၃ ပတ္တနိကုဏ္ဍနပတ္တကြေဏ္ဍနကမ္မဝိနိစ္ဆယ နံပါတ် ၁၈
၃၄ ပတ္တကြေဏ္ဍနကမ္မယာစနဝိနိစ္ဆယ ...နံပါတ် ၁၈
၃၅ ဂါမပရိတ္တာဘဏနဝိနိစ္ဆယ ...နံပါတ် ၂၆
၃၆ သာမဏေရသံဃာဝိနိစ္ဆယ ...နံပါတ် ၁၆
၃၇ သံဃိကဝိဟာရသဥ္စရဏဝိနိစ္ဆယ ...နံပါတ် ၁၈
၃၈ စာတုမ္မိသာစရပ်မှ-သည်တိုင် စသည်
ယူဝိနိစ္ဆယ ... ...နံပါတ် ၆
၃၉ ကထိန္နဒါရ-အနတ္တရဏဝိနိစ္ဆယ ...နံပါတ် ၆၀
၄၀ စတုပဥ္စာဗျာကရဏဝိနိစ္ဆယ .. နံပါတ် ၅၆


၎င်း၌ ဟေတုပစ္စယ ဝိနိစ္ဆယ, ဥပနိဿယ ပစ္စယ ဝိနိစ္ဆယ, ဝဏ္ဏာရမ္မဏ ပုရေဇာတ နိဿယ ပစ္စယ ဝိနိစ္ဆယ,ဆပဉ္စာသကုသလဝိနိစ္ဆယများပါသည်။


၄၁ ဇိဏ္ဏာဝိဟာရဘိန္ဒန ဝိနိစ္ဆယ, လာဘက်
ရည် သောက် ဝိကာလ ဘောဇန
ဝိနိစ္ဆယ,အာယတဂိတဓမ္မဝိနိစ္ဆယ နံပါတ် ၆၅

## ( ဇ )    ဆရာတော်ကြီးရေးသားသောကျမ်းစာများ။


၄၂  မိစ္ဆာသတိ ဝိနိစ္ဆယနှင့် ဒုဟောတုက-
ဥဂ္ဂဟနိမိတ္တဝိနိစ္ဆယ  ...နံပါတ်  ၁၅
၄၃  ဘတ္တာဒေယျဝိနိစ္ဆယ  ...နံပါတ်  ၁၆
၄၄  ဗုဒ္ဓနဝဂုဏ-လောကီ ( ၂၄ ) ဂါထာ
နိဿယ  ...  ...နံပါတ်  ၂၅
၄၅  ယဒိဗိတ္တန္တိမံဗိတ္တံစသော လောကီ(၆)
ဂါထာ နိဿယ  ...  ...နံပါတ်  ၁၀
၄၆  ရှင်သီဝလိ(၁၀)ဂါထာ နိဿယ  ...နံပါတ်  ၈
၄၇  လောကီစမ အက္ခရာ ( ၁၅ ) ဂါထာ
နိဿယ  ...  ...နံပါတ်  ၁၄
၄၈  ခန္ဓကသုတ်ပါဠိတော်နိဿယသစ်  ...နံပါတ်  ၄၂
၄၉  အာဋာနာဋိယသုတ် ပါဠိတော် ရင်း-
နိဿယနှင့်ပရိတ်ရွတ်နည်းဝိနိစ္ဆယ-နံပါတ်  ၈၀
၅၀  ပရမတ္ထဂန္ထိရပါဠိနိဿယ-ပေရေး...၄-အင်္ဂါ
၅၁  ဗြဟ္မနိမန္တနိယသုတ် ပါဠိတော် နိဿ
ယသစ်  ...  ...နံပါတ်  ၄၁
(မစိုးရိမ် ကျောင်းဒကာကြီး ဦးကျော်-
တောင်းပန်၍ရေးသည်)။
၅၂  ဗုဒ္ဓဝင်ပါဠိတော်-ဓာတုဘာဇနီကထာ
နိဿယ  ...  ...နံပါတ်  ၂၄
(မြှုနီစီပါယ်လူကြီး ဦးစံမင်း တောင်းပန်
၍ ရေးသည်)။
၅၃  ပါရာဇိကကဏ် အဋ္ဌ ကထာ - ပဏာမ
(၁၈)ဂါထာသမ္ဗန်(၄)ပါးယောဇနာ
နည်း  ...  ...နံပါတ်  ၄၄
၅၄  သင်္ဂဟပဏာမ-အထွက် အတက် ရန်
စောဒနာ  ...  ...နံပါတ်  ၆၀
၅၅  ကပ္ပိယာကပ္ပိယနိဿဂ္ဂိယာဒိဝိနိစ္ဆယ နံပါတ်  ၆၄

(၎င်း၌ ကပ္ပိယနိဿဂ္ဂိယဝိနိစ္ဆယ,အကပ္ပိယနိဿဂ္ဂိယဝိနိစ္ဆယ,ကေစိဝါဒဝိသောဓနဝိနိစ္ဆယ,ဝတ္ထုသညာပဋိဂ္ဂဟာဏဝိနိစ္ဆယ,သမဏာပစ္စယဂဟာဋ္ဌဒါနဝိနိစ္ဆယ, ပရ ဒါတုကာမ စိတ္တဝိရ အနာဒိဓဋ္ဌာနာဓိဋ္ဌာန ဝိနိစ္ဆယ, ရတက်တေစီဝရိက ရဟန်း သူတပါး၏ သင်းပိုင်ကို ခေတ္တဝတ်အပ် မဝတ်အပ် ဝိနိစ္ဆယ, ရဟန်း ခံရာ၌ ဥပဇ္ဈာယ်မယူဘဲ ပတ္တကလ္လ ဖြစ်မဖြစ် ဝိနိစ္ဆယ,ဥတ္တိ ဒုရုတ္တဝစနဝိနိစ္ဆယများပါသည်)။
၅၆ မတာသင်္ဃကဒုဠိနှာဒိဝိနိစ္ဆယ ...နံပါတ် ၂၃

(၎င်း၌ မတာသင်္ဃကဒုဠိနှဝိနိစ္ဆယ, ဂိဝါဝိနိစ္ဆယ, ဠိနှဝတ္ထုသာဓိဝိနိစ္ဆယများပါသည်)။
၅၇ ပရမတ္ထဂဏ္ဌိရဝိနိစ္ဆယ ...နံပါတ် ၈၃

(၎င်း၌ မေးလျှောက်ပုစ္ဆာ(၄)။အဖြေမာတိကာစဉ်(၃၀)ပါသည်)။
၅၈ တရားစွဲ-ဘဏ္ဍာဒေယျာဒိဝိနိစ္ဆယ ...နံပါတ် ၅၀

(၎င်း၌ တရားစွဲ-ထုလ္လစ္စယာပတ္တိဝိနိစ္ဆယ, ဘဏ္ဍာဒေယျ ဂိဝါသဒ္ဒါဝစနတ္ထ,ဘဏ္ဍာဒေယျ ဂိဝါဝိသေသဝိနိစ္ဆယ, ဘဏ္ဍာဒေယျဂိဝါ ဖြစ်လျှင် တောင်းမှပေးရမည်၊ မတောင်းဘဲ ပေးရမည်ဟူသော ဝိနိစ္ဆယများပါသည်)။

၅၉ ဥပါဟနာရုဋ္ဌာဒိဝိနိစ္ဆယ ...နံပါတ် ၂၂
၆၀ သိလရှင်ပဗ္ဗဇ္ဇဝိနိစ္ဆယနှင့်အရညဝိဟာရဝိနိစ္ဆယ ... ...နံပါတ် ၂၀
၆၁ အရညရတက်နာသနဂါမဝိနိစ္ဆယ ...နံပါတ် ၂၀
၆၂ ပရမတ္ထလက္ခဏာ သဘာဝ ဝိသေသာ ဝိသေသဝိနိစ္ဆယ ... ...နံပါတ် ၈၀

 ဆရာတော်ကြီးရေးသားသောကျမ်းစာများ။

၆၃ ဘာဏ္ဍာဝိနာသ ကတ ဝိနိစ္ဆယနှင့် ဝဋ္ဋန
ဇုတ္တော်ဝါဒက ဝတ္ထု ဝိသေသ ဝိနိစ္ဆ
ယ ... ...နံပါတ် ၂၁
၆၄ ပုဏ္ဏမာဝိနိစ္ဆယ ... ...နံပါတ် ၁၅
၆၅ ဂန္ဓကုဋိသဠရဏာဒိဝိနိစ္ဆယ ...နံပါတ် ၁၃
၆၆ ပတ္တကလ္လာဒိဝိနိစ္ဆယ ... ...နံပါတ် ၃၀

(၎င်း၌ ပတ္တကလ္လဝိနိစ္ဆယ, ဂါမဘောဇကဝိနိစ္ဆယ, လောဟာရဇ္ဇုဝိနိစ္ဆယ, ဝိဟာရဘိန္ဒနဂ္ဂါဟ ဝိနိစ္ဆယ, အဝဟာရဏာဒါနပဋိဂ္ဂဟာဝိနိစ္ဆယ, တိရစ္ဆာနပေါသန ဝိနိစ္ဆယ, အနေကဝတ္ထု အဝဟာရ ဝိနိစ္ဆယ များ ပါသည်)။

၆၇ သုဝဏ္ဏာဒိဒါမ လေပန ဝိနိစ္ဆယနှင့် သု
ဝဏ္ဏစ္ဆာဒကပဋိမဂ္ဂဟဏာဝိနိစ္ဆယ...နံပါတ် ၁၅
၆၈ တိသဏ္ဌာနပလ္လင်္ကဝိနိစ္ဆယ ...နံပါတ် ၁၀
၆၉ ဆတ္တပဥ္စာဝိသဇ္ဇနာဝိနိစ္ဆယ ...နံပါတ် ၄၇

(၎င်း၌ ဒုဟောတုကပုဂ္ဂလစိတ်ရဝိနိစ္ဆယ,သမာမိဇလ ဝိနိစ္ဆယ, ဆေးထိုးနှံ့ခြင်း-အာပတ္တာနာပတ္တိဝိနိစ္ဆယ, ဝိသုံဂါမ သိမသမ္မုဟာနဝိနိစ္ဆယ, သိမဏ္ဍရိကဝိနိစ္ဆယ, လောဟာရဇ္ဇုထမ္ဘဝိနိစ္ဆယများပါသည်)။

၇၀ နဝပဉ္စာဝိသဇ္ဇနာ ... ...နံပါတ် ၂၀
၇၁ သိမသမ္မုဟာနဝိနိစ္ဆယ ... ...နံပါတ် ၂၅
၇၂ သာသနာသုံးပါးဝစနတ္ထအရကောက်၊
သာသနဒါယာဒသဒ္ဒါ, ဒါယဇ္ဇသဒ္ဒါ,
ပစ္စယဒါယကသဒ္ဒါ,သာသနဒါယက
သဒ္ဒါ, အနုဂ္ဂဟ သဒ္ဒါတို့၏ ဝစနတ္ထ
အရကောက် ... ...နံပါတ် ၂၂

၁၃ ဘိက္ခုနီပိနိစ္ဆယ ... ...နံပါတ် ၂၀

၁၄ ဗုဒ္ဓဝံသဌကထာပါဠိ ယုတ္တာယုတ္တပိနိစ္ဆ
ယ ... ...နံပါတ် ၃၅

၁၅ ပဝါရဏာပြု-ပါဠိပဒပိနိစ္ဆယ _ ...နံပါတ် ၄
၁၆ ဗုဒ္ဓသန္တကဘုဥ္ဇနာရဟာပိနိစ္ဆယ ...နံပါတ်

၁၇ ကေဘိက္ခုဝဿုပနာယိကကထိနတ္ထာ
ရပိနိစ္ဆယ ... ...နံပါတ် ၁၆

၁၈ မတသန္တကကုဂ္ဂုစ္စပိနိစ္ဆယ ...နံပါတ် ၁၅
၁၉ ထေရပိနိစ္ဆယ ... ...နံပါတ် ၁

၂၀ ဥပသမ္ပဒကမ္မဝါစာ နိဿယနှင့် သုံးမ
ခဏ်း၊ကမ္မဝါစာရွတ်ဘတ်နည်းပိနိစ္ဆ
ယ ... ...နံပါတ်

၂၁ ပရဘာဂပဋိဂ္ဂဟဏာဘုဥ္ဇနပိနိစ္ဆယ ...နံပါတ် ၁၄
၂၂ မတသန္တကဒိန္နပိနိစ္ဆယ ...နံပါတ် ၈
၂၃ သာမဏေရပဗ္ဗဇ္ဇာဒိပိနိစ္ဆယ ...နံပါတ် ၅၃

ဎင်း၌ သာမဏေဖြစ်မဖြစ်ပိနိစ္ဆယ,စီဝရအဓိဋ္ဌာနိဝါ
သနပိနိစ္ဆယ,သရဏာဒါနဥဘတောသုဒ္ဓိပိနိစ္ဆယ,သရ
ဏာဒါနနယပိနိစ္ဆယ,ဗျဥ္ဇနဗုဒ္ဓိဆယ်ပါးနှင့်နိဂ္ဂဟိတန္တ
သရဏာဂုံပေးနည်းပိနိစ္ဆယ,မကာရန္တ သရဏာဂုံပေး
နည်း ပိနိစ္ဆယ, သာမဏေရ ဥပဇ္ဈာစရိယ ပိနိစ္ဆယ,
ဂိဟိလိင်္ဂနဥပသမ္ပဒ ပိနိစ္ဆယ,သာမဏေရ ဥပသမ္ပဒ
ပိနိစ္ဆယများပါသည်။

၂၄ ပလ္လက်နိသီဒနဗုဒ္ဓဗိမ္ဗပိနိစ္ဆယနှင့် မကု
ဋာလက်ာရဗုဒ္ဓဗိမ္ဗပိနိစ္ဆယ ...နံပါတ် ၂၂

## ဆရာတော်ကြီးရေးသားသောကျမ်းစာများ၊


၈၅ ဘုရားစနစ်ဝိနိစ္ဆယ ... ...နံပါတ် ၇

၈၆ ပုထုဇ္ဇနရူပဝိဇာနနဝိနိစ္ဆယ ...နံပါတ် ၂၅

၈၇ သင်္ချေပ ကထိနုဒ္ဒါရ အနုဿရဏဝိနိစ္ဆ
ယနှင့် ဝိသုံဂါမကမ္မကရဏဝိနိစ္ဆယ နံပါတ် ၆

၈၈ သိဟဠဒဏ္ဍိကမ္မဝိနိစ္ဆယနှင့် ယုတ္တာယုတ္တ
ဝိသောဓနဝိနိစ္ဆယ(ပါဠိရေး) ...နံပါတ် ၈

၈၉ ဘန္တေ အာဟာရဟတ္ထန္တိ ဝေံ ဝဒန္တော
ဝိယတြဏတောတိအာဟာရဟတ္ထော
ဟူသော ဝိနည်းမဟာဝါ အဋ္ဌကထာ
၏သံဝဏ္ဏနာဝိနိစ္ဆယ ...နံပါတ် ၉

၉၀ သန္နိတဝိဟာရေပန ဖလာဖလံ၀ယျ
စိတ္တေန ပရိဘုဉ္ဇတော ပါရာဇိကံ-ဟူ
သောပါရာဇိကဏ်အဋ္ဌကထာ၌“ပါ
ရာဇိကံ”ဟူသောပုဒ်၏ရှေ့၌‘န’အကျ
ရာ ပါသင့် မပါသင့် ဝိနိစ္ဆယ ...နံပါတ်

၉၁ နတ်သက်,ငရဲသက်ရေတွက်ပုံနှင့် နတ်
ပြည့်,ငရဲပြည်၌နေ,လရှိ,မရှိဝိနိစ္ဆယ နံပါတ် ၁၂

၉၂ တန်ဆောင်းပျက်သင့်,မပျက်သင့် ဝိနိစ္ဆ
ယ ... ...နံပါတ် ၇

၉၃ ဒုတိယဝါကပ်သောကျောင်း၌ ကထိန်
ခင်းထိုက်,မခင်းထိုက်ဝိနိစ္ဆယ ...နံပါတ် ၆

၉၄ မြစ်သား-ဒုတိယပါရာဇိကမှုဝိနိစ္ဆယ နံပါတ် ၆

၉၅ အနိက္ခိတ္တဝတ္တဝိဟာရနှင့်ဦးနေဂဏမာ
နတ္တစာရဝိနိစ္ဆယ ... ...နံပါတ် ၁၄

၉၆ အာလံ-ဘဏ္ဍာဒေယျမှုပိနိဿယ ...နံပါတ် ၈
၉၇ မိုးကောင်း-ဘဏ္ဍာဒေယျမှုပိနိဿယ ...နံပါတ် ၁၂
၉၈ မကွေး-ပဥ္စမပါရာဇိကမှုပိနိဿယ ...နံပါတ် ၈
၉၉ ပုသိမ်-ပဥ္စမပါရာဇိကမှုပိနိဿယ ...နံပါတ် ၈
၁၀၀ ပျော်ဘွယ်-ပဥ္စမပါရာဇိကမှုပိနိဿယ နံပါတ် ၁၂
၁၀၁ ရန်ကုန်-ပိဋကတ်တိုက်၊ ကမ္ပည်းကျောက်စာမော်ကွန်း
၁၀၂ ဟသ်ာတ-သိမ်ကျောက်စာမော်ကွန်း
၁၀၃ ရခိုင်ချောင်-သိမ်ကမ္ပည်း ကျောက်စာမော်ကွန်း
၁၀၄ မအူပင်-ဘုရား ဂန္ဓကုဋိတိုက် ကမ္ပည်း ကျောက်စာ မော်ကွန်း
၁၀၅ ငါးသူတိုက်-သိမ်ကမ္ပည်းကျောက်စာမော်ကွန်း
၁၀၆ ကော့ကရိတ်-သိမ်ကမ္ပည်းကျောက်စာမော်ကွန်း
၁၀၇ ရွှေယင်ဆိုင်း-ဘုရားတိုက်ကမ္ပည်းကျောက်စာမော်ကွန်း
၁၀၈ မလှိုင်-သိမ်ကမ္ပည်းကျောက်စာမော်ကွန်း
၁၀၉ တောမ-စေတီဘုရား ကမ္ပည်းကျောက်စာမော်ကွန်း
၁၁၀ ညောင်လေးပင်-ကျောင်းတိုက် ကမ္ပည်းကျောက်စာ မော်ကွန်း
၁၁၁ စစ်ကိုင်း-သိမ်ကမ္ပည်းကျောက်စာမော်ကွန်း
၁၁၂ ရှင်းပြင်-သြဘာစာအမျိုးမျိုးရှိသည်။
၁၁၃ ပိဋကတ်ရတု-ဆုတောင်းလင်္ကာ များစွာရှိသည်။

မူ—နံပါတ် တသောင်းကျော်-တွေ့သည်ကိုသာ ရေးထည့်ပါသည်။

ဦးလက္ခဏ၊
တိုက်အုပ်ဘုန်းကြီး။
၁၃၀၃-ခု၊ နတ်တော်လဆန်း(၈)ရက်။

C

# လဉ္ဆုဂဟာဏာဓဒေါသဓိပနိကျမ်း။

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

## (၁) လဉ္ဆုဂဟာဏာကဏ္ဍ
## (၁) ပဏာမကိုပြခြင်း။

ဗုဒ္ဓေါ,ဓမ္မော,သံဃော,ဓေယျုံ။ ။ယာဝတာဂါထာ။

ဗုဒ္ဓေါ၊မြတ်စွာဘုရားသည်၎င်း။ ဓမ္မော၊ တရားတော်သည်၎င်း။ သံဃော၊ သံဃာတော်သည်၎င်း။ မေ၊ ငါ့အား။ ဓေယျုံ၊ အောင်ဆုမင်္ဂလာကို"ဒေတု၊ပေးတော်မူပါစေသတည်း။

\+ + + +

## (၂) ပဋိညာဉ်ကိုပြခြင်း။

ပညာရေး၌ာနအစိုးရမင်းတို့၏မေးလျှောက်ချက်၌ တံဆိုးစားခြင်း, ဆန္ဒာဂတိ စသည် လိုက်စားခြင်းတို့၏ အပြစ်သည် မည်သည့် ကျမ်းစာအုပ်, မည်သည့် နံပါတ်၌ ပါရှိကြောင်းကို ညွှန်းပြပါဟု-သာမည်သာပါရှိ၏"သို့သော်လည်း မှတ်ယူလွယ်စိမ့်သော၄ါမှုလဘုရားဟောတော်မူရင်းပါဠိတော်,အဋ္ဌကထာ, ဋီကာတို့ကို သာဓကပါဠိထုတ်ပြ၍ အနက်အဓိပ္ပါယ် အကျဉ်းနှင့်တကွ ဝတ္ထုသက်သေများပါ သခ်ေပအားဖြင့်ရေးသားဖြေဆိုပေအံ့။

\+ + + +

## (၃) တံဆိုးစားခြင်းအနက်ဟော ဥက္ကောဋနသဒ္ဒါကိုပြခြင်း။

ဥက္ကောဋန ဝဥ္စန နိကတိ သာဝိယောဂါ ပဋိဝိရတော သမဏော ဂေါတမော။ ။သီလက္ခန်ပါဠိတော်၊

ဗြဟ္မဇာလသုတ်-စူဠသီလ။ ၁၉၁၃ ခုနှစ်ရိုက်၊ ဟံသာဝတီစာအုပ်၊နံ့ပါတ်(၅)။

**မှတ်ချက်။** ။မူလပဏ္ဏာသပါဠိတော်၊ စူဠဟတ္ထိပဒေါပမသုတ်,မဟာတဏှာသင်္ခယသုတ်၊ စတုက္ကနိပါတ်၊အင်္ဂုတ္တရပါဠိတော်-မဟာဝဂ်၌လည်း ဟောတော်မူ၏။

အနက်ကား။ ။ဂေါတမော၊ ဂေါတမအနွယ် ဖြစ်တော်မူသော။ သမဏော၊ ရဟန်းသည်။ ဝါ၊ရဟန်းဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဥက္ကောဋန ဝဉ္စန နိကတိ သာစိယောဂါ၊ တံစိုးစားခြင်းတည်းဟူသော ကောက်ကျစ်သောအမှုနှင့်ယှဉ်ခြင်း,ဥပါယ်တံမျဉ်တို့ဖြင့် လှည့်ပတ်ခြင်းတည်းဟူသော ကောက်ကျစ်သောအမှုနှင့်ယှဉ်ခြင်း,အတုပြု၍ လှည့်ပတ်ခြင်းတည်းဟူသော ကောက်ကျစ်သော အမှုနှင့် ယှဉ်ခြင်းမှ။ ပဋိဝိရတော၊ ကြဉ်တော်မူ၏။ ။ဤကားပါဠိတော်အနက်တည်း။

၎င်းပါဠိတော်၏ အဖွင့်ဖြစ်သော သီလက္ခန် အဋ္ဌကထာ၌။ ။ဥက္ကောဋနာဒီသု ဥက္ကောဋနန္တိ အဿာမိကေ သာမိကေ ကာတုံ လဒ္ဓဂဟဏံ၊ ။ဟု ဖွင့်ပြ၏။၁၉၁၂ခုနှစ်ရိုက်၊ဇမ္ဗူမိတ်ဆွေစာအုပ်နံ့ပါတ်(၆၈)မှာကြည့်။

**မှတ်ချက်။** ။မူလပဏ္ဏာသအဋ္ဌကထာ-စူဠဟတ္ထိပဒေါပမသုတ်အဖွင့်၊ ပြည်ကြီးမဏ္ဍိုင် စာအုပ်နံ့ပါတ် (၁၀၄-၁၀၅)၌၎င်း။ ။ကဝိချက်မှန်တိုက်ရိုက်၊စတုက္ကနိပါတ်-အင်္ဂုတ္တရအဋ္ဌကထာ-မဟာဝဂ် အဖွင့်၊ စာအုပ်နံ့ပါတ်(၃၇၂)၌၎င်း၊ ယင်းအတူပင်ဖွင့်ပြ၏။

အနက်ကား။ ။ဥက္ကောဋနာဒီသု၊ ဥက္ကောဋန အစရှိသည်တို့တွင်။ ဥက္ကောဋနန္တိ၊ဥက္ကောဋနံဟူသည်ကား။အဿာမိကေ၊ ဥစ္စာရှင်မဟုတ်သောသူတို့ကို။ သာမိကေ၊ဥစ္စာရှင်တို့ကို။ ကာ

တုံ၊ ပြုခြင်း၌။ လဋ္ဌဂဟဏံ၊ တံဆိုး လက်ဆောင်ကို ယူခြင်း တည်း။ဝါ၊တံဆိုးလက်ဆောင်ကိုယူခြင်းသည်။ ဥက္ကောဋနန္တိ- ဥက္ကောဋနံနာမ၊ဥက္ကောဋနမည်၏။ ။ဤကားအနက်။

မှတ်ချက်။ ။ဤ အထက်ပါ ပါဠိတော်,အဋ္ဌကထာဖြင့် ဥက္ကောဋန-ဟူသည် တံဆိုးလက်ဆောင်ယူခြင်းတည်း။ ထိုတံဆိုး လက်ဆောင်ယူခြင်းမှ မြတ်စွာဘုရားသည်သာလျှင် ကြဉ်ရှောင်တော်မူသည်မဟုတ်၊ မြတ်စွာဘုရား၏ တပည့်သာဝက ရဟန်းတော်များမှ စ၍ အလုံးစုံကုန်သော သတ္တဝါတို့သည်လည်း ခပ်သိမ်းကုန်သောအမှုကိစ္စအရာဌာနတို့၌ တံဆိုးလက်ဆောင်ယူခြင်းမှ အမြဲကြဉ်ရှောင်အပ်သည်၏အဖြစ်ကိုပြတော်မူ၏ဟု မှတ်အပ်၏။ ။ထို့ကြောင့် မူလ ပဏ္ဏာသ စူဠ ဟတ္ထိ ပဒေါပမ သုတ်၌။ ။သော ဧဝံ ပဗ္ဗဇိတော ဥက္ကောဋန ဝဉ္စန နိကတိ သာဝိယောဂါ ပဋိဝိရတော ဟောတိ။ ။ဟု ဟော တော်မူ၏။

\+ + + +

## (၄) ဥက္ကောဋနသဒ္ဒါ၏ ဝစနတ္ထကိုပြခြင်း။

ကတ္တဗ္ဗကမ္မတော ဥဒ္ဓံ ကောဋနံ ပဋိဟာနနံ ဥက္ကော ဋနံ၊အဘူတကာရီနံ လဋ္ဌဂဟဏံ။ ။သီလက္ခန် ဋီကာ သစ်၊ပဌမအုပ်၊နံပါတ်(၃၄၀)။ ၁၉၁၂ ခုနှစ်ရိုက်၊ဇမ္ဗူ့ မိတ်ဆွေစာအုပ်မှာကြည့်။

အနက်ကား။ ။ကတ္တဗ္ဗကမ္မတော၊ ပြုအပ်,ပြုသင့်,ပြုထိုက် သော တရားစီရင်ခြင်းအစရှိသောအမှုမှ၊ဥဒ္ဓံ၊အထက်၌။ ကော ဋနံ ပဋိဟာနနံ၊တံဆိုးယူခြင်းဖြင့် နှိပ်စက်ခြင်းတည်း။ ဥက္ကောဋ နံ၊ပြုအပ်,ပြုသင့်,ပြုထိုက်သောတရားစီရင်ခြင်းအမှုမှ အထက် ၌ တံဆိုးယူခြင်းဖြင့်နှိပ်စက်ခြင်း။ အဘူတကာရီနံ၊မဟုတ်မမှန် တရားစီရင်ခြင်း စသည်ကို ပြုလေ့ရှိကုန်သော သူတို့၏။ လဋ္ဌ

ဂဟဏံ၊တံစိုးလာဘ်ယူခြင်းကို၊ လဒ္ဓတိ၊ရအပ်၏။ ။ဤကား အနက်။

**မှတ်ချက်။** ။ဤဋီကာပြသော ဝစနတ္ထကား၊ဘာဝသာဓန ဥပပဒ ကူဋခေတ်၊ ယုပစ္စည်း။ ကူဋ ပဋိဟာနနေ-ဟု ဓာတ်နက်ကြား။ ။အဓိပ္ပါယ်ကား၊တရားဆုံးဖြတ်ခြင်းစသောအမှုကိစ္စတို့ကိုပြုသောအခါတို့၌ တံစိုးလာဘ်ကိုယူ၍ ဥစ္စာရှင်မဟုတ်သောသူတို့ကို ဥစ္စာရှင်၊ ဥစ္စာရှင်ဟုတ်သောသူတို့ကို ဥစ္စာရှင်မဟုတ်ဟုပြုသောအားဖြင့်၎င်း၊ရာထူးမခန့်ထားထိုက်သောသူကို ရာထူးခန့်ထားခြင်းအားဖြင့်၎င်း၊ မဟုတ်မမှန် ပြုလေ့ရှိကုန်သောသူတို့၏တံစိုးလာဘ်ကိုယူခြင်းသည် ဥက္ကောဋနမည်၏-ဟူလို။

\+ + + +

## (၅) လဉ္စသဒ္ဒါ၏ ဝစနတ္ထကိုပြခြင်း။

လဉ္စတိ ပကာသေတိ ဧတေနာတိ လဉ္စံ။ ။ကရဏသာဓန၊လဇိဓာတ်-အပစ္စည်း။

အနက်ကား။ ။ဧတေနဧနေန၊ထိုတံစိုးပေးသောဥစ္စာဖြင့်။ ဒဗ္ဗံ၊ တံစိုးပေးသောသူ၏ဒြပ်ကို။ လဉ္စတိ-ပကာသေတိ၊ ထင်ရှားအောင်ပြတတ်၏။ ဇာတိတသဒ္ဒါ၊ထိုသို့တံစိုးပေးသောသူ၏ဒြပ်ကိုထင်ရှားပြကြောင်းဖြစ်သောသတ္တိကြောင့်။ တံခနံ၊ထိုတံစိုးပေးသော ဥစ္စာသည်။ လဉ္စံ၊သဉ္စမည်၏။ ။တနည်း။ ။ဧတေနဧနေန၊ထိုတံစိုးပေးသောဥစ္စာဖြင့်။ အဘူတဉ္စ၊ မဟုတ်မမှန်သော တရားကို။ ထည့်။ ။တနည်း။ အဘူတ ဝိနိစ္ဆယံ၊ မဟုတ်မမှန်သော တရားဆုံးဖြတ်ခြင်းကို။ ထည့်။ ။လဉ္စတိ-ပကာသေတိ၊ ထင်ရှားပြတတ်၏။ ဇာတိတသဒ္ဒါ၊ ထိုသို့ မဟုတ်မမှန်သောတရားဆုံးဖြတ်ခြင်းကို ထင်ရှားပြကြောင်းဖြစ်သောသတ္တိကြောင့်။ တံခနံ၊ထိုတံစိုးပေးသောဥစ္စာသည်။လဉ္စံ၊လဉ္စမည်၏။ ။တံစိုးလာဘ်ပေးသောဥစ္စာကိုရ၏။

အဓိပ္ပါယ်ကား။ ။တံဆိုးလာဘ်ပေးသောဥစ္စာဖြင့်တံဆိုး လာဘ်ပေးသောသူသည် မထင်မရှား မျက်နှာကြီးသူ မဟုတ် ပြားသော်လည်း တရားသူကြီး၏အထံ၌ မိမိကိုယ်ခြင်ကို ထင် ရှားပြတတ်သောကြောင့်ရင်း။ ။တံဆိုးလာဘ်ရသော တရား သူကြီးအားမဟုတ်မမှန်သောတရားကိုဆုံ ဖြတ်၍ပေးပါဟုမဆို သော်လည်း ဆိုဘိသကဲ့သို့၊ မဟုတ်မမှန်သောတရားကို ထင် ရှားပြတတ်သောကြောင့်ရင်း၊ တံဆိုးပေးသောဥစ္စာသည် လဍ္ဍ မည်၏ဟု-မှတ်အပ်၏။

**မှတ်ချက်။** ။တံဆိုး ယူခြင်းသည် မကောင်းဆိုးဝါးသော အကုသိုလ်အရာဌာနဖြစ်သောကြောင့် ဆအက္ခရာနှင့်"တံဆိုး" ဟု ရေးသင့်၏။ ရှေးစာဟောင်းများ၌လည်း ဆအက္ခရာနှင့်"တံ ဆိုး"ဟုရှိ၏။ ။ယခုကာလ၌ စအက္ခရာနှင့် တံစိုးဟု ရေးသား ကြ၏။ရှေးစာဟောင်းများနှင့်မညီဟုမှတ်အပ်၏။

\+ + + +

## (ဓ) တံဆိုးယူခြင်းသည် အဒိန္နာဒါန် မည်ကြောင်းကိုပြခြင်း။

သီလက္ခန်-စသောပါဠိတော်များ၌။ ။တုလာကူဋ ကံသ ကူဋ မာနကူဋာ ပဋိဝိရတော သမဏော ဂေါတမော။ ။ဟူ ၍ ဟောတော်မူအပ်သော ချိန်စဉ်းလဲ,အသပြာစဉ်းလဲ၊ ဝါ-ရွှေ ခွက်စဉ်းလဲ, တင်းတောင်းစဉ်းလဲခြင်းကိုပြ၍ ခိုးယူသော ဝဉ္စန ခိုးခြင်းမှ နောက်၌ဆက်၍ တံဆိုးယူခြင်း-ဥက္ကောဋနကို ဟော တော်မူသောကြောင့်ရင်း။ ။ဝဉ္စန ခိုးခြင်း, နိကတိ ခိုးခြင်း၏ ရှေ့၌ တံဆိုးယူခြင်း-ဥက္ကောဋနကို ဟောတော်မူသောကြောင့် ရင်း။ ။စန္ဒကုမာရဇာတ်-အဋ္ဌကထာ၌။ ။သာဓိ ခဏ္ဍဟာ လော ဝိနိစ္ဆယေ ဝိလောပံ ခါဒတိ။ ။ဟူ၍ တံဆိုးစားခြင်းကို လုယက်ခြင်းအနက်ကိုဟောသော"ဝိလောပ"သဒ္ဒါနှင့် ပြသော ကြောင့်ရင်း။ ။ဒုကနိပါတ်-ဓမ္မဓဇဇာတ် အဋ္ဌကထာ၌။ ။

တင်္ခဏညေဝအမစ္စာဗြာဟ္မဏဂဟပတိကာဒယော ဥဋ္ဌဟိတွာ ဟာရေ လဒ္ဓခါဒကဒုဋ္ဌစောရ တွံ လဒ္ဓံ အလဘိတွာ။ ။စသည် ဖြင့် ဟာရေလဒ္ဓခါဒကဒုဋ္ဌစောရ-ဟူ၍ ခိုးသူဟော"ဒုဋ္ဌစောရ" သဒ္ဒါဖြင့်လာသောကြောင့်ဇင်း။ ။ပရပရိဂ္ဂဟိတံ၊ပရပရိဂ္ဂဟိ တသညိတာ၊ လဒ္ဓဂဟဏစိတ္တံ၊ ဥပက္ကမော၊ တေန လဒ္ဓဂဟ ဏံ။ ။ဟူသော အဒိန္နာဒါန် ကမ္မပထအင်္ဂါ ငါးပါးဖြစ်သင့် သောကြောင့်ဇင်း။ ။တံခိုးယူခြင်း,စားခြင်းသည်အဒိန္နာဒါန် အထူးပင်တည်းဟု ရချမှတ်ယူအပ်၏။

ထို့ကြောင့် စတုကနိပါတ်-အင်္ဂုတ္တရ ဋီကာ၌။ ။
ဧဝံ ပရဿ ဟာရဏဘာဝတော အဒိန္နာဒါနဘာဝသာ မညော သတိပိ တုလကူဋာဒယော အဒိန္နာဒါနဝိသေသ ဘာဝဒဿနတ္ထံ ဝုတ္တာ။ ။ဟု ပြတော်မူ၏။ ၁၉၁၀ ခု နှစ်ရိုက်၊ ကဝိမျက်မှန်စာအုပ်၊ နံပါတ်(၁၄၁)မှာကြည့်။ သီလက္ခန်ဋီကာဟောင်း,ဋီကာသစ်တို့၌လည်းဇင်းနည်း တူလာ၏။

အနက်ကား။ ။ဧဝံ၊ဤအတူ။ ပရဿ၊သူတပါး၏ဥစ္စာကို။ ဟာရဏဘာဝတော၊ဆောင်ယူသည့်၏အဖြစ်ကြောင့်။ အဒိန္နာ ဒါနဘာဝသာမညော၊ အဒိန္နာဒါန်၏အဖြစ်သာမညသည်။ သတိ ပိ၊ရှိသော်လည်း။ ဝါ၊ဖြစ်သော်လည်း။ တုလကူဋာဒယော၊ချိန် စဉ်းလဲအစရှိသည်တို့ကို။ အဒိန္နာဒါနဝိသေသဘာဝဒဿနတ္ထံ၊ အဒိန္နာဒါန် အထူး၏ အဖြစ်ကို ပြတော်မူခြင်းငှါ။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော် မူအပ်ကုန်၏။ ။ဤ ကားအနက်။

**မှတ်ချက်။** ။တုလကူဋာဒယော-ဟူသောပုဒ်၌ အာဒိသဒ္ဒါ ၏ အာဒိဝန်ကို ကံသကူဋ,မာနကူဋ,ဥက္ကောဋန,ဝဉ္စန,နိကတိ- စသည်ကိုယူအပ်၏။

\+ + + +

## (၇) တံဆိုးစားခြင်း၏ အဒိန္နာဒါန်ဖြစ်ကြောင်းကို စောဒနာဖြင့်ပြခြင်း။

တံဆိုးယူခြင်း,စားခြင်းသည် ဥစ္စာရှင်က ပေးသည်ကို ယူသောကြောင့်အဒိန္နာဒါန်မဖြစ်သင့်သည်မဟုတ်လောဟုစောဒနာခဲ့မူ။ ။တရုံတရာတရားမှုစသည်တို့ကြောင့်အမှုအောင်နိုင်ရန်တံဆိုးလက်ဆောင်ပေးကမ်းလာသည်ရှိသော် မယူရ။ပေးကမ်းလာသူကိုဘမ်းဆီးရမည်ဟုတရားဓမ္မသတ်ဥပဒေရှိသည်အားလျော်စွာ လက်ခံခြင်း, ဘမ်းဆီးခြင်းအမှုကိုမပြုဘဲ ဝဋ္ဋနသဘောဖြင့် လျို့ဝှက်၍ သက်ခံ သိမ်းယူထားခြင်းကြောင့် ရွှေစစ်မဟုတ်သောရွှေခွက်တုကို ရွှေစစ်လုပ်၍ရောင်းသောဝတ္ထု၌ ဝယ်ယူသူကပေးသော်လည်း လှည့်ပတ်ခြင်းဝဋ္ဋနသဘောပါရှိသောကြောင့်အဒိန္နာဒါန်ဖြစ်သကဲ့သို့ရင်း။ ။သမင်နှစ်ကောင်ကိုဝယ်သောဝတ္ထု၌ သမင်ရှင်မှဆိုးကပေးသော်လည်း လှည့်ပတ်ခြင်း ဝဋ္ဋနသဘောပါရှိသောကြောင့် အဒိန္နာဒါန်ဖြစ်သကဲ့သို့ရင်း။ ။ခိုးခြင်းအဒိန္နာဒါန်ဖြစ်၏ဟုရချသန္နိဋ္ဌာန်ကျဖြေဆိုအပ်၏။

**မှတ်ချက်။** ။ရွှေခွက်တုရောင်းသောဝတ္ထု,သမင်နှစ်ကောင်ဝယ်သောဝတ္ထုတို့ကိုအထက်ကဘော်ပြရာပါသုတ်သိလက္ခန်အဋ္ဌကထာ-စသည်တို့၌ ညွှန်းပြ၍ ထားသော စာအုပ်နံပါတ်၌ ပင်လျှင်ကြည့်ရှု၍မှတ်ယူအပ်၏။ ။(ဝိတ္ထာရဖြစ်မည်ကြောင့် မရေးသတည်း)။

\+ + + +

## (၈) လဒ္ဓဂ္ဂဟာဏ၏အင်္ဂါကိုပြခြင်း။

၁-ပရပရိဂ္ဂဟိတံ၊သူတပါးသိမ်းဆည်းထားသောဥစ္စာဖြစ်ခြင်း။ ၂-ပရပရိဂ္ဂဟိတသညိတာ၊ သူတပါးသိမ်းဆည်းသောဥစ္စာဟုအမှတ်ရှိခြင်း၊ ၃-လဒ္ဓဂဟာဏစိတ္တံ၊ တံဆိုးယူလိုသောစိတ်ရှိခြင်း၊ ၄-ဥပက္ကမော၊လုံ့လပြုခြင်း။ ၅-တေနလဒ္ဓဂ္ဂဟာဏံ၊

ထိုလုံ့လပယောဂဖြင့်တံဆိုးကိုယူခြင်း။ ။ဤအင်္ဂါငါးပါးနှင့် ပြည့်စုံလျှင်တံဆိုးယူခြင်းကမ္မပထမြောက်၏ဟုမှတ်အပ်၏။

**မှတ်ချက်။** ။ဤအင်္ဂါငါးပါးတို့တွင် ဥပက္ကမ-ဟူသော လုံ့လပြုခြင်းအင်္ဂါကို တရားရုံးဟန်ပြောဆိုသောနိမိတ်ပရိယာယ် ပြုခြင်း-စသည်ကိုယူအပ်၏။

\+ \+ \+ \+

## (၉) တံဆိုးစားသော အဋ္ဌဘာဂရိတ ပေတဝတ္ထုကိုပြခြင်း။

ရာဇဂြိုဟ်ပြည်၌ တံဆိုးစား၍တရားဆုံးဖြတ်သော အမတ်ကြီးသည် ဖုံးကွယ်ရာအရပ်၌ တံဆိုးလာဘ်ကိုယူ၍ ဥစ္စာရှင်ဟုတ်သောသူကို ဥစ္စာရှင်မဟုတ်သည်ကိုပြု၏။ဥစ္စာရှင်မဟုတ်သောသူကို ဥစ္စာရှင်ဟုတရားဆုံးဖြတ်ခြင်းကိုပြု၏။ ဥစ္စာဒဏ်,ထောင်ဒဏ်-စသောအပြစ်ကိုထားရာ၌လည်းခထမ်းမဆောင်နိုင်။ ကြီးလေးသောဥစ္စာဒဏ်,ထောင်ဒဏ်-စသည်ကိုထား၏။ စုတိပြတ်ကြွေ၍သေလွန်သည်ရှိသော် တံဆိုးစား၍ မမှန်မကန်တရားစီရင်သောမကောင်းမှုကံကြောင့်များစွာသောနှစ်တို့ပတ်လုံး၊ များစွာကုန်သော နှစ်အရာတို့ပတ်လုံး၊ များစွာကုန်သောနှစ်အထောင်တို့ကာလပတ်လုံး၊များစွာကုန်သောနှစ်အသိန်းတို့ကာလပတ်လုံး၊ငရဲ၌ကျက်ရခံရ၏။ ထိုငရဲမှ လွတ်ပြန်ခဲ့သော်ထိုတံဆိုးစား၍ မဟုတ်မမှန် တရားဆုံးဖြတ်သောမကောင်းမှုကံ၏အကျိုးကြွင်းအားဖြင့် ဂိဇ္ဈကုဋ်တောင်၌ ပကတိသဘောအတိုင်းမသယ်မပိုးနိုင်သော အိုးစရည်းပမာဏ ကြီးသောဝှေးစေ့ရှိသော ပြိတ္တာဖြစ်ရပြန်သေး၏။ထိုပြိတ္တာသည် ထိုင်သောအခါ,ထိုဝှေးစေ့ကြီးကို ဘိ၍ထိုင်ရ၏၊ သွားသောအခါ ထိုဝှေးစေ့ကြီးကို ပခုံးဖြင့်ထမ်းဆောင်၍သွားရ၏။ထိုပြိတ္တာကိုဘီလူးဖြစ်ကုန်သောလင်းတ,ကျီး,စွန်ရဲတို့သည် အစဉ်လိုက်၍,အစဉ်လိုက်၍ထိုးဆိတ်ကြကုန်သည်ဖြစ်၍ ကျင်နာစွာသောအသံကို

ဟာစ်အောင်မြည်တမ်းလျက် ပြင်းပြစွာသော ဆင်းရဲဝေဒနာကို ကြာမြင့်စွာသောကာလပတ်လုံးခံစားရ၏။

**အကျဉ်းမှတ်ရလင်္ကာ။**

တံဆိုးသာဘ်စား။ကောက်ပြားဝိနိ စ္ဆယ။ယင်းပါပကြောင့်။ နိရယငရဲ။ကျမြမှန်စွာ။လွတ်ပြန်ပါသော်။ ဂိဇ္ဈာကူဋ။ပဗ္ဗတဍ္ဍ။ ကမ္ဘာပါကာ။သဒိသာဖြင့်။ကြီးစွာဖွေးဖွေး။ဖြစ်ရွှေပေါ်လာ။ ထိုင်သောခါ၌။ဘိက္ခုတိုင်ရှိ။ သွားထသောခါ၊ ထိုအဗ္ဗာကို။ ပခုံးမှာထမ်း။ လွှန်ပင်ပန်းသော။ ညစ်နွမ်း ကာယာ။ ထိုပြိတ္တာကို။ ယက္ခာလင်းတ။ကျီးက-စွန်ရဲ။ထက်၌ပဲ၍။ခါဲမရှိ။ ထိုးဘိဆိတ်ဆွ။ ကျင်နာလှကြောင့်။ အောင်ဟာသံဟိး။ ကြီးစွာဒုက္ခ။ ခံစားရသော။ အဗ္ဗာဘာရ။ ပေတယုတ်မာ။ ဖြစ်တတ်စွာသည်။ ။ တံဆိုးစားရာအပြစ်တည်း။

ထိုကြောင့်။ ပါရာဇိကကဏ် ပါဠိတော်။ စတုတ္ထပါရာဇိက သိက္ခာပုဒ် ဝိနိတဝတ္ထု၌—

(က) ဣဓါဟံ အာဝုသော ဂိဇ္ဈကူဋာ ပဗ္ဗတာ ဩရောဟန္တော အဒ္ဒသံ ကုမ္ဘဏ္ဍံ ပုရိသံ ဝေဟာသံ ဂစ္ဆန္တံ။သော ဂစ္ဆန္တောပိ တေဝအဏ္ဍေ ခန္ဓေ အာရောပေတွာ ဂစ္ဆတိ။ နိသီဒန္တောပိ တေသွေဝ အဏ္ဍေသု နိသီဒတိ။တမေနံ ဂိဇ္ဈာပိ ကာကာပိ ကုလလာပိ အနု ပတိတွာ အနုပတိတွာ ဝိတစ္ဆေန္တိ ဝိဘဇ္ဇေန္တိ။ သော သုဒံအဋ္ဋဿရံ ကရောတိ။လ။သော ဘိက္ခဝေ သတ္တော ဣမသ္မိံယေဝ ရာဇဂဟေ ဂါမကူဋော အဟောသိ။ ။ သော တဿကမ္မဿဝိပါကေန ဗဟူနိ ဝဿာနိ ဗဟူနိ ဝဿသတာနိ ဗဟူနိ ဝဿသဟဿာနိ ဗဟူနိ ဝဿ သတသဟဿာနိ နိရယေ ပစ္စိတွာ တဿေဝကမ္မဿ ဝိပါကာဝသေသေန ဧဝရူပံ အတ္တဘာဝပဋိလာဘံ ပဋိ

သံဝေဒေတိ။ ။ဟု-ဟောတော်မူ၏။ ။၁၉၀၁ ခုနှစ် ရိုက်၊ ဟံသာဝတီ ပါရာဇိကကဏ်ပါဠိတော်၊ စာအုပ်နံပါတ် (၁၂၇)မှာကြည့်။

မှတ်ချက်။ ။သော တဿ ကမ္မဿ ဝိပါကေန။လ။ပဋိသံဝေဒေတိ-ဟူသော ပါဠိသည် ဤအဏ္ဍဘာရိတဝတ္ထု၌မပါပြား သော်သည်း အာဒိပေယျာလ,မဇ္ဈေပေယျာလ,အန္တပေယျာလ အားဖြင့် သုံးပါးတို့တွင် အန္တပေယျာလအားဖြင့် ဘုရားဟော တော်မူသောကြောင့် အစဖြစ်သောဂေါဃာတကဝတ္ထု၌သာ လျှင်လာသော အန္တပေယျာလပါဠိကို ဘော်၍ ထည့်သည်ဟု မှတ်အပ်၏။

၎င်းပါဠိတော်၏အဖွင့်ဖြစ်သော ပါရာဇိကကဏ်အဋ္ဌကထာ ၌လည်း—

(ခ) အဏ္ဍဘာရိတဝတ္ထုသ္မိံ ဂါမကူဋောတိ ဝိနိစ္ဆယာမစ္စော။ တဿ ကမ္မသဘာဂတာယ ကုမ္ဘမတ္တာ မဟာဃဋပ္ပမာဏာ အဏ္ဍာ အဟေသုံ။ သော ဟိ ယသ္မာ ရဟော ပဋိစ္ဆန္နေ ဌာနေ လဉ္စံ ဂဟေတွာ ကူဋဝိနိစ္ဆယေန ပါကဋံ ဒေါသံ ကရောန္တော သာမိကေ အဿာမိကေ အကာသိ။ တသ္မာ ဿ ရဟဿင်္ဂံ ပါကဋံ နိဗ္ဗတ္တံ။ ယသ္မာ ဒဏ္ဍံ ပဋ္ဌပေန္တော ပရေသံ အသယှံ ဘာရံ အာရောပေသိ။ တသ္မာ ဿ ရဟဿင်္ဂံ အသယှဘာရော ဟုတွာ နိဗ္ဗတ္တံ။ ယသ္မာ ယသ္မိံ ဌာနေ ဌိတေန သမေန ဘဝိတဗ္ဗံ။ တသ္မိံ ဌာနေ ဌတွာ ဝိသမော အဟောသိ၊ တသ္မာ ဿ ရဟဿင်္ဂေ ဝိသမာ နိသဇ္ဇာ အဟောသိတိ ။ဟု ဖွင့်ပြတော်မူ၏။ ။၁၉၁၂ ခုနှစ်၊ ဇမ္ဗူမိတ်ဆွေရိုက်၊ ပါရာဇိကကဏ်အဋ္ဌကထာဒုတိယအုပ်၊ စာအုပ်နံပါတ်(၉၃)မှာကြည့်။

မှတ်ချက်။ ။အထက်ပါ-ပါရာဇိကကဏ်ပါဠိ, အဋ္ဌကထာတို့ နှင့်အတူ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်၊ လက္ခဏသံယုတ်, ၎င်း

အဋ္ဌကထာတို့၌လည်းလာသည်သာလျှင်တည်း။ ။ပါဠိတော်မှာ ၁၉၀၇ ခုနှစ်၊ ဟံသာဝတီရိုက်၊ စာအုပ်နံပါတ် (၁၇၀)မှာကြည့်။ ၎င်းအဋ္ဌကထာမှာ ၁၂၉၀ ခုနှစ်၊မန္တလေး၊ဘောဂဝတီတိုက်ရိုက်၊စာအုပ်နံပါတ်(၁၉၃)ကစ၍ကြည့်။

၎င်း၏အဘွင့်-သာရတ္ထဒီပနီဋီကာ၌လည်း—

(ဂ) ဝိနိစ္ဆယာမဂ္ဂေါတိ ရညာ အဋ္ဌကရဏေ ထပိတော ဝိနိစ္ဆယမဟာမဂ္ဂေါ။ သော ဟိ ဂါမဇနကာယံ ကူဋမ္မေန ဝဉ္စေတီတိ ဂါမကူဋောတိ ဝုတ္တော။ ။ဟု-ဘွင့်ပြတော်မူ၏။ ။၁၉၁၂ ခုနှစ်၊ဇမ္ဗူမိတ်ဆွေရိုက်၊ဒုတိယအုပ်၊နံပါတ်(၂၇၄)မှာကြည့်။

**သာဓကပါဠိတော်ကို။ က-ခ-ဂ-အစဉ်အတိုင်းမှတ်။**

(က) မှတ်အနက်ကား။ ။အာဂုသော၊ ငါ့ရှင် လက္ခဏ။ ဣမံ၊ ဤရာဇဂြိုဟ်ပြည်၌။ အဟံ၊ငါသည်။ ဂိဇ္ဈကူဋာ၊ ဂိဇ္ဈကုန်အမည်ရှိသော။ပဗ္ဗတာ၊တောင်မှ။ ဩရောဟန္တော၊သက်ဆင်းသည်ရှိသော်။ ကုမ္ဘဏ္ဍံ၊ အိုးစရည်းပမာဏလိင်ဥရှိသော။ ပုရိသံ၊ယောကျ်ားကို။ဝေဟာသံ၊ကောင်းကင်၌။ဂစ္ဆန္တံ၊သွားသည်ကို။ အဒ္ဒသံ၊ မြင်ပြီ။ ဝါ၊မြင်၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ဂစ္ဆန္တောပိ၊သွားသော်လည်း။ တေဝအဏ္ဍေ၊ထိုလိင်ဥတို့ကိုသာလျှင်။ ခန္ဓေ၊ပခုံး၌။အာရောပေတွာ၊တင်၍။ ဂစ္ဆတိ၊သွားရ၏။ နိသီဒန္တောပိ၊ထိုင်သော်လည်း။ တေသ္မေဝအဏ္ဍေသု၊ထိုလိင်ဥတို့၌သာလျှင်။ နိသီဒတိ၊ဘိ၍ထိုင်၏။ တမေနံ-တံဧနံပုရိသံ၊ထိုပြဆိုအပ်သောယောကျ်ားကို။ဂိဇ္ဈာပိ၊ဘီလူးဖြစ်သောလင်းတတို့သည်၎င်း။ ကာကာပိ၊ ဘီလူးဖြစ်သောကျီးတို့သည်၎င်း။ ကုလလာပိ၊ ဘီလူးဖြစ်သော စွန်ရဲတို့သည်၎င်း။ အနုပတိတွာ-အနုပတိတွာ၊အစဉ်လိုက်၍ အစဉ်လိုက်၍။ဝိတစ္ဆေန္တိ၊ထိုးဆိတ်ကြကုန်၏။ ဝိဘဇ္ဇေန္တိ၊ ထိုးဖောက်ကြကုန်၏။ သောပုရိသော၊ထို

ပြိတ္တာ ယောဂကျာ်းသည်။ ။( သုဒ်-သဒ္ဒါ အနက် မရှိ )။ ။ အင်္ဂသလာရံ၊ ကယ်ပါ,ယူပါ၊တစာစာနှင့်၊ကျင်နာသောအသံကို။ ကရောတိ၊ ပြု၏။ လ။ ဘိက္ခဝေ၊ရဟန်းတို့၊ သောသတ္တော၊ ဤပြိတ္တာ သတ္တဝါသည်။ ဇွမ္မသ္မိံ ယေဝ ရာဇဂဟေ၊ ဤရာဇဂြိုဟ်ပြည်၌သာလျှင်။ဂါမကူဋော၊ရွာသူတို့အားတံဆိုးစား၍တရားဆုံးဖြတ်သော ကောက်ကျစ်စဥ်းလဲသော တရားသူကြီးသည်။ အဟောသိ၊ဖြစ်ဘူးပြီ။ သောသတ္တော၊ ထိုကောက်ကျစ်စဥ်းလဲသော တရားသူကြီးသတ္တဝါသည်။ တသ္သကမ္မဿ၊ ထိုတံဆိုးစား၍တရားဆုံးဖြတ်သောမကောင်းမှုကံ၏။ ဝိပါကေန၊အကျိုးရင်းကြောင့်။ ဗဟူနိ ဝဿာနိ၊ များစွာကုန်သောနှစ်တို့ပတ်လုံး။ ဗဟူနိ ဝဿသတာနိ၊များစွာကုန်သော နှစ်အရာတို့ကာလပတ်လုံး။ ဗဟူနိဝဿသဟဿာနိ၊များစွာကုန်သော နှစ်အထောင်တို့ကာလပတ်လုံး။ ဗဟူနိဝဿသတသဟဿာနိ၊ များစွာကုန်သော နှစ်အသိန်းတို့ကာလပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်ရပြီး၍။ တဿေဝ ကမ္မဿ၊ ထိုတံဆိုးစား၍ တရားဆုံးဖြတ်သော မကောင်းမှု ကံ၏သာလျှင်။ ဝိပါကာဝ သေသေန၊ အကျိုးကြွင်းအားဖြင့်။ဧဝရူပံ၊ဤသို့သဘောရှိသော။အတ္တဘာဝ ပဋိလာဘံ၊ ပြိတ္တာအတ္တဘောကိုရခြင်းကို။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ ။ဤကားပါဠိတော်၏အနက်တည်း။

(၁) မှတ်အနက်ကား။ ။အလ္လာဘာဂရိတဝတ္ထုသ္မိံ၊ အလ္လာဘာဂရိတဝတ္ထု၌။ ဂါမကူဋောတိ၊ ဂါမကူဋော-ဟူသည်ကား။ ဝိနိစ္ဆယအမစ္စော၊ တရားဆုံးဖြတ်သောအမတ်သည်။ တဿ၊ ထိုတရားဆုံးဖြတ်သောအမတ်အား။ ကမ္မသဘာဂတာယ၊ တံဆိုး စား၍ ကောက်ကျစ် စဥ်းလဲသော တရား ဆုံးဖြတ်သော မကောင်းမှုကံနှင့်တူသောအဘို့ရှိသည်၏အဖြစ်အားဖြင့်။ကုမ္ဘမတ္တာ၊အိုးအတိုင်းအရှည်ရှိကုန်သော။ မဟာဃဋပ္ပမာဏာ၊အိုးစရည်းကြီးအတိုင်းအရှည် ပမာဏရှိကုန်သော။ အံဍာ၊လိင်ဥ

တို့သည်။ ဝါ၊ဧ္ဝးစေ့တို့သည်။ အဟောသုံ၊ ဖြစ်ကုန်ပြီ။ ဟိ၊ထို
စကားကို ထင်ရှား ပြဦးအံ့။ သောအမစ္စော၊ ထိုတရားဆုံးဖြတ်
သောအမတ်သည်။ ယသ္မာ၊ အကြင်ကြောင့်။ ရဟော၊ ဆိတ်
ကွယ်သော။ ပဋိစ္ဆန္နေ၊ဖုံးလွှမ်းအပ်သော။ဌာနေ၊အရပ်၌။ လဥ္စံ၊
တံစိုးလာဘ်ကို။ ဂဟေတွာ၊ယူ၍။ ကူဋဝိနိစ္ဆယေန၊ ကောက်
ကျစ် စဥ်းလဲသော တရားဆုံးဖြတ်ခြင်းဖြင့်။ ပါကဋံ၊ ထင်ရှား
သော။ဒေါသံ၊အပြစ်ကို။ကရောန္တော၊ပြုလျက်။သာမိကေ၊ဥစ္စာ
ရှင်ဖြစ်သောသူတို့ကို။ အသာမိကေ၊ ဥစ္စာရှင်မဟုတ်သည်တို့
ကို။ အကာသိ၊ပြုပြီ။ တသ္မာ၊ထိုသို့ပြုသောကြောင့်။ အဿ၊ထို
တရားသူကြီးပြဲ့တ္တာအား။ ရဟသင်္ဂ၊လျှို့ဝှက်အပ်သောအင်္ဂါ
ဧ္ဝးစေ့သည်။ ပါကဋံ၊ထင်ရှားစွာ။ နိဗ္ဗတ္တံ၊ဖြစ်၏။ ဝါ၊ ဖြစ်ပြီ။
ယသ္မာ၊အကြင်ကြောင့်။ ဒဏ္ဍံ၊ဥစ္စာဒဏ်,ထောင်ဒဏ်-စသော
အပြစ်ဒဏ်ကို။ ပဋ္ဌပေန္တော၊ဖြစ်စေသည်ရှိသော်။ ပရေသံ၊သူ
တပါးတို့အား၊ အသယှံ၊ သည်းမခံနိုင်သော။ ဝါ၊မချိနိုင်သော။
ဘာရံ၊ဝန်ကို။ အာရောပေတိ၊တင်၏။ ဝါ၊တင်ပြီ၊ တသ္မာ၊ ထို့
ကြောင့်။ တဿ၊ထိုတရားသူကြီးပြဲ့တ္တာအား၊ရဟသင်္ဂ၊လျှို့
ဝှက်အပ်သောအင်္ဂါဧ္ဝးစေ့သည်။ အသယှဘာရော၊သည်းမခံ
နိုင်သောဝန်ရှိသည်၊ ဝါ၊မ,မ-မချိနိုင်သော ဝန်ထုပ်,ဝန်ပိုးကြီး
ရှိသည်။ ဟုတွာ၊ဖြစ်၍။ နိဗ္ဗတ္တံ၊ဖြစ်၏။ ဝါ၊ဖြစ်ရပြီ။ ။ယသ္မာ၊
အကြင်ကြောင့်။ ယသ္မိံ ဌာနေ၊ အကြင် တရာ သူကြီး အရာ၌။
ဌိတေန၊ တည်သောသူသည်။ သမေန၊ တရားနှင့်ညီညွတ်ခြင်း
သည်။ ဘဝိတဗ္ဗံ၊ဖြစ်ရာ၏။ တသ္မိံ ဌာနေ၊ထိုတရားသူကြီးအရာ
၌။ ဌတွာ၊တည်၍။ ဝိသမော၊တရားနှင့် မညီမညွတ်ခြင်းသည်။
အဟောသိ၊ ဖြစ်ပြီ။ တသ္မာ၊ ထိုသို့ တရားနှင့်မညီမညွတ်ခြင်း
ကြောင့်။ အဿ၊ထိုတရားသူကြီးပြဲ့တ္တာအား။ ရဟသင်္ဂ၊လျှို့
ဝှက်အပ်သော အင်္ဂါ ဧ္ဝးစေ့၌။ ဝိသမာ၊ မညီ မညွတ်သော။
နိသဇ္ဇာ၊ ထိုင်ခြင်းသည်။ အဟောသိ၊ဖြစ်ပြီ။ ဣတိ၊ဤသို့။ ဝေဒိ
တဗ္ဗံ၊သိအပ်၏။ ။ဤကားအဋ္ဌကထာ အနက်တည်း။

(ဂ) မှတ်အနက်ကား။ ။ဝိနိဿယာ မဋ္ဌောတိ၊ ဝိနိဿယာ မဋ္ဌော-ဟူသည်ကား။ရည်ညွှန်းပြဆိုရှင်မင်းသည်။အဋ္ဌကရဏော၊ တရားဆုံးဖြတ်ခြင်းကိုပြုရာ တရားရုံး၌။ ထပိတော၊ ထားအပ်သော။ ဝိနိဿယမဟာမဋ္ဌော၊တရားဆုံးဖြတ်သောအမတ်ကြီးသည်။ ဟိသစ္စံ၊မှန်၏။ သော၊ ထိုတရားဆုံးဖြတ်သော အမတ်ကြီးကို။ဂါမဇနကာယံ၊ရွာ၌နေသောလူအပေါင်းကို။ကျူဋ္ဌေန၊ ကောက်ကျစ်စဉ်းလဲသော အနက်သဘောအားဖြင့်။ ဝဋ္ဋေတိ၊ တံဆိုးစား၍လှည့်ပတ်တတ်၏။ ဇာတိတသ္မာ၊ထို့ကြောင့်။ ဂါမကူဋ္ဌောတိ၊ဂါမကူဋဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။ ။ဤကား ဋီကာ အနက်တည်း။

**မှတ်ချက်။** ။ထိုတရားသူကြီးသည် တံဆိုး ဥစ္စာကို ယူ၍ ကောက်ကျစ် လှည့်ပတ်သော တရားဆုံးဖြတ်ခြင်းဖြင့် အပြစ်ထင်ရှားမရှိဘဲလျက် အပြစ်ထင်ရှားသည်ကို ပြု၍ ဥစ္စာရှင်ဖြစ်သောသူကို ဥစ္စာရှင်မဟုတ်သည်ကိုပြု၏။ထိုကြောင့် ထိုတရားသူကြီးပြဿာအား မိမိပြုသောမကောင်းမှုကံနှင့်တူစွာလျှို့ဝှက်အပ်သောအင်္ဂါဝှေးစေ့သည် ဖုံးလွှမ်း၍မလုံနိုင်အောင် ကြီးစွာဖြစ်ပေါ်၍လာ၏။ ။ဥစ္စာဒဏ်,ထောင်ဒဏ်-စသောအပြစ်ကိုဖြစ်စေသည်ရှိသော်သူတပါးတို့အားမထမ်းမဆောင်နိုင်အောင်ကြီးလေးသော ဥစ္စာဒဏ်, ထောင်ဒဏ်-စသည်ကို တင်ထားသောကြောင့် ထိုတရားသူကြီးပြဿာအားလျှို့အပ်သောအင်္ဂါဝှေးစေ့သည် မသယ်မပိုးနိုင်အောင် ကြီးစွာသော ဝန်ထုပ်,ဝန်ပိုးကြီးဖြစ်၍ဖြစ်၏။ ။အကြင်တရားသူကြီးအရာ၌တည်သောသူသည် တရားနှင့်ညီညွတ်သောတရားဆုံးဖြတ်ခြင်းသည် ဖြစ်ရာ၏၊ထိုတရားသူကြီးသည် တရားသူကြီးအရာ၌တည်၍ မညီမညွတ်သော တရားဆုံးဖြတ်ခြင်းကို ပြုခြင်းကြောင့် ထိုတရားသူကြီးပြဿာအား လျှို့ဝှက်အပ်သောအင်္ဂါဝှေးစေ့၌ မကောင်းမှုကံအားလျော်စွာ မညီမညွတ် နေထိုင်ရခြင်းသည် ဖြစ်၏ဟု မှတ်အပ်၏။

သြဝါဒ။ ။ဤအဏ္ဏဘာရိတပေတဝတ္ထုကိုဘာသ်ရှုကြကုန်သောသူတော်ကောင်းတို့သည် ကြောက်ထိတ်လန့်ခြင်း, ဉာဏသံဝေဂကိုဖြစ်စေ၍ တံဆိုးလာဘ်စားခြင်း အမှုမှ အမြဲကြဉ်ရှောင်ကုန်ရာ၏။

တံဆိုးစားသော အဏ္ဏဘာရိတ ပေတဝတ္ထုပြီး၏။

\+ \+ \+ \+

## (၁၀) ကူဋဝိနိစ္ဆယ ဝေမာနိကပေတဝတ္ထုကိုပြခြင်း။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည်မင်းပြု၏။ထိုဗြဟ္မဒတ်မင်း၏ပုရောဟိတ်ပုဏ္ဏားသည် သူတပါးတို့၏ ကျောက်ကုန်းသားကို စားသည်နှင့် တူသော တံဆိုးလာဘ်စားတတ်သော ကောက်ကျစ်စဉ်းလဲသော တရားသူကြီးသည်ဖြစ်၏။ထိုတရားသူကြီးသည် နေ့အခါ၌တံဆိုးစား၍ တရားကိုစီရင်၏။ညဉ့်အခါ၌ ခံတွင်းကိုဆေးပြီးလျှင် ဥပုသ်စောင့်သုံး၏။ တနေ့သ၌ ထိုပရောဟိတ်ပုဏ္ဏားသည် တရားဆုံးဖြတ်ရာအရပ်၌နေသည်ရှိသော် တယောံသော သီလရှိသော မိန်းမသည် တရားဆိုသည်ရှိသော် အိမ်သို့ပြန်သွားခြင်းငှါ အခွင့်မရ၍ငါသည်ဥပုသ်ဆောံတည်ခြင်းကိုမလွန်စေအံ့ဟုကြံ၍ မွန်းတည့်အခါနီးလတ်သော် ခံတွင်းကိုဆေးခြင်းငှါအားထုတ်၏၊ ထိုခဏ၌ ပုရောဟိတ်ပုဏ္ဏားအား ကောင်းစွာ မှည့်သော သရက်သီးခိုင်ကို ဆောင်ခဲ့၏။ ထိုပုရောဟိတ်ပုဏ္ဏားသည် ထိုမိန်းမ၏ဥပုသ်ဆောက်တည်သည်၏အဖြစ်ကိုသိ၍ သင်သည် ဤသရက်သီးတို့ကိုစား၍ဥပုသ်ဆောက်တည်လောဟုသရက်သီးကိုပေး၏။ ထိုမိန်းမသည် ပုဏ္ဏားဆိုတိုင်းသရက်သီးကိုစား၍ဥပုသ်ဆောက်တည်ခြင်းကိုပြု၏။ဤမျှသရက်သီးကိုပေးခြင်းသည် ပုရောဟိတ်ပုဏ္ဏား၏ကောင်းမှုတည်း။ထိုတံဆိုးလာဘ်စားသော တရားသူကြီး ပုရောဟိတ်ပုဏ္ဏားသည် နောက်အဘို့ကာလ၌ သေ၍ ဟိမဝန္တာအရပ်ဝယ်၊ ကောသိကီမည်သော

မြစ်ကမ်းနား၌ သုံးယူစနာရှိသော သရက်ဥယျာဉ်၌ မွေ့လျော်ဘွယ်ရှိသော မြေအတိုင်၌ တင့်တယ်ခြင်းအရသို့ ရောက်သော ရွှေဗိမာန်၌ တန်းဆာဆင်အပ်သော ကြက်သရေရှိသောအိပ်ရာ၌ အိပ်ပျော်သောသူသည် အိပ်ရာမှနိုးသကဲ့သို့ဖြစ်၏။တန်းဆာဆင်ခြင်းနှင့်စပ်သော မြတ်သောအဆင်းကို ဆောင်ကုန်သော တသောင်းခြောက်ထောင်ကုန်သော နတ်သွီးအခြံအရံရှိ၏။ ။ ထိုဘံဆိုးစားသော တရားသူကြီး ပုရောဟိတ်ပုဏ္ဏားသည် ဝေမာနိကပြိတ္တာ၏အဖြစ်ဖြင့် မကောင်းမှုကံနှင့် တူသော အကျိုးသည်ဖြစ်၏။

ထိုကြောင့် နေအရှာက်ဘက်လတ်သော် သရက်ဥယျာဉ်သို့ ဝင်ရ၏။ထိုသို့ဝင်သောခဏာ၌ပင်လျှင် ထိုပုရောဟိတ်ပုဏ္ဏား၏ နတ်၌ဖြစ်သောကိုယ်၏အဖြစ်သည်ကွယ်ပျောက်၏။အတောင်ရှစ်ဆယ်ရှိသော ထန်းပင်ပမာဏရှိသော ပြိတ္တာ၏ကိုယ်သည် ဖြစ်၏။အလုံးစုံသောကိုယ်သည် ပူလောင်၏။ ပင်လုံးကျွတ် ပွင့်သောပေါက်ပင်ကဲ့သို့ ရဲရဲနီသောကိုယ်သည်ဖြစ်၏။ လက်နှစ်ဘက်တို့၌ တချောင်းစီသာဖြစ်သော လက်ချောင်းတို့သည် ရှိကုန်၏။ပေါက်တူးကြီးပမာဏရှိကုန်သောလက်သည်းတို့သည် ဖြစ်ကုန်၏။ ထိုလက်သည်းတို့ဖြင့် မိမိ၏ကျောက်ကုန်းသားကို ခွဲနှုတ်၍စားလျက် သည်းထန်စွာဆင်းရဲခြင်းဝေဒနာသို့ရောက်သည်ဖြစ်၍ ကျယ်စွာသောအသံကိုမြည်တမ်းအော်ဟစ်လျက် ဆင်းရဲခြင်းဒုက္ခကိုခံစားရ၏။နေဝင်သည်ရှိသော် ပြိတ္တာကိုယ်ကွယ်ပျောက်၍ ညဥ့်အခါ၌ နတ်၏ကိုယ်ဖြစ်၍ နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားရ၏၊ ဤနည်းအတူ များစွာသော နှစ်တို့ပတ်လုံး ညဥ့်အခါ၌ နတ်ဖြစ်၍ နတ်တို့၏စည်းစိမ်ချမ်းသာကို ခံစားရ၏။နေ့အခါ၌ ပြိတ္တာဖြစ်၍ ဆင်းရဲဒုက္ခကိုခံစားရ၏။

မှတ်ချက်။ ။ထိုပုရောဟိတ်ပုဏ္ဏားသည် ဥပုသ်စောင့်သုံးသောမိန်းမအား သရက်သီးပေးခဲ့ဘူးသောဒါန၏အကျိုးဆက်ကြောင့် သုံးယူစနာရှိသော သရက် ဥယျာဉ်ကို ရ၏။ တံဆိုး

လာဘ်စား၍ ကောက်ကျစ်စဉ်းလဲသောတရားဆုံးဖြတ်ခြင်း၏ မကောင်းမှုအကျိုးဆက်ကြောင့် မိမိ၏ ကျောက်ကုန်းသားကို ခွဲနှုတ်၍ စားရသောပြိတ္တာဖြစ်၏။ ညဉ့်အခါ၌ စောင့်သုံးသော ထက်ဝက်သော ဥပုသ်ကံ၏အကျိုးဆက်ကြောင့် ညဉ့်အခါ၌ နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားရ၏။ တသောင်းခြောက်ထောင်သော နတ်သွီးအခြွေအရံဖြင့် တင့်တယ်စမ့်ယ်ရ၏။

**ဩဝါဒကထာ။** ။ကမ္မဝိပါကော အစိန္တိယော-ဟူသော ပါဠိတော်နှင့်အညီ၊ ကုသိုလ်ကံ၊ အကုသိုလ်ကံ၏အကျိုးသည် အလွန်ဆန်းကြယ်၏။ ထို့ကြောင့် နည်းများမသိ ကုသိုလ်ကောင်းမှုကိုပြုသင့်ပြုထိုက်လှပေ၏၊ တံစိုးလာဘ်စားခြင်း-စသော မကောင်းမှု အကုသိုလ်ကံကို အနည်းငယ်မျှသာဟု မအောက်မေ့, မမှတ်ထင်မူ၍ ဝေးစွာကြဉ်ရှောင်သင့်လှပေ၏။

**မှတ်ချက်။** ။ဤဝတ္ထုသည် မပြည့်စုံဟူ၍ မဆိုသင့်။ ရှည်မည်စိုး၍ အကျဉ်းချုံးပြီးလျှင် ထိုရင်းမျှကိုသာရေးထည့်သည်ဟု မှတ်ယူအပ်၏။

ထို့ကြောင့် တိံသနိပါတ်-ကိံဆန္ဒဇာတ်အဋ္ဌကထာ၌—

သောဥပေါသထိကာယ ဇုတ္တိယာ အမ္ဗဖလဒါနဿ နိဿန္ဒေန တိယောဇနိကံ အမ္ဗဝနံ ပဋိလဘတိ။ ။လဍ္ဍံ ဂဟေတွာ ကူဋဍ္ဍကရဏနိဿန္ဒေန ပိဋ္ဌိမံသံ ဥပ္ပါဋေတွာ ခါဒတိ။ ။ဥပဍ္ဍုပေါသထဿ နိဿန္ဒေန ရတ္တိံ သမ္ပတ္တိံ အနုဘောတိ။ သောဠသသဟဿနာဋကိတ္ထိယော ပရိဝုတော ပရိစာရေသိ။ ။ဟု ပြတော်မူ၏။ ။၁၂၇၃ ခုနှစ် ရိုက်၊ ပြည်ကြီး မဏ္ဍိုင် စာအုပ်၊ နံပါတ်(၂)မှာကြည့်။

**မှတ်ချက်။** ။သာဓကပါဠိကို ထိုရင်းအချက်မျှသာ ထုတ်ထိုက်သည်။ အကျယ်ကို အလိုရှိမူ၊ ၎င်းတိံသနိပါတ်-ကိံဆန္ဒ

ဇာတ် ပါဠိတော်၊ အဋ္ဌကထာ၌ ယူအပ်၏။ ။၎င်းဝတ္ထုနှင့် အတူဟောတော်မူအပ်သော ပေတဝတ္ထုပါဠိတော် ကူဋဝိနိစ္ဆယိကပေတဝတ္ထုကို။ ။၁၉၀၉ ခုနှစ်ရိုက်၊ဟံသာဝတီစာအုပ်၊ နံပါတ်(၁၈)မှာ ကြည့်။ ၊၎င်းအဋ္ဌကထာမှာ အနည်းငယ်မျှ သာဘွင့်သည်။

အနက်ကား။ ။သော၊ ထိုတံဆိုးစားသော တရားသူကြီး ပုဏ္ဏားသည်။ ဥပေါသထိကာယ၊ဥပုသ်စောင့်သုံးသော။ ဣတ္ထိယာ၊မိန်းမအား။ အမ္ဗဖလဒါနဿ၊သရက်သီးပေးသောဒါန၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ တိယောဇနိကံ၊ သုံးယူဇနာရှိသော၊အမ္ဗဝနံ၊သရက်ဥယျာဉ်ကို။ ပဋိလဘတိ၊ရ၏။ ။လဉ္ဆံ၊ တံဆိုးလာဘ်ကို။ ဂဟေတွာ၊ ယူ၍။ ကူဋဋ္ဋကရဏနိဿန္ဒေန၊ ကောက်ကျစ် စဉ်းလဲသော တရား ဆုံးဖြတ်ခြင်းကို ပြုခြင်း၏ အကျိုးဆက်ကြောင့်။ ပိဋ္ဌိ မံသံ၊ ကျောက်ကုန်းသားကို။ ဥပ္ပါဋေတွာ၊ခွာနှုတ်၍။ခါဒတိ၊ခဲစား၏။ ဥပဍ္ဎုပေါသထဿ၊ထက်ဝက်စောင့်သော ဥပုသ်၏။ နိဿန္ဒေန၊ အကျိုးဆက်ကြောင့်။ ရတ္တိံ၊ညဉ့်အခါ၌။ သမ္ပတ္တိံ၊ နတ်၏စည်းစိမ်ချမ်းသာကို။ အနုဘောတိ၊ ခံစား၏။ သောဠသသဟဿ နာဋကိတ္ထိသာ၊ တသောင်း ခြောက်ထောင်သော နတ်သမီးကချေသည် မိန်းမဖြင့်။ ပရိဝုတော၊ခြံရံလျက်။ပရိစာရေသိ၊တင့်တယ်စမ့်ယံ၏။ ။ ဤကားအနက်။

## မှတ်စုသင်္ခါ။

(၁) သရက်သီးဒါန။ယင်းပုည။အမ္ဗဥယျာဉ်ဖြစ်။
(၂) နေ့ထက်ဝက်မျှ။စောင့်သီလ။ဒေဝစည်းစိမ်ဖြစ်။
(၃) တံဆိုးယူငြား။ကျောက်ကုန်းသား။စားရပြိတ္တာဖြစ်။

ကူဋဝိနိစ္ဆယ ဝေမာနိကပေတဝတ္ထုပြီး၏။

\+ + + +

## (၁၁) တံဆိုးစားသော ကာဠက စစ်သူကြီး၏ ဝတ္ထုကိုပြခြင်း။

ဓင်းဝတ္ထုသည် ရှည်လျားသည်ဖြစ်၍ သိလွယ်စိမ့်သောငှါ အကျဉ်းမျှသာရေးပြပေအံ့၊

ရှေးလွန်လေပြီးသောအခါဗာရာဏသီပြည်၌ယသပါဏိမည်သောမင်းသည် မင်းပြု၏။ ထိုမင်း၏စစ်သူကြီးသည် ကာဠကအမည်ရှိ၏။ ထိုအခါ၌ငါတို့ဘုရားလောင်းသည်ထိုမင်း၏ပုရောဟိတ်ဖြစ်၏။ ဓမ္မဓဇအမည်ရှိ၏၊ ထိုမင်း၏ဆတ္တပါသည်သည် ဆတ္တပါဏိ အမည် ရှိ၏။ ထိုမင်း၏စစ်သူကြီး ကာဠကသည် တရားဆုံးဖြတ်ခြင်းကို ပြုလတ်သော် တံဆိုယူ၍ စား၏၊ သူတပါးတို့၏ ကျောက်ကုန်းသားကို စားတတ်သော စစ်သူကြီးသည် တံဆိုးလာဘ်ကို ယူ၍ ဥစ္စာရှင်မဟုတ်သောသူကို ဥစ္စာရှင်ပြု၏။ ထိုအခါ တရားရှုံးသောလူတို့သည် ဘုရားလောင်းဓမ္မဓဇပုရောဟိတ်အား ပြောကြားကြကုန်၏။ ဘုရားလောင်းသည် တဖန် တရားကို မှန်ကန်စွာဆုံးဖြတ်၍ ဥစ္စာရှင်ဟုတ်သောသူကိုသာလျှင်ဥစ္စာရှင်ဟုပြု၏ ထိုအခါ လူအများတို့သည် ကောင်းချီးပေးကြကုန်၏။ မင်းသည်ကြားသိ၍ ဓမ္မဓဇပုရောဟိတ်အား တရားသူကြီးအရာ၌ထား၏။ ကာဠကစစ်သူကြီးသည် ထိုအခါမှစ၍ တံဆိုးကိုရေသတ်သော် လာဘ်နှံယုတ်၍ ဘုရားလောင်းဓမ္မဓဇအား ရန်ငြိုးဖွဲ့၍၊ မင်းမြတ်၊ ဓမ္မဓဇသည် အရှင်မင်းမြတ်၏ အဖြစ်ကို တောင့်တ၏ ဟု ချောပစ် ကုန်းတိုက်၏။ မင်းသည် မယုံကြည်သည်ဖြစ်၍ ပယ်၏။ တဖန် ယုံကြည်တော်မမူလျှင် ဓမ္မဓဇ၏ပရိသတ်ကိုကြည့်ရှုတော်မူပါလောဟုလျှောက်ဆို၏။ မင်းသည်လေသွန်တံခါးပေါက်ဖြင့်ကြည့်ရှုတော်မူလျှင် ဓမ္မဓဇ၏အထံ၌တရားဆင်သောပရိသတ်ကိုမြင်၍ ဓမ္မဓဇ၏ပရိသတ်တည်းဟု အထင်မှတ်၍ အချစ်ပျက်၏၊ မင်းသည် စစ်သူကြီး၊ အဘယ်သို့ပြုရအံ့နည်းဟုမေး၏။ ထိုဓမ္မဓဇကို သတ်အံ့သောငှါ

သင့်၏ဟု လျှောက်သည်ရှိသော်၊ ရှိန့်ရင်းသောအပြစ်ကို မမြင်ဘဲ အဘယ်သို့သတ်ရအံ့နည်းဟု မင်းဆိုတော်မူ၏။ မင်းမြတ်၊ တခုသောဥပါယ်တံမျဉ်သည်ရှိ၏ဟုလျှောက်ဆိုသော်၊ အဘယ်ဥပါယ်တံမျဉ်နည်းဟု မေးတော်မူလျှင် အရှင်မင်းမြတ်၊ ဓမ္မဓဇအားပြုလုပ်ဆောင်ရွက်ခြင်းငှါမစွမ်းနိုင်သောအမှုကိုစေခိုင်း၍ ထိုအမှုကို ပြုလုပ်ဆောင်ရွက်ခြင်းငှါမစွမ်းနိုင်အံ့၊ ထိုအပြစ်ဖြင့် သတ်အံ့ဟု လျှောက်သည်ရှိသော်၊ အဘယ်အမှုနည်းဟု မေးလတ်သော်၊ နေ့ချင်းပြီး ဥယျာဉ်ကို ဘန်ဆင်းစေလော၊ ဥယျာဉ်မပြီးလျှင် သတ်ကုန်အံ့ဟုလျှောက်၏။

ထိုအခါ မင်းသည် ဘုရားလောင်းဓမ္မဓဇကိုခေါ်၍ ဥယျာဉ်တော်ကို နေ့ချင်းပြီးဘန်ဆင်းလောဟုစေခိုင်း၏။ ဘုရားလောင်း၏သီလတန်းခိုးကြောင့် သိကြားမင်းသည် လာလတ်၍ နန္ဒဝန်ဥယျာဉ်နှင့်တူစွာ ဥယျာဉ်ကို ဘန်ဆင်း၍ပေး၏။ ဥယျာဉ်သည် ဆန်းကြယ်စွာပြည့်စုံသောကြောင့်မသတ်ရ။

ထိုမှတဘန် စစ်သူကြီးအကြံပေးချက်အရ ရေကန်ကို ဘန်ဆင်းစေ၏။ ။တဘန် အိမ်ကို ဘန်ဆင်းစေ၏။ ။တဘန် ပတ္တမြားကိုဘန်ဆင်းစေ၏။ ။ထိုအလုံးစုံကို သိကြားမင်းဘန်ဆင်း၍ပေးသဖြင့်ပြည့်စုံသောကြောင့်မသတ်ရပြန်။ ။တဘန် စစ်သူကြီး အကြံပေးချက်အရ အင်္ဂါလေးပါးနှင့် ပြည့်စုံသော ဥယျာဉ်စောင့်ဥယျာဉ်မှူးကို ဘန်ဆင်းစေ၏။ ထိုအခါ သိကြားမင်း၏ အကြံဉာဏ်ပေးချက်အရ ဘုရားလောင်း ဓမ္မဓဇသည် အင်္ဂါလေးပါးနှင့်ပြည့်စုံသော ဆတ္တပါဏိမည်သော ဆေတ္တာသည်ကို ခေါ်၍ ဤအင်္ဂါလေးပါးနှင့် ပြည့်စုံသော ဆတ္တပါဏိမည်သော ဆေတ္တာသည်ကို ဥယျာဉ်မှူး ပြုတော်မူပါလောဟု မင်းအား ဆက်သ၏။ မင်းသည် ဆေတ္တာသည်အား အင်္ဂါလေးပါးနှင့်ပြည့်စုံသလောဟုမေးရာ၊ ဆေတ္တာသည်သည်အင်္ဂါလေးပါးနှင့်ပြည့်စုံပါ၏ဟုလျှောက်၏။ ။မင်းသည် အင်္ဂါလေးပါးကား အဘယ်နည်းဟုမေးရာ၊ ဆေတ္တာသည်သည် အရှင်မင်း

မြတ်၊ အကျွန်ုပ်သည်။ ၁-ငြုပ်ရှုစောင်းမြောင်းခြင်း ဆူသာမရှိ။ ၂-ယစ်မျိုးဆယ်ပါး သောက်စားခြင်း မရှိ၊ ၃-တဏှာဖြင့်ချစ်ခြင်းလည်းမရှိ။ ၄-အမျက်ထွက်ခြင်းမရှိဟုလျှောက်ဆို၏။

ထိုဆတ္တပါဏိမည်သော ဆေတ္တာသည်သည် မိမိ၏ လေးပါးကုန်သော အင်္ဂါတို့ကို လျှောက်အပ်သည် ရှိသော် ယသပါဏိမင်းသည် ပရိသတ်အား မျက်စိမှိတ်ခြင်း,လည်ပြတ်ခြင်း, လက်ဖျစ် တီးခြင်း-အမှတ်သညာကို ပေး၏။ ။ထိုခဏ၌ပင် လျှင် အမတ်,ပုဏ္ဏား, သူကြွယ်-အစရှိကုန်သော ပရိသတ်တို့သည် ထကြကုန်၍၊ ဟယ်...တံဆိုးစားတတ်သော ခိုးသူပျက်၊ သင်သည် တံဆိုးကိုခစားရ၍ ပညာရှိဓမ္မဓဇကိုစွပ်စွဲ၍ သတ်လိုသည်ဖြစ်၏ဟု ကဲ့ရဲ့ကြကုန်၍၊ ကာဠကစစ်သူကြီးကို လက်ခြေတို့၌ ကိုင်ကုန်၍ မင်းအိမ်နန်းတော်မှချကုန်၍ ကိုင်မိတိုင်း, ကိုင်မိတိုင်းသာလျှင် ဖြစ်ကုန်သော ကျောက်ဆောက်ပုတ်တို့ဖြင့် ဦးခေါင်းကိုခွဲကုန်၍ အသက်ကုန်ခြင်းသို့ရောက်စေကုန်၍, ခြေတို့၌ ကိုင်ကုန်၍ ဆွဲငင်ကုန်လျက် တံမြက်ချေးအမှိုက်စုရာ အရပ်၌ စွန့်ပစ်ကြကုန်၏။

ထို့ကြောင့်-ဒုက္ကနိပါတ်၊ ဓမ္မဓဇဇာတ်အဋ္ဌကထာ၌—

(က) သေနာပတိ ပနဿ ဝိနိစ္ဆယံ ကရောန္တော လဒ္ဓံ ဂဟေတွာ ခါဒတိ။ ပရပိဋ္ဌိမံသိကော လဒ္ဓံ ဂဟေတွာ အဿာမိကေ သာမိကေ ကရောတိ။

(ခ) ဇဝံ ဆတ္တ ပါဏိနော အတ္တနော စတုသု အင်္ဂေသု ကထိတေသု ရာဇာ ပရိသာယ ဇ္ဈာပေသိ။ တင်္ခဏညေဝ အမစ္စဗြာဟ္မဏ ဂဟာပတိကာဒယော ဥဋ္ဌဟိတွာ ဟာရေ လဒ္ဓခါဒက-ဒုဋ္ဌစောရ တွံ လဒ္ဓံ အလဘိတွာ ပဏ္ဍိတံ ဥပဝဒိတွာ မာရေတုကာမော ဇာတောတိ ကာဠကံ သေနာပတိံ ဟတ္ထပါဒေသု ဂဟေတွာ ရာဇနိဝေသနာ ဩတာရေတွာ ဂဟိတဂဟိတေဟေဝ ပါသာဏမုဂ္ဂရေဟိ သီသံ ဘိန္ဒိတွာ

ဇီဝိတက္ခယံ ပါပေတွာ ပါဒေသု ဂဟေတွာ ကဍ္ဎန္တာ သက်ရမ္ဘာနေ ဆင္ခေသုံ။ ။ဟုပြခတော်မူ၏။ ၁၉၁၀-ခု နှစ်ရိုက်၊ပြည်ကြီးမဏ္ဍိုင် စာအုပ်နံပါတ်(၁၉၃)၌ (က) မှတ်ပါဠိကိုကြည့်။ ။၎င်းစာအုပ် နံပါတ်(၁၇၁)၌(ခ) မှတ် ပါဠိကိုကြည့်။

မှတ်ချက်။ ။၎င်းဝတ္ထုအကျယ်ကို ၎င်း ဓမ္မဓေဇာတ်ပါဠိ တော်-အဋ္ဌကထာ၌ ၎င်း။ ဟံသာဝတီရိုက်၊ ဆိုက်ငယ်၊ ၎င်း နိပါတ်ဝတ္ထုစာအုပ်နံပါတ်(၂၉၀)စသည်၌၎င်း ကြည့်ရှု၍ မှတ် ယူအပ်၏။

## သာဓကပါဠိအနက်ကို က-ခ အစဉ်အတိုင်းမှတ်။

(က) မှတ် အနက်ကား။ ။ပန၊ ထိုမှတပါး။ အသော၊ ထို ယသပါလမင်း၏။ သေနာပတိ၊ကာဠကမည်သောစစ်သူကြီး သည်။ ဝိနိစ္ဆယံ၊တရားဆုံးဖြတ်ခြင်းကို။ ကရောန္တော၊ပြုသည် ရှိသော်။လဉ္ဇံ၊တံဆိုးလာဘ်ဥစ္စာကို၊ခါဒတိ၊ခဲစားတတ်၏၊ ပရ ပိဋ္ဌိမံသိကော၊သူတပါးတို့၏ကျောက်ကုန်းသားကို စားတတ် သည်။ဟောတိ၊၏။ လဉ္ဇံ၊တံဆိုးလာဘ်ကို။ ဂဟေတွာ၊ ယူ၍၊ အဿာမိကေ၊ဥစ္စာရှင်မဟုတ်ကုန်သောသူတို့ကို။ သာမိကေ၊ ဥစ္စာရှင်တို့ကို။ကရောတိ၊ပြု၏။ ။ဤကား(က)မှတ် အနက်။

(ခ) မှတ်အနက်ကား။ ။ဧဝံ၊ ဤသို့။ ဆဒ္ဒန္တပါလိနော၊ ဆဒ္ဒန္တပါလိအမည်ရှိသော ဆေတ္တာသည်သည် အတ္တနော၊မိမိ ၏၊စတူသု၊လေးပါးကုန်သော။အင်္ဂေသု၊အင်္ဂါတို့ကို။ကထိတေ သု၊ဆိုအပ်ကုန်သည်ရှိသော်၊ ရာဇာ၊ယသပါလမင်းသည်။ပရိ သာယ၊ ပရိသတ်အား။ ဠူယိတသည်၊ တိုက်တွန်း အပ်သော အမှတ်သညာကို။ ဝါ၊ မျက်စိမှိတ်ခြင်း, လည်ငြိတ်ခြင်း, လက် ဖျစ်တီးခြင်း အမှတ်သညာကို။ အဒါသိ၊ပေး၏။ တဝ်ဏာညေဝ၊ ထိုမင်းအမှတ်သညာပေးသောခဏ၌သာလျှင်။အမစ္စပြာဟ္မဏာ ဂဟပတိကာဒယော၊ အမတ်, ပုဏ္ဏား, သူကြွယ်-အစရှိကုန်

သောပရိသတ်တို့သည်။ ဥဒ္ဓဟိတွာ၊ထကုန်၍။ ဟာရေလဍ္ဍခါဒကဒုဋ္ဌစောရ၊ဟာယ်-တံဆိုးကိုစားတတ်သောပျက်သောခိုးသူ။ တွံ၊နင်သည်၊ လဍ္ဍံ၊တံဆိုးလာဘ်ဥစ္စာကို။ အလဘိတွာ၊မရ၍။ ဝ၊၊မရသောကြောင့်။ ပဏ္ဍိတံ၊ ပညာရှိခမ္မစကို။ ဥပဝဒိတွာ၊ မဟုတ်မမှန် စွပ်စွဲ၍၊ မာရေတုကာမော၊ သတ်လိုသည်။ ဝါ၊ သဘ်စေလိုသည့်။ ဇာတော၊ ဖြစ်၏။ ဣတိ၊ဤသို့။ ဝတွာ၊ကဲ့ရဲ့ပြောဆိုကြကုန်၍၊ ကာဋ္ဌကံ၊ ကာဋ္ဌကအမည်ရှိသော။ သေနာပတိံ၊စစ်သူကြီးကို။ ဟတ္ထပါဒေသု၊လက်ခြေတို့၌။ဂဟေတွာ၊ ကိုင်၍၊ ရာဇနိဝေသနာ၊ မင်းအိမ်နန်းတော်မှ။ ဩတာရေတွာ၊ ဆွဲချ၍။ ဂဟိတဂဟိတေဟေဝ၊ ကိုင်ယူမိတိုင်း,ကိုင်ယူမိတိုင်းသာလျှင်ဖြစ်ကုန်သော။ပါသာဏမုဂ္ဂရေဟိ၊ကျောက်,ဆောက်ပုတ်တို့ဖြင့်။ သီသံ၊ဦးခေါင်းကို။ ဘိန္ဒိတွာ၊ဘောက်ခွဲပြီး၍၊ဇီဝိတက္ခယံ၊ အသက်၏ကုန်ခြင်းသို့၊ ပါပေတွာ၊ ရောက်စေပြီး၍။ ပါဒေသု၊ခြေတို့၌၊ ဂဟေတွာ၊ကိုင်၍၊ ကဍ္ဎန္တာ၊ဆွဲငင်ကြကုန်လျက်၊သက်ရှိခွာနေ၊တံမြက်ချေးစုရာအချပ်၌။ဆင္ဒေ့သုံ၊စွန့်ပစ်ကြကုန်၏။ ။ဤကား(ခ)မှတ်အနက်တည်း။

**မှတ်ချက်။** ။ဤအဋ္ဌကထာ၌သေသည်၏အခြားမဲ့၌ငရဲသို့လား၏-ဟု မပြ ငြားသော်လည်း အတ္ထာပတ္တိ နည်းအားဖြင့် ကာဋ္ဌကစစ်သူကြီးသည် ငရဲသို့လား၏ဟု မှတ်ယူသင့်၏။ ။ ဤသို့ မတရားသော တံဆိုးစာ.ခြင်းကြောင့် အဆက်ဆက် အကုသိုလ်ပွါးများ၍မျက်မှောက်ပစ္စက္ခ၌ကာဋ္ဌက၏ကြီးစွာသော ပျက်စီး ခြင်းသို့ ရောက်သည့်ကို ပညာဖြင့် ဆင်ခြင်ကြပြီးလျှင် တံဆိုးစားခြင်းမှကြဉ်ရှောင်ကုန်ရာ၏။

## မှတ်ခုသက်ဘသံပေါက်။

(၁) တံဆိုးလာဘ်စား။အကုသ္ပါ။ ပျက်ငြားမျက်မှောက်မှာ။
(၂) သေသည်အခြား။ငရဲလား။မှတ်သားမျိုးလေးဖြာ။
(၃) ကာဋ္ဌကထုံး။ပျက်၍ပြုန်း။နှလုံးပိုက်ယူရာ။
(၄) တံဆိုးမစား။မှန်တရား။ဖြောင့်သားဆုံးဖြတ်ပါ။

(၅) ဖြောင့်ဖြောင့်တရား။ဆုံးဖြတ်ကြား။ရေးကော်ပြားနှင်တို့ရှာ။
(၆) ယင်းသာမကာ။နိဗ္ဗာန။မှချရောက်လိမ့်သာ။
(၇) အနုသာသန။ဆင့်၍ပြ။ဘွေးဆလိုက်နာပါ။

တံဆိုးစားသောကာဠက စစ်သူကြီး၏ထုံး၀တ္ထုပြီး၏။

\+ + + +

## (၁၂) တံသိုးစားသော ခဏ္ဍဟာလပုဏ္ဏား၏ ထုံး၀တ္ထုကိုပြခြင်း။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်သည် ပုပ္ဖ၀တီ အမည်သည် ဖြစ်၏၊ ထိုပုပ္ဖ၀တီပြည်၌ ၀သ၀တ္တိမင်း၏ ဧက ရာဇာမည်သောသားသည် မင်းပြု၏။ ထိုမင်း၏သားဖြစ်သော စန္ဒမင်းသားသည် အိမ်ရှေ့မင်းဖြစ်၏။ ခဏ္ဍဟာလပုဏ္ဏားသည် ပုရောဟိတ်ဖြစ်၏၊ ထိုခဏ္ဍဟာလပုဏ္ဏားသည်မင်းအားအကျိုး ကိုဂင်း၊ အကြောင်းကိုဂင်း-ဆုံးမ၏၊ ထိုခဏ္ဍဟာလပုဏ္ဏားကို မင်းသည် ပညာရှိ၏ဟူ၍ တရားဆုံးဖြတ်သောအရာ၌ နေစေ သတတ်။ ထိုခဏ္ဍဟာလပုဏ္ဏားသည် တံဆိုးလာဘ်စားခြင်း၌ နှစ်သက်ခြင်းရှိသည်ဖြစ်၍ တံဆိုးလာဘ်ကိုယူပြီးလျှင် ဥစ္စာရှင် မဟုတ်ကုန်သောသူတို့ကို ဥစ္စာရှင်ဟုတ်သည်တို့ကိုပြု၏၊ ဥစ္စာ ရှင်ဟုတ်သောသူတို့ကို ဥစ္စာရှင်မဟုတ်သည်တို့ကို ပြု၏။ ။ ထိုအခါတနေ့သ၌ တရားရှုံးသောယောကျ်ားတယောက်သည် တရားဆုံးဖြတ်ရာ အရပ်မှ ကြွေးကြော်လျက် ထွက်ခဲ့၍ မင်း အား ခစားအံ့သောငှါ လာလတ်သော စန္ဒမင်းသားကို မြင်၍ ပြေးလေ၍ မင်းသား၏ခြေတို့၌ဝပ်၍သာလျှင် ငို၏။ ထိုစန္ဒမင်း သားသည် အိုယောကျ်ား၊အဘယ်ကြောင့်ငိုသနည်းဟုမေး၏။ အရှင့်သား၊ခဏ္ဍဟာလပုဏ္ဏားသည်တရားကိုဆုံးဖြတ်ရာ၌ တံ ဆိုးစား၏၊ အကျွန်ုပ်ကို ထိုခဏ္ဍဟာလပုဏ္ဏားသည် တံဆိုးကို ယူ၍ရှုံးခြင်းသို့ရောက်စေအပ်၏ဟုကြားလျှောက်သည်ရှိသော်၊စန္ဒ မင်းသားသည်မကြောက်လင့်ဟု ထိုတရားရှုံးသောယောကျ်ား ကိုနှစ်သိမ့်စေ၍ တရားဆုံးဖြတ်ရာအရပ် ရုံးသို့ ခေါ်ဆောင်၍

မှန်ကန်စွာ တရားကို ဆုံးဖြတ်၍ ဥစ္စာရှင်ဟုတ်သောသူကိုသာ လျှင်ဥစ္စာရှင်ဟုပြု၏။ဥစ္စာရှင်မဟုတ်သောသူကိုဥစ္စာရှင်မဟုတ် သည်ကိုပြု၏။ လူများအပေါင်းသည် ကျယ်စွာသောအသံဖြင့် ကောင်းချီးပေး၏။မင်းသည်ထိုကောင်းချီးပေးကြသောအသံကို ကြား၍ဤအုတ်အုတ်ကျက်ကျက်သောအသံကားအဘယ်နည်း ဟု မေး၍၊ ဤအုတ်အုတ်ကျက်ကျက်သောအသံသည် စန္ဒမင်း သားသည် တရားကို ကောင်းစွာ ဆုံးဖြတ်ပေသတတ်ဟု ထို တရားဆုံးဖြတ်သော ရုံးအရပ်၌ ကောင်းချီးပေးသော အသံပါ တည်းဟုလျှောက်ဆိုကြကုန်၏။မင်းသည် ထိုစကားကိုကြား၍ နှစ်သက်တော်မူ၏။ စန္ဒမင်းသားသည် လာလတ်၍ ထိုခမည်း တော်မင်းကြီးကို ရှိခိုး၍ တင့်အပ်လျှောက်ပတ်သော အရပ်၌ နေ၏။ ထိုအခါ ခမည်းတော်ဧကရာဇ်မင်းသည် ချစ်သား သင် သည် တခုသောတရားကို ဆုံးဖြတ်သလောဟု မေးတော်မူ၏။ အရှင်မင်းကြီး တရားဆုံးဖြတ်ခြင်းသည် မှန်ပေ၏ဟု လျှောက် ၏။ထိုသို့တပြီးကား၊ဝါ၊ငါတိုက်တွန်းပါ၏၊ချစ်သား ဤနေ့မှစ၍ သင်သည်သာလျှင် တရား ဆုံးဖြတ်ခြင်းကို ဖြစ်စေသော-ဟု တရားဆုံးဖြတ်သောအရာကို မင်းသားအားပေးတော်မူ၏။

ထိုနေ့မှစ၍ ခဏ္ဍဟာလပုဏ္ဏားအား အခွန်အတုတ်သည် ပြတ်၏၊ထိုခဏ္ဍဟာလပုဏ္ဏားသည် ထိုအခါမှစ၍စန္ဒမင်းသား ၌ရန်ငြိုးဖွဲ့၍တတ်အံ့သောအခွင့်ကိုရှာလျက်လှည့်လည်သွားလာ ၏။ထိုဧကရာဇမင်းသည် နည်းသောပညာရှိ၏။တနေ့သ၌ ညဉ့် အတို၌အိပ်၍ မိုးသောက်သောအခါ၌ အိပ်မက်၌ တန်းဆာဆင် အပ်သော တံခါးမုခ်ရှိထသော ရတနာခုနစ်ပါးတို့ဖြင့်ပြီးသော တံတိုင်းရှိထသောယှဉ်နာခြောက်ဆယ်ရှိသောရွှေဖြင့်ပြီးသော သဲတို့ဖြင့်ဖြန့်ကြဲအပ်သော လမ်းခရီးရှိထသော အစော်ယှဉ်နာ တသောင်း ရှိသော ဝေဇယန္တာ ပြာသာဒ်ဖြင့်လည်း တန်းဆာ ဆင်အပ်ထသော မွှေ့လျော်ဘွယ်ရှိသော နန္ဒဝန်ဥယျာဉ်,ရေ ကန်-စသည်တို့နှင့် ပြည့်စုံထသော ပြည့်သောနတ်အပေါင်း ရှိ

ထသော တာဝတိံသာ နတ်ပြည်ကိုမြင်၍ အိပ်ရာမှ နိုး၏။ ထို ကောရာဇမင်းသည် ထိုတာဝတိံသာနတ်ပြည်သို့ သွားလိုသည် ဖြစ်၍ကြံ၏။ နက်ဖြန် ဆရာခဏ္ဍဟာလပုဏ္ဏား လာသောအခါ နတ်ပြည်သို့သွားရအံ့သော လမ်းခရီးကိုမေး၍ ထိုပုဏ္ဏားညွှန် ကြားသောလမ်းခရီးဖြင့် နတ်ပြည်သို့သွားအံ့ဟုကြံ၏။ နက်ဖြန် ထိုခဏ္ဍဟာလပုဏ္ဏားလာသောအခါနတ်ပြည်သို့သွားနိုင်သော လမ်းခရီးကို ပုဏ္ဏားအားမေး၏။ ထိုခဏ္ဍဟာလပုဏ္ဏားသည် ယခုအခါ၌ ငါ၏ရန်သူဖြစ်သော စန္ဒမင်းသား၏အသက်ကိုကုန် စေ၍ ငါ၏ နှလုံးအလိုကို ပြည့်စေအံ့ဟု ကြံပြီးလျှင်။ အရှင်မင်း မြတ်၊ မြတ်သောအလှူကို လှူကုန်၍ မသတ်အပ်သောသူတို့ကို သတ်ကုန်၍ နတ်ပြည်သို့ရောက်ကုန်၏ဟု လျှောက်ကြား၏။

ထိုအခါ မင်းသည် မြတ်သောအလှူဟူသည် အဘယ်နည်း။ မသတ်အပ်သောသူတို့သည်ကားအဘယ်နည်း။ထိုအကြောင်း ကို ငါတို့အားကြားလော။ ပူဇော်ပါအံ့၊ လှူပါအံ့ဟုဆို၍ ပုဏ္ဏား ကိုမေး၏၊ ထိုခဏ္ဍဟာလပုဏ္ဏားသည်အရှင်မင်းမြတ်၊မိမိမှဖြစ် သော သားသမီးတို့ဖြင့်၎င်း၊ ချစ်လှစွာသော မယားတို့ဖြင့်၎င်း၊ သူဌေးတို့ဖြင့်၎င်း၊ကိုယ်လုံးဖြူသောနွားလားဥသဘတို့ဖြင့်၎င်း၊ မင်္ဂလာရှိသော မြင်းတို့ဖြင့်၎င်း၊ ဤလေးပါး လေးပါးစီတို့ဖြင့် ယဇ်ပူဇော်အပ်၏ဟုလျှောက်ကြား၏၊ ထိုခဏ္ဍဟာလပုဏ္ဏားသည် ဤသို့လျှောက်ထားဖြေကြားပြီးလျှင်အရှင်မင်းမြတ်၊ယဇ်ပူဇော် ခြင်း၌စွမ်းနိုင်ပါ၏လောဟုမေးလျှောက်ပြန်၏။ ၊ဆရာ၊ယဇ် ပူဇော်ခြင်း၌စွမ်းနိုင်ပါ၏၊သင်တို့သည်သာလျှင် ယဇ်ကိုစီရင် လောဟုခဏ္ဍဟာလပုဏ္ဏားအားအပ်နှင်း၏။

ထိုခဏ္ဍဟာလပုဏ္ဏားသည်မြို့ပြင်၌ ယဇ်တိုင်,ယဇ်တွင်းတို့ ကိုစီရင်ပြီးလျှင် မင်းကို ရှေးဦးစွာ သားတော်,သမီးတော်တို့ကို ယဇ်ပူဇော်အံ့သော၌ ဆောင်စေလောဟု လျှောက်ဆို၏။ ထို ကောရာဇမင်းသည်မင်းချင်းယောကျ်ားတို့ကို စန္ဒမင်းသား,သူရိ

ယမင်းသား-စသော သားတော်,သွီးတော်တို့ကို ဆောင်ယူအံ့သောငှါ စေလိုက်၏။ မင်းချင်း ယောကျ်ားတို့သည် ရှေးဦးစွာ စန္ဒမင်းသားအထံသို့သွား၍အကြောင်းကိုကြား၏။ စန္ဒမင်းသားသည် မည်သူ၏စကားဖြင့် ဆောင်စေသနည်းဟုမေး၏။ ခဏ္ဍဟာလပုဏ္ဏားဖ၏စကားဖြင့်ဆောင်စေ၏ဟုဆိုသော်၊ငါတယော်ကြောင့်အလုံးစုံကုန်သောသူတို့သည်မပျက်စီးစေလင့်ဟုဆို၍၊ ငါ့ကို မင်းအထံသို့ဆောင်လေဟု ဆိုပြီးလျှင် မင်း၏အထံသို့ ရောက်လျှင် ယဇ်ပူဇော်ခြင်းအကျိုးမရှိဟုအစရှိသည်ဖြင့် များစွာ အကြောင်းပြ၍, တောင်းပန်ငြားသော်လည်း မရ။ ။ထို့အတူ မိဖုရား,မှူးမတ်,သူဌေး,သူကြွယ်-စသောပညာရှိပြည်သူအပေါင်းတို့သည်လည်း အ မျိုး မျိုး တောင်းပန်ကြငြားသော်လည်း အခွင့်မရသည်ဖြစ်၍ စန္ဒမင်းသားစသောများစွာသော သတ္တဝါတို့ကို ယဇ်၏အနီးသို့ဆောင်ပြီးလျှင် ရှေးဦးစွာစန္ဒမင်းသားကိုဆောင်၍, ယဇ်တွင်း၏အနီး၌ရပ်လျက် လည်ကို ညွှတ်စေ၍ နေစေ၏။ ခဏ္ဍဟာလပုဏ္ဏားသည် သန်လျက်ကိုကိုင်၍, စန္ဒမင်းသား၏လည်ကို ဖြတ်အံ့သောငှါ ရပ်၏။ ထိုခဏ၌ စန္ဒာဒေဝိမိဖုရား၏—

> ယေနသစ္စေနခဏ္ဍဟာလော၊ပါပကမ္မံ ကရောတိ ဒုမ္မေဓော။
> ဧတေန သစ္စဝဇ္ဇေန၊သမင်္ဂီနီ သာမိကေန ဟောမိ။ ။

အစရှိသောသစ္စာစကားကြောင့်သိကြားမင်းသည်အလျှံပြောင်ပြောင်တောက်သောသံတူကြီးကို ယူ၍ လာလတ်ပြီးလျှင် ဧကရာဇမင်းကိုခြိမ်းချောက်၍ အလုံးစုံကုန်သောသူတို့ကိုသေဘေးမှလွတ်စေကုန်၏။

ထိုသေဘေးမှ လွတ်သော အခါ၌ ယဇ်ပူဇော်ရာ အရပ်၌စည်းဝေးကြကုန်သောသူတို့သည် တပြိုင်နက်အုတ်အုတ်ကျက်ကျက်ကိုပြုကုန်၍, ခဏ္ဍဟာလပုဏ္ဏားအား တယောက်တချက်အုတ် ကျောက်ခဲတို့ဖြင့် ထုနှက် ပုတ်ခတ်ခြင်းကို ပေးကုန်၏။

ခဏ္ဍဟာလပုဏ္ဏားကို ထိုအရပ်၌ပင်လျှင် အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏။ ထိုလူအပေါင်းတို့သည် ကြေရာဇမင်းကိုသတ်အံ့သောငှါ အားထုတ်ကုန်၏။ ထိုအခါ ဘုရားလောင်း စန္ဒမင်းသားသည်အဘကိုဖက်ထား၍ သတ်အံ့သောအခွင့်မပေးကုန်။ ထိုလူအပေါင်းတို့သည် ကြေရာဇမင်းအားအသက်ကိုပေးကုန်အံ့၊ သို့သော်ထိုမင်းယုတ်အားထီးဖြူကိုဎင်း၊ မြို့တွင်း၌နေခြင်းကိုဎင်း-မပေးကုန်အံ့။ ဒွန်းစဏ္ဍားပြု၍ မြို့ပ၌ထားကုန်အံ့ဟု ဆိုကြကုန်၍ မင်းအသွင်ကိုပယ်၍ ဖန်ရည်စွန်းသော ညစ်ညူးသော အဝတ်ကိုဝတ်စေ၍ နန္ဒင်းဆိုးသောအဝတ်ဖြင့် ဦးခေါင်းကိုရစ်ပတ်၍ ဒွန်းစဏ္ဍားပြု၍ ဒွန်းစဏ္ဍားတို့၏နေရာအရပ်သို့ပို့ဆောင်ကြကုန်၏။ ထိုအရပ်၌ပင်လျှင် စန္ဒမင်းသားကို အဘိသိက်သွန်း၍ မင်းမြှောက်ကြကုန်၏။

**မှတ်ချက်။** ။ဤစန္ဒကုမာရ ဇာတ်သည် ကျယ်ဝန်းသည်ဖြစ်၍ ထိုရင်း အဓိပ္ပါယ် သိလောက်ရုံမျှသာ အကျဉ်းအားဖြင့် ဘော်ပြလိုက်သည်။ ။အကျယ်ကိုအလိုရှိမူ၊ယင်းစန္ဒကုမာရဇာတ်ပါဠိတော်၊ဎင်းအဋ္ဌကထာတို့၌ မှတ်ယူအပ်၏။ ။ယင်းဇာတ်တော်ကိုရည်၍မန်လည်ဆရာတော်ကြီးသည် မဃာဒေဝ လင်္ကာသစ်၊ စာအုပ်နံပါတ်(၁၂၂)၌—

ဒိဋ္ဌိဆရာ။ ခဏ္ဍဟာလ။ ပြာဟ္မဏကြောင့်။ ပုပ္ဖဝတီ။ ပြည်ပူရီတွင်။ သိဂ်ိနန်းရှင်။ ဘုရင်ကေရာဇ်။ ဘဝနစ်ရှင့်။ ။ဟုစပ်ဆိုတော်မူ၏။

ထို့ကြောင့်-မဟာနိပါတ်၊စန္ဒကုမာရဇာတ်အဋ္ဌကထာ၌-

(က) အတီတေ ဘိက္ခဝေ ဗါရာဏသိ ပုပ္ဖဝတီနာမ အဟောသိ၊ တတ္ထ ဝသဝတ္တိရညော ပုတ္တော ဧကရာဇာနာမ ရဇ္ဇံ ကာရေသိ။ တဿ ပုတ္တော စန္ဒကုမာရောနာမ ဩပရဇ္ဇံ ကာရေသိ။ ခဏ္ဍဟာလောနာမ ဗြာဟ္မဏော ပုရောဟိတော အဟောသိ။ သော ရညော အတ္ထဉ္စ ဓမ္မဉ္စ အနုသာသတိ။ တံ ကိရ ရာဇာ ပဏ္ဍိ

တောတိ ဝိနိစ္ဆယေ နိဿိဒါပေသိ။သော လဋ္ဋဝိတ္တကော ဟုတွာ လဋ္ဋံ ဂဟေတွာ အဿာမိကေ သာမိကေ ကရောတိ။သာမိကေ အဿာမိကေ ကရောတိ။

(ခ) အထ သတ္တော ဒေဝရာဇာ တဿာ ပရိဒေဝသဒ္ဒံ သုတွာ တံပဝတ္တိံ ဉတွာ ဇလိတံ အယကူဋံ အာဒါယ ဂန္တွာ ရာဇာနံ တာသေတွာ သဗ္ဗေ ဝိဿဇ္ဇာပေသိ။

(ဂ) သဗ္ဗေသုဝိပ္ပရုတ္တေသု၊ယေ တတ္ထ သမာဂတာ အာသုံ။သဗ္ဗေ ဧကေကလေဍ္ဍုကမဒံသု၊သောဝေါ ခဏ္ဍာဟာလဿာတိ။

(ဃ) ဧကေကလေဍ္ဍုကမဒံသူတိ ဘိက္ခဝေ ယတ္တကာ တသ္မိံ ယညာဝါဋေ သမာဂတာ။ သဗ္ဗေ ဧကေကာလာဟာလံ ကတွာ ခဏ္ဍဟာလဿ ဧကေကလေဍ္ဍုပဟာရံ အဒံသု။ ဧသ ဝဓောတိ ဧသောဝ ခဏ္ဍဟာလဿ ဝဓော အဟောသိ။တတ္ထေဝ ဇီဝိတက္ခယံ ပါပေသုန္တိ အတ္ထော။ ။ဟုပြတော်မူ၏။(က)မှတ်ပါဠိကို၁၂၉ဂ-ခုနှစ်ရိုက်၊ကပိမျက်မှန်စာအုပ်နံပါတ်-၁၉။ (ခ)မှတ်ပါဠိကို ၎င်းစာအုပ် နံပါတ်-၉၀။ (ဂ)မှတ်ပါဠိကို စန္ဒကုမာရဇာတ်ပါဠိတော် ပုဒ်ရေ နံပါတ်-၁၉၀။ (ဃ)မှတ်ပါဠိကို ၎င်းအဋ္ဌကထာ စာအုပ်နံပါတ်-၁၉- မှာကြည့်။

**မှတ်ချက်။** ။သာဓက ပါဠိများကိုလည်း လိုရင်း အချက် အနည်းငယ်မျှသာ ဘော်ပြလိုက်သည်။ အကျယ်ကို ၎င်းပါဠိ, အဋ္ဌကထာ၌ယူအပ်၏။

**သာဓကပါဠိအနက်ကို-က-ခ-ဂ-ဃ-အစဉ်အတိုင်းမှတ်။**

(က) မှတ်အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ အတီတေ၊ ရှေးလွန်လေပြီးသော အခါ၌၊ ဗာရာဏသိ၊ ဗာရာဏသိ

ပြည်သည်။ ပုပ္ဖဝတီနာမ၊ ပုပ္ဖဝတီအမည်ရှိသည်။ အဟောသိ၊ ဖြစ်ပြီ။ တတ္ထ၊ ထိုပုပ္ဖဝတီပြည်၌။ ဝသဝတ္တိရညော၊ ဝသဝတ္တိမင်း၏။ ကေရဇာနာမ၊ ကေရဇာမည်သော။ ပုတ္တော၊ သားသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို၊ ကာရေသိ၊ ပြုပြီ။ တဿ၊ ထိုကေရဇာမင်း၏။ စန္ဒကုမာရောနာမ၊ စန္ဒမင်းသားအမည်ရှိသော။ ပုတ္တော၊ သားသည်။ ဩပရဇ္ဇံ၊ အိမ်ရှေ့မင်းအဖြစ်ကို၊ ကာရေသိ၊ ပြုပြီ။ ခဏ္ဍဟာလောနာမ၊ ခဏ္ဍဟာလအမည်ရှိသော၊ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ ပုရောဟိတော၊ ပုရောဟိတ်သည်၊ အဟောသိ၊ ဖြစ်ပြီ။ သော၊ ထိုခဏ္ဍဟာလပုရောဟိတ်ပုဏ္ဏားသည်။ ရညော၊ မင်းအား။ အတ္ထဥ္စ၊ အကျိုးကိုရင်း။ ဓမ္မဥ္စ၊ အကြောင်းကိုရင်း။ အနုသာသတိ၊ ဆုံးမ၏။ တံ၊ ထိုခဏ္ဍဟာလပုဏ္ဏားကို။ ရာဇာ၊ ကေရဇမင်းသည်၊ ပဏ္ဍိတောတိ၊ ပညာရှိ၏ဟူ၍။ ဝိနိစ္ဆယေ၊ တရားဆုံးဖြတ်ရာရုံးအရပ်၌။ နိသီဒါပေသိ၊ နေစေပြီ။ သော၊ ထိုခဏ္ဍဟာလပုဏ္ဏားသည်။ လဉ္စဝိတ္တကော၊ တံစိုးစားခြင်း၌ နှစ်သက်ခြင်းရှိသည်။ ဟုတွာ၊ ဖြစ်၍။ လဉ္စံ၊ တံစိုးလာဘ်ကို။ ဂဟေတွာ၊ ယူ၍။ အဿာမိကေ၊ ဥစ္စာရှင်မဟုတ်သောသူတို့ကို။ သာမိကေ၊ ဥစ္စာရှင်တို့ကို၊ ကရောတိ၊ ပြု၏။ သာမိကေ၊ ဥစ္စာရှင်ဖြစ်သောသူတို့ကို။ အဿာမိကေ၊ ဥစ္စာရှင်မဟုတ်သည်တို့ကို။ ကရောတိ ပြု၏။ ။ဤကား(က)မှတ်အနက်တည်း။

(ခ) မှတ်အနက်ကား။ ။အထ၊ ထိုအခါ၌။ ဒေဝ ရာဇာ၊ နတ်တို့၏မင်းဖြစ်သော။ သက္ကော၊ သိကြားမင်းသည်။ တဿ၊ ထိုစန္ဒာဒေဝိမိဖုရား၏။ ပရိဒေဝသဒ္ဒံ၊ ငိုကြွေးသံကို၊ သုတွာ၊ ကြား၍။ ဝါ၊ ကြားသောကြောင့်။ တံပဝတ္တိံ၊ ထိုဖြစ်သောအကြောင်းကို။ ဉတွာ၊ သိ၍။ ဇလိတံ၊ အလျှံပြောင်ပြောင်တောက်သော။ အယကူဋံ၊ သံတူကို။ အာဒါယ၊ ယူ၍။ ဂန္တွာ၊ လာလတ်၍။ ရာဇာနံ၊ ကေရဇမင်းကို။ တာသေတွာ၊ ထိတ်လန့်စေပြီး၍။ သဗ္ဗေ၊ အလုံးစုံကုန်သော သူတို့ကို။ ဝိဿဇ္ဇာပေသိ၊ အနှောင် အဖွဲ့မှ လွှတ်စေပြီ။ ။ဤကား(ခ)မှတ်အနက်တည်း။

(ဂ) မှတ်အနက်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့၊သဗ္ဗေသ၊ ခပ်သိမ်းကုန်သောသူတို့သည်။ ဝိပ္ပရက္ကေသ၊သိကြားမင်းတန်း ခိုးကြောင့် အနှောင်အဖွဲ့မှ လွတ်ကုန်သည်ရှိသော်။ ယေဇနာ၊ အကြင်မျှလောက်ကုန်သောလူတို့သည်။တတ္ထ၊ထိုယဇ်တွင်း၌၊ ဝါ၊ထိုယဇ်ပူဇော်ရာအရပ်၌။ သမာဂတာ၊အညီအညွတ်စည်း ဝေးလာကြကုန်သည်။ အာသုံ၊ဖြစ်ကုန်၏။ သဗ္ဗေ၊ခပ်သိမ်းကုန် သော။တေဇနာ၊ထိုလူတို့သည်၊ဧကေကလေဍ္ဍုကံ၊တယောက် တချက်စီခဲကို။ဝါ၊တယောက်တချက်စီ ကျောက်အုတ်ခဲတို့ဖြင့် ပစ်ခတ်ပုတ်ခတ်ခြင်းကို၊ အဒံသု၊ပေးကြကုန်ပြီ။ ဧသော၀၊ ဤတယောက်တချက်စီ ပစ်ခတ်ခြင်းသည်သာလျှင်။ ခဏ္ဍဟာ လဿ၊ ခဏ္ဍဟာလပုဏ္ဏားအား။ ၀ဓော၊ သတ်ခြင်းသည်။ အ ဟောသိ၊ဖြစ်ပြီ။ ။ဤကား(ဂ)မှတ်အနက်တည်း။

(ဃ) မှတ်အနက်ကား။ ။ဧကေကလေဍ္ဍုကမဒံသူတိ၊ဧကေ ကလေဍ္ဍုကမဒံသု-ဟူသည်ကား။ ဘိက္ခဝေ၊ရဟန်းတို့။ ယတ္တ ကာ၊ အကြင်မျှလောက်ကုန်သောလူတို့သည်။ တသ္မိံယညာဝါ ဋေ၊ထိုယဇ်တွင်း၌။သမာဂတာ၊အညီအညွတ်စည်းဝေးလာကြ ကုန်သည်။ အာသုံ၊ဖြစ်ကုန်ပြီ။ တတ္တကာ၊ထိုမျှလောက်ကုန်သော။ သဗ္ဗေ၊ အလုံးစုံကုန်သော လူတို့သည်။ ဧက ကောလာဟလံ၊ တပြိုင်နက်အုတ်အုတ်ကျက်ကျက်ကို။ ကတွာ၊ပြု၍။ ခဏ္ဍဟာ လဿ၊ခဏ္ဍဟာလပုဏ္ဏား။ဧကေကလေဍ္ဍုပဟာရံ၊တယောက် တချက်စီကျော်အုတ်ခဲတို့ဖြင့်ပစ်ခတ်ပုတ်ခတ်ခြင်းကို။ အဒံသု၊ ပေးကုန်ပြီ။ ဧသော၀ဓောတိ၊ဧသော၀ဓော-ဟူသည်ကား။ဧသော၀၊ ဤတယော်တချက်စီကျောက်အုတ်ခဲတို့ဖြင့် ပစ်ခတ်ခြင်းသည် သာလျှင်။ခဏ္ဍဟာလဿ၊ခဏ္ဍဟာလပုဏ္ဏားအား။၀ဓော၊သတ် ခြင်းသည်။ အဟောသိ၊ဖြစ်ပြီ။ တတ္ထေ၀၊ထိုအရပ်၌သာလျှင်။ ဇီဝိတက္ခယံ၊အသက်၏ကုန်ခြင်းသို့။ပါပေသုံ၊ရောက်စေကုန်ပြီ။ ဣတိအယံ၊ဤဆိုအပ်သည်ကား။အတ္ထော၊ဧသော၀ဓော-ဟူသော ပုဒ်၏အနက်တည်း။ ။ဤကား(ဃ)မှတ်ပါဠိ၏အနက်တည်း။

**မှတ်ချက်။** ။ဤအနက်အဓိပ္ပါယ်ကို ရည်၍ ကင်းဝန်မင်းကြီးရေးသော အင်္ဂသံဒိပ် ဓမ္မသတ်ကျမ်း၌ ခဏ္ဍာဟာလပုဏ္ဏားတံဆိုးစား၍ မျက်မှောက်ပစ္စက္ခ၌ပျက်စီးသောထုံး–ဟူ၍ ရေးသား၏။

တံဆိုးစားသောခဏ္ဍာဟာလပုဏ္ဏား၏ထုံးဝတ္ထု
အကျဉ်းပြီး၏။

\+ + + +

## (၁၃) တံဆိုးစားသောကုရုမင်း၏ ထုံးဝတ္ထု အကျဉ်းကိုပြခြင်း။

ရှေးလွန်လေပြီးသောအခါ ကုရုတိုင်း၌ ကုရုမင်းသည်မင်းပြု၏။ထိုအခါငါတို့ဘုရားလောင်းရသေ့သည်ဟိမဝန္တာမှရသေ့ငါးရာနှင့်တကွလာ၍ ကုရုမြို့ မြောက်တံခါး၏အနီး တခုသောပညောင်ပင်၏အရင်း၌နေ၏။ နောက်မှလာသော ရသေ့ငါးရာတို့သည် ထိုပညောင်ပင်သို့ဝင်၍နေကြကုန်၏ ထိုရသေ့ဂိုဏ်းနှစ်ဦးတို့သည် သင်တို့၏သစ်ပင်မဟုတ်၊ငါတို့၏ သစ်ပင်တည်းဟု သစ်ပင်ကိုမှီ၍ ငြင်းခုန်ကြကုန်၏၊ ထိုရသေ့ဂိုဏ်း နှစ်ဦးတို့သည် မင်းအိမ်သို့သွားကြကုန်၏။မင်းသည် ရှေးဦးစွာနေသောရသေ့အပေါင်းကိုသာလျှင် သစ်ပင်ရှင်ကိုပြု၏။ ။နောက်လာသောရသေ့တို့သည် ရထားချိုင့်ကိုဆောင်၍ မင်းအား တံဆိုးပေးပြီးလျှင် မင်းမြတ်၊ ငါတို့အားလည်း သစ်ပင်ရှင်ကိုပြုလော ဟု ဆိုကြကုန်၏။ မင်းသည်တံဆိုးကိုယူ၍ နှစ်ဦးသော ရသေ့အပေါင်းတို့သည်နေကြကုန်လောဟုနှစ်ဦးသောရသေ့အပေါင်းတို့ကိုလည်း သစ်ပင်ရှင်ကိုပြု၏။

ဤမှတပါးရှေးဦးစွာနေသောရ သေ့တို့သည် ရထားချိုင့်၏ရထားလှည်းဘီး စက်တို့ကို ဆောင်၍ တံဆိုးပေးပြီးလျှင် မင်းမြတ် ငါတို့ကို သာလျှင် သစ်ပင်ရှင် ပြုလောဟု ဆိုကြကုန်၏၊ မင်းသည်ရသေ့တို့ဆိုတိုင်းအရှင်ကိုပြုပြန်၏။ထိုရသေ့ဂိုဏ်းနှစ်

ဦးတို့သည်နှလုံးမသာမယာကြကုန်သည်ဖြစ်၍ ဟိမဝန္တာသို့ သွားကြကုန်၏။ ထိုအခါအလုံးစုံသောကုရုတိုင်း၌နေကုန်သော နတ်တို့သည် တပေါင်းတည်း ဖြစ်၍ သီလရှိကုန်သော ရသေ့တို့ကိုငြင်းချန်စေခြင်းကို ပြုသောမင်းသည် မသင့်မြတ်သည်ကို ပြု၏ဟု ကုရုမင်းအား အမျက်ထွက်ကြကုန်၍ ယူဇနာသုံးရာရှိသောကုရုတိုင်းပြည်ကို သမုဒ္ဒရာကိုဖြစ်စေ၍ လူနေတိုင်းပြည်မဟုတ်သည်ကိုပြုကြကုန်၏။ ဤသို့တယောက်သော တံဆိုးစားသောကုရုမင်းကိုအမှီပြု၍ အလုံးစုံ တိုင်းပြည်၌ နေကုန်သော သတ္တဝါတို့သည်လည်း သေကျေပျက်စီးခြင်းသို့ ရောက်ကြရကုန်၏။

**မှတ်ချက်။** ။ဤကုရုမင်း၏ဝတ္ထုကို အကျဉ်းသခ်ေပအားဖြင့်သာဘော်ပြလိုက်သည်။ အကျယ်ကို အလိုရှိမူ ကုရုဇာတ်အဋ္ဌကထာ၌ယူအပ်၏။

(က) ယင်းဝတ္ထုအဓိပ္ပါယ်ကို ရည်ရွယ်၍ မန်လည်ဆရာတော်ကြီးသည်မဃာဒေဝလင်္ကာသစ်စာအုပ်နံပါတ်(၁၂၃)၌-

> တသီးချွတ်ယွင်း။ ကုရုမင်းလည်း။ ဂိဏ်းသင်းနှစ်ပါး။ ရသေ့များကို။ တရေးတိုက်ကာ။ ပဏ္ဍာယူစား။ အကျင့်မှားချ်းတိုင်းကားရေနစ်။ ပင်လယ်ဖြစ်၏။ ။ဟုစပ်ဆိုတော်မူ၏။

ထို့ကြောင့်-ဒုကနိပါတ် ကုရုဇာတ်အဋ္ဌကထာ၌—

အတီတေ ကုရုရဋ္ဌေ ကုရုရာဇာနာမ ရဇ္ဇံ ကာရေသိ၊ လ။ ရာဇာ လဍ္ဍံ ဂဟေတွာ ဒွေဂဏာ ဝသန္တိ။ တိဒွေပိ သာမိကေ အကာသိ။ ဇူတရေ ဇူသယော တဿရထပဉ္စရဿ ရထစက္ကာနိ နိဟရိတွာ လဍ္ဍံ ဒတွာမဟာရာဇ အမှေယောဝ သာမိကေကရောဟိတိ အာဟံသု။ ရာဇာ တထာ အကာသိ။ လ။ သကလကုရုရဋ္ဌဝါသိနော ဒေဝတာ ကောတော ဟုတွာ သီလဝန္တေ ကလဟံ

ကရောဇ္ဇေန ရညာ အယုတ္တံ ကတန္တိ ကုရုရညော ကုပ္ပိတွာ တိယောဇနသတိကံ ကုရုရဋ္ဌံ သမုဒ္ဒံ ဥဗ္ဗဋ္ဋေတွာ အရညမကံသု။ ဣတိ ဧကံ ကုရုရာဇာနံ နိဿာယ သကလရဋ္ဌဝါသိနောပိ ဝိနာသံ ပတ္တာတိ။ ။ဟု ပြတော်မူ၏။ ။၁၉၁၀-ခုနှစ်၊ ပြည်ကြီးမဏ္ဍိုင်ရိုက်၊ ဒုကနိပါတ် ဇာတ်အဋ္ဌကထာ စာအုပ်နံပါတ် (၁၄၉) (၁၅၀)မှာကြည့်။

**မှတ်ချက်။** ။မဟာဝဂ္ဂသံယုတ် အဋ္ဌကထာ - သောတာပတ္တိမဂ္ဂသံယုတ်အဘွင့်၌လည်း၊ဤအတူလာ၏။ ။၁၂၉၁-ခုနှစ်၊ ရန်ကုန် အလုပ် သမားများ အသင်းစာပုံနှိပ်တိုက်ထုတ် စာအုပ်နံပါတ်(၁၉၀)မှာကြည့်။ ။အဋ္ဌကထာပါဠိကိုလည်း ပေယျာလထားပြီးလျှင် ယုံကြည်ရန်အနည်းငယ်မျှသာဖော်ပြလိုက်သည်ဟုမှတ်။

သာဓကပါဠိ အနက်ကား။ ။အတီတေ၊ ရှေးလွန်လေပြီးသော အခါ၌၊ ကုရုရဋ္ဌေ၊ ကုရုတိုင်း၌။ ကုရုရာဇာနာမ၊ ကုရုအမည်ရှိသောမင်းသည်။ ရဇ္ဇံ၊မင်းအဖြစ်ကို။ ကာရေသိ၊ပြုပြီ။ လ။ရာဇာ၊ကုရုမင်းသည်။လဒ္ဓံ၊ရထားချိုင့်တံစိုးကို။ဂဟေတွာ၊ယူပြီး၍၊ ဒွေ ဂဏာ၊ရသေ့ဂိုဏ်းနှစ်ဦးတို့သည်။ ဝသန္တံ၊ နေကြကုန်သော၊ ဣတိ၊ ဤသို့။ ဒွေပိ၊ ရသေ့ဂိုဏ်းနှစ်ဦးတို့ကိုလည်း။ သာမိကေ၊သစ်ပင်ရှင်တို့ကို။အကာသိ၊ပြုပြီ၊ ဣတရေ၊ဤနေ့ခံမှလာသော ရသေ့မှ တပါးကုန်သော။ ဣသယော၊ ရှေးဦးစွာနေသောရသေ့တို့သည်။ တဿ ရထပဥ္ဇရဿ၊ ထိုရထားချိုင့်၏၊ ရထစက္ကာနိ၊ရထားလှည်းဘီးစက်တို့ကို။နီဟရိတွာ၊ဆောင်ပြီး၍။ လဒ္ဓံ၊တံစိုးလက်ဆောင်ကို၊ ဒတွာ၊ပေးပြီး၍၊ မဟာရာဇ၊ မင်းမြတ်။ အမှေယေဝ၊ငါတို့ကိုသာလျှင်။ သာမိကေ၊ သစ်ပင်ရှင်တို့ကို၊ကရောဟိ၊ပြုလော့၊ ဣတိ၊ဤသို့။အာဟံသု၊ဆိုကြကုန်၏။ ရာဇာ၊ကုရုမင်းသည်။တထာ၊ထိုရသေ့တို့ဆိုတိုင်း၊အကာ

သိ၊ပြုပြီ၊ ။လ။သကလကုရုရဋ္ဌဝါသိနော၊အလုံးစုံ ကုရုတိုင်း၌ နေကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ ဧကတော၊ တပေါင်း တည်း။ဟုတ္တွာ၊ဖြစ်၍။ သီလဝန္တေ၊သီလရှိကုန်သော ရသေ့တို့ ကို။ကလဟံ၊ငြင်းခုန်ခြင်းကို။ ကရောန္တေ၊ပြုသော။ ရညော၊မင်း သည်။ အယုတ္တံ၊ မသင့်သောအမှုကို၊ ကတံ၊ ပြုအပ်ပြီ။ ဣတိ၊ ဤသို့။ကုရုရညော၊ကုရုမင်းအား။ ကုဇ္ဈိတွာ၊အမျက်ထွက်ကုန် ၍။ တိယောဇနသတိကံ၊ ယူဇနာသုံးရာရှိသော။ ကုရုရဋ္ဌံ၊ကုရု တိုင်းပြည်ကို။သမုဒ္ဒံ၊သမုဒ္ဒရာကို။ဥပ္ပီတွေတွာ၊ဖြစ်စေ၍၊အရဋ္ဌံ၊ လူနေတိုင်းပြည် မဟုတ်သည်ကို။ အကံသု၊ပြုကြကုန်ပြီ၊ ဣတိ၊ ဤသို့။ ဧကံ၊ တယောက်သော။ ကုရုရာဇာနံ၊ တံဆိုးစားသော ကုရုမင်းကို။ နိဿာယ၊မှီ၍၊ သကလရဋ္ဌဝါသိနောပိ၊ အလုံးစုံ ကုရုတိုင်းပြည်၌နေကုန်သော သတ္တဝါတို့သည်လည်း။ဝိနာသံ၊ သေကျေပျက်စီးခြင်းသို့။ပတ္တာ၊ရောက်ကြရကုန်၏။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊မှတ်အပ်၏။ ။ဤကား အနက်တည်း။

**မှတ်ချက် သြဝါဒကထာ။** ။ဤတံဆိုးလာဘ်စား၍ မတရားကျင့်သဖြင့် တရားဆုံးဖြတ်သော ကုရုမင်းသည် ထိုဗလဝအကုသိုလ်ကံကြောင့်မိမိချည်းသာလျှင် ပျက်စီးခြင်းသို့ ရောက်ရသည် မဟုတ်။ အကုသိုလ်ကံ ကူးစက်သော အားဖြင့် ထိုအကြီးအမှူး မင်းကိုမှီ၍ နေထိုင်ကြကုန်သော မရေမတွက်နိုင် များစွာ ကုန်သော သတ္တဝါတို့သည်လည်း ပစ္စုပ္ပန်ဘဝ၌ သေကျေပျက်စီးခြင်းသို့ ရောက်ကြရကုန်သေး၏။ တမလွန်ဘဝ၌ကား ပြောဘွယ်ရာမရှိဟု ကြောက်ထိတ်သန့်ခြင်းသံဝေဂကို ဖြစ်စေ၍ တံဆိုးစား၊ မတရားကျင့်ခြင်းမှ ကြဉ်ရှောင်ကုန်ရာ၏။

**မှတ်ရန်ပေါက်လင်္ကာ။**

(၁) ကုရုမင်းဖျား၊ဘံဆိုးစား။ပျက်ပြားစည်းစိမ်နစ်။
(၂) ထိုမင်းမှီသုံ၊။တပြည်လုံး။ပျက်ပြုန်းသမုဒ္ဒရာဖြစ်။

(၃) ဆိုးညစ်ယုတ်မာ။တံဆိုးစား။ကြီးစွာအပြစ်ဖြစ်။
(၄) ဥာဏ်သုံဝေဂ။သတိရ။မုချပယ်စွန့်ပစ်။

တံဆိုးစားသောကုရုမင်း၏ထုံးဝတ္ထုအကျဉ်းပြီး၏။

\+ + + +

## (၁၄) တံဆိုးစားသော ပဉ္စာလမင်းတို့၏ ထုံးဝတ္ထုကို အကျဉ်းပြခြင်း။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းသည် မင်းပြုသည်ရှိသော်၊လ။ဘုရားလောင်း မဟာဗောဓိပရိဗိုဇ်သည် မင်း၏ဥယျာဉ်၌နေ၏၊ ထိုဗြဟ္မဒတ်မင်းအား ငါးယောက်ကုန်သော မိစ္ဆာဒိဋ္ဌိ အမတ်တို့သည် အကျိုးကိုရင်း၊ အကြောင်းကိုရင်း ဆုံးမ၏။လ။ထိုငါးယောက်ကုန်သော မိစ္ဆာဒိဋ္ဌိအမတ်တို့သည် ထိုဗြဟ္မဒတ်မင်း၏ တရားသူကြီး၏အရာ၌ တည်ကုန်လျက် တံဆိုးစားကုန်သည် ဖြစ်၍ ဥစ္စာရှင် မဟုတ်သောသူကို ဥစ္စာရှင် ပြု၏။ ဥစ္စာရှင် ဖြစ်သော သူကို ဥစ္စာရှင် မဟုတ်သည်ကို ပြု၏။ ထိုအခါ တနေ့သ၌ လိမ်လည်ကောက်ကျစ်၍ တရားတွေ့တတ်သောသူမှ တရားရှုံးသောယောက်ျား တယောက်သည် ဆွမ်းခံကြွတော်မူလျက် မင်း၏ နန်းတော်သို့ ဝင်သော ဘုရားလောင်းမဟာဗောဓိပရိဗိုဇ်ကိုမြင်လျှင် ရှိခိုး၍ အရှင်ဘုရား၊ အရှင်ဘုရားတို့သည် မင်း၏ နန်းတော်၌ ဆွမ်းဘုဉ်းပေးကုန်၏၊တံဆိုးယူ၍ လူများကိုဖျက်စီးတတ်ကုန်သော တရားစီရင်ဆုံးဖြတ်ကုန်သော အမတ်တို့ကို အဘယ်ကြောင့် လျစ်လျူရှုတော်မူကုန်ဘိသနည်း။ ယခုအခါ ငါးယောက်ကုန်သောအမတ်တို့သည် ကောက်တကျစ်ပြု၍ တရားတွေ့တတ်သောသူ၏ လက်မှ တံဆိုးလာဘ်ကို ယူ၍ ဥစ္စာရှင်ဖြစ်ပါလျက် ဥစ္စာရှင်မဟုတ်သည်ကိုပြုအပ်၏ဟုလျှော်ထား၍ ငိုကြွေး၏။

ဘုရားလောင်း မဟာဗောဓိပရိဗိုဇ်သည် သနားခြင်း ကရုဏာဖြင့် တရားဆုံးဖြတ်ရာရုံးသို့သွား၍ တရားသဖြင့်ဆုံးဖြတ်

စိရင်၍ ဥဒ္ဒာလှရှင်ဖြစ်သောသူကိုသာလျှင် ဥဒ္ဒာလှရှင်ပြု၏။ထိုအခါ လူတို့သည်တပြိုင်နက်ကောင်းချီးပေးကြကုန်၏၊ ဖြဟ္မဒတ်မင်း သည်ထိုကောင်းချီးပေးသောအသံကိုကြားလျှင် အဘယ်အသံ နည်းဟုမေး၍ ထိုအကြောင်းကို ကြားသိ၍ ဘုရားလောင်းအား လူတို့အား သနားသဖြင့် တရား ဆုံးဖြတ်ပါဟု တောင်းပန်၏၊ မင်းတောင်းပန်ချက်အရ ဘုရားလောင်းသည် တနေ့လျှင်သုံးခု, လေးခုသောတရားကို ဆုံးဖြတ်စီရင်၏၊ ထိုအခါမှစ၍ အမတ် ငါးယောက်တို့ တံဆိုးလာဘ်မရကုန်၍ ဆင်းရဲခြင်းသို့ရောက် ကုန်သည်ဖြစ်၍ မင်းအားဂုံးတိုက်၍ ဘုရားလောင်းမဟာဗောဓိ ပရိဗိုဇ်ကိုသတ်စေကုန်၏။ မင်းသည် အကြောင်းဥပါယ်တံမျဉ် ဖြင့် ဘုရားလောင်းအား သတ်ခြင်းငှါ အားထုတ် သော်လည်း မစွမ်းနိုင်။ဘုရားလောင်းသည်အရပ်တပါးသို့ပဲသွားအံ့သောငှါ အမူအရာကိုပြု၏။ လ။ ။ထိုနောင်မှ ဖြဟ္မဒတ် မင်းသည် အ လုံးစုံသောအကြောင်းအရာတို့ကိုသိသည်ဖြစ်၍ တံဆိုးစား၍ ဂုံးတိုက် ကုန်သော အမတ်ငါးယောက်တို့ကို ဘုရားလောင်း မဟာဗောဓိပရိဗိုဇ်၏ဩဝါဒဖြင့် အသက်ဘေးမှချမ်းသာပေး ၍ တထောင်သောပုတ်ခတ်ခြင်းကိုပြုပြီးလျှင်။ ဝါ၊အလုံးစုံကုန် သောသူတို့၏ ဥဒ္ဒာကို ဆောင်ယူတတ်ကုန်သော ခိုးသူတို့ကို ပြုပြီးလျှင်ဦးစွန်းငါးချပြုခြင်း, လည်၌ထောက်ဖွဲ့ဆွဲခြင်း, နွားချေး တို့ဖြင့် သွန်းလောင်းခြင်းတို့ဖြင့် မမြတ်နိုးခြင်းမရှိမသေပြုကုန် ၍ တိုင်းပြည်နိုင်ငံမှနှင်ထုတ်စေ၏။ ။ဤကားတံဆိုးစားခြင်း ၏အပြစ်တည်း။

**မှတ်ချက်။** ။ဤမဟာဗောဓိပရိဗ္ဗာဇကဇာတ်သည်ဝိတ္ထာရ ဖြစ်၍ အကျဉ်းလိုရင်းမျှကိုသာ ဘော်ပြလိုက်သည်။ အကျယ် ကို ၎င်းဇာတ်အဋ္ဌကထာ။၎င်းဇာတ်ဝတ္ထု၌ကြည့်ရှု၍ မှတ်ယူ အပ်၏။

ထိုကြောင့်။ ပဏ္ဍာသနိပါတ်။ မဟာဗောဓိဇာတ်

**အဋ္ဌကထာ၌—**

(က) အတီတေ ဗာရာဏသိယံ ဗြဟ္မဒတ္တေ ရဇ္ဇံ ကာရေန္တေ။ လ။ တသ္သ ပန ရညော ပဉ္စ အမစ္စာ အတ္ထ ဓမ္မ အနုသာသကာ။ လ ။ တေ ရညော ဝိနိစ္ဆယေ နိယုတ္တာ လဉ္ဇခါဒကာ ဟုတွာ အသာမိကံ သာမိကံ၊ သာမိကံ အသာမိကံ ကရောန္တိ။

(ခ) တေ သဟာသ ပဟာရဏော ကတွာ ပဉ္စစူဠာ ကရဏဂဒ္ဒုလ ဗန္ဓန ဂေါမယသိဉ္စနေဟိ အဝမာနေတွာ ရဋ္ဌာပဗ္ဗာဇေသိ။ ၊ဟုပြတော်မူ၏။ ။(က)မှတ်ပါဠိကို ၁၂၈၃-ခုနှစ်ရိုက်၊ပြည်ကြီးမဏ္ဍိုင်စာအုပ် နံပါတ် (၂၁၆)။ (ခ)မှတ် ပါဠိကို ၎င်းစာအုပ် နံပါတ်(၂၃၂)၊ (၂၃၃)မှာကြည့်။

### အနက်ကို-က-ခ-အစဉ်အတိုင်းမှတ်။

(က) မှတ်အနက်ကား။ ။အတီတေ၊ ရှေးလွန်လေပြီးသော အခါ၌။ ဗာရာဏသိယံ၊ဗာရာဏသီပြည်၌။ ဗြဟ္မဒတ္တေ၊ ဗြဟ္မဒတ်မင်းသည်။ရဇ္ဇံ၊မင်းအဖြစ်ကို။ကာရေန္တေ၊ပြုသည်ရှိသော်။ လ။ပန၊ထိုမှတပါး၊ တသ္သရညော၊ထိုဗြဟ္မဒတ်မင်းအား။ ပဉ္စ၊ ငါးယောက်ကုန်သော။ အမစ္စာ၊ အမတ်တို့သည်၊ အတ္ထ၊အကျိုးကိုရင်း။ဓမ္မ၊အကြောင်းကိုရင်း။ အနုသာသကာ၊ဆုံးမကုန် ၏။လ။တေ အမစ္စာ၊ထိုငါးယောက်ကုန်သောအမတ်တို့သည်။ ရညော၊ ဗြဟ္မဒတ်မင်း၏။ ဝိနိစ္ဆယေ၊ တရား ဆုံးဖြတ်ရာရုံး၌။ နိယုတ္တာ၊ ယှဉ်ကုန်လျက်။ ဝါ၊တည်ကုန်လျက်။ လဉ္ဇခါဒကာ၊ တံစိုးလာဘ်စားကုန်သည်။ ဟုတွာ၊ဖြစ်ကုန်၍။ အသာမိကံ၊ ဥစ္စာရှင်မဟုတ်သောသူကို။ သာမိကံ၊ ဥစ္စာရှင်ကို။ ကရောန္တိ၊ ပြုကုန်၏။ သာမိကံ၊ဥစ္စာရှင်ဖြစ်သောသူကို။အသာမိကံ၊ဥစ္စာ ရှင်မဟုတ်သည်ကို။ ကရောန္တိ၊ပြုကုန်၏။ ။ဤကား(က)မှတ် အနက်တည်း။

(၁) မှတ်အနက်ကား။ ။တေအမစွာ၊ထိုတံဆိုးစားသောငါးယောက်ကုန်သော အမတ်တို့ကို။ သဟာသ ပဟာရဏော၊တထောင်သောပုတ်ခတ်ခြင်းတို့ကို။ ကတွာ၊ပြုပြီး၍၊ ပဥ္စရုဋ္ဌာကရဏာ ဂဒ္ဒုလဗန္ဓန ဂေါမယသိဉ္စနေဟိ၊ ဦးစွန်း ငါးခု ပြုခြင်း, လည်၌ထောက်ဆွဲဖွဲ့ခြင်း,နွားချေးဖြင့်သွန်းလောင်းခြင်းတို့ဖြင့်။ အမာနေတွာ၊မမြတ်နိုးမှု၍၊ဝါ၊မရိုမသေပြု၍၊ ရဥ္ဇာ၊တိုင်းပြည်နိုင်ငံတော်မှ။ ပဗ္ဗာဇေသိ၊ နှင်ထုတ်စေပြီ၊ ။ဤကား (၁)မှတ်အနက်။

## (က) မှတ်ရအကျဉ်းလင်္ကာ။

ဗာရာဏသီ၊ပြည်ပူရိန်၌၊ ဇာနည်မြဲဟ္မဒတ်၊ မင်းပြုလတ်သော်။ အမတ်ငါးယောက်၊အကျင့်ဘောက်၍၊ မျက်မှောက်ထင်ရှား။ တံဆိုးစားလျက်။ တရားစီရင်၊ သိချင်ဂုံးတိုက်၊ အကျင့်မိုက်ကြောင့်။ ထောင်းရိုက်ဒဏ်ခတ်။ မမြတ်နိုးမှု၊ မရိုသေပြု၍၊ ငါးခု ဥသျှောင်၊ ထုံးနှောင် ဖွဲ့ကာ။ လည်မှာထောက်ဆွဲ၊တနဲနွားချေး၊သွန်းလောင်းပေး၍၊ရပ်ဝေး၌နှကာ။ နှင်ထုတ်ပါသည်။ ။တံဆိုးစားရာ-အပြစ်တည်း။

တံဆိုးစားသောအမတ်ငါးယောက်၏ထုံးဝတ္ထုပြီး၏။

\+ \+ \+ \+

## (၁၅) တံဆိုးစားသော အဿလက္ခဏာ ပါဌကပြောဗြဟ္မဏာ၏ ထုံးဝတ္ထုကိုပြခြင်း။

မြတ်စွာဘုရားသည် ဤအသိလက္ခဏ ဇာတ်ကို ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ်၊ကောသလမင်းကြီး၏သန်လျက်လက္ခဏာကိုဘတ်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။ ထိုပုဏ္ဏားသည် ပန်းပဲသမားတို့သည် မင်းအား သန်လျက်ကို ဆက်သောကာလ၌ သန်လျက်ကို နမ်း၍ သန်လျက်လက္ခဏာကို ဆို၏။ ထိုပုဏ္ဏားသည် အကြင် ပန်းပဲသမားတို့၏ လက်မှ တံဆိုးလာဘ်ကို ရ၏၊ ထိုပန်းပဲသမားတို့၏ သန်လျက်ကိုလက္ခဏာနှင့်ပြည့်စုံ၏၊မင်္ဂလာနှင့်ယှဉ်၏ဟုဆို၏။

အကြောင် ပန်းပဲသည်သားတို့၏ လက်မှ တံဆိုး လာဘ်ကို မရကုန်၊ ထိုပန်းပဲသမားတို့၏ သန်လျက်ကို ယုတ်သော လက္ခဏာရှိ၏ ဟူ၍။ ဝါ၊ သန်လျက်လက္ခဏာနှင့် မပြည့်စုံဟူ၍ ကဲ့ခဲ့၏။ ၊ ထိုအခါ တယောက်သော ပန်းပဲသမားသည် သန်လျက်ကိုပြု လုပ်၍ သန်လျက်အိမ်၌ သိမ်မွေ့သော ငရုတ်မှုန့်ကိုထည့်၍ မင်းအား သန်လျက်ကိုဆက်၏။ မင်းသည် ပုဏ္ဏားကိုခေါ်စေ၍ သန်လျက်ကို စုံစမ်းလော့ဟုဆို၏။ သန်လျက်ကို ကိုင်၍ နမ်း သောပုဏ္ဏား၏နှာခေါင်းသို့ ငရုတ်မှုန့်တို့သည်ဝင်ကုန်၏၊ချေလို သည့်၏အဖြစ်ကိုဖြစ်စေကုန်၏။ ချေသောပုဏ္ဏား၏ နှာခေါင်း သည် သန်လျက်သွားခတ်မိသည်ဖြစ်၍ နှာခေါင်းသည်နှစ်ပိုင်း ပြတ်၏။

**မှတ်ချက်။** ။ဤနှာခေါင်းပြတ်ရခြင်းသည်တံဆိုးစားခြင်း ၏ အပြစ်တည်းဟုမှတ်အပ်၏။

ထိုကြောင့် ဇာတ္တနိပါတ်-အသိလက္ခဏဇာတ် အဋ္ဌ ကထာ၌—

တဒေဝေကဿ ကလျာဏန္တိ ဇူဒံ သဗ္ဗာ စေတ ဝနေ ဝိဟာရန္တော ကောသလ ရညော အသိလက္ခဏ ပါဌကံ ဗြာဟ္မဏံ အာရဗ္ဘ ကထေသိ။ သော ကိရ ကမ္မာရေဟိ ရညော အသိန် အာဟဋကာလေ အသိ ဥပသိဃိတွာ အသိလက္ခဏံ ဥဒ္ဒါဟရတိ။ သော ယေ သံ ဟတ္ထတော လာဘံ လဘတိ၊ တေသံ အသိလက္ခ ဏသမ္ပန္နာ မင်္ဂလသံယုတ္တောတိ ဝဒတိ။ ယေသံ ဟတ္ထ တော လာဘံ နလဘတိ၊ တေသံ အသိ အဝလက္ခဏော တိ ဂရဟတိ၊ ။အထေကော ကမ္မာရော အသိ ကတွာ ကောသိယံ သုခုမံ မရီစစုဏ္ဏံ ပက္ခိပိတွာ ရညော အသိ အာဟရိ။ ရာဇာ ဗြာဟ္မဏံ ပက္ကောသာပေတွာ အသိ ဝိမံသာတိ အာဟ။ ဗြာဟ္မဏော အသိ အာ

ကမ္ဖိတွာ ဥပသိဃ်န္တဿ မရိစရုဏ္ဏာနိ နာသံ ပဝိ
သိတွာ ခိပိတုကာမတံ ဥပ္ပါဒေသုံ။ တဿ ခိပန္တဿ
နာသိကာ အသိဓာရာယ ပဋိဟတ္ထာ ဒွိဓာ ဘိဇ္ဇိ။ ။ဟု
ပြတော်မူ၏။ ။ပြည်ကြီးမဏ္ဍိုင်စာအုပ်နံပါတ်(၄၂၈)
မှာကြည့်။

အနက်ကား။ ။တဒေဝေကဿကလျာဏန္တိ၊ တဒေဝေကဿကလျာဏံ-အစရှိသော။ ဇာတ်ဇာတကံ၊၌အသိလက္ခဏဇာတ်ကို။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဇေတဝနေ၊ ဇေတဝန်ကျောင်းတော်၌။ ဝိဟရန္တော၊ နေတော်မူသည်ရှိသော်။ ဝါ၊ နေတော်မူစဉ်။ ကောသလရညော၊ ကောသလမင်းကြီး၏။ အသိလက္ခဏ ပါဌကံ၊ သန်လျက် လက္ခဏာကို ဘတ်တတ်သော။ ဗြာဟ္မဏံ၊ ပုဏ္ဏားကို အာရဗ္ဘ၊ အကြောင်းပြု၍။ ကထေသိ၊ ဟောတော်မူ၏။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ကမ္မာရေဟိ၊ ပန်းပဲသမားတို့သည်။ ရညော၊ ကောသလမင်းကြီးအား။ အသိနံ၊ သန်လျက်တို့ကို။ အာဟဋ္ဌ ကာလေ၊ ဆောင်သော ကာလ၌။ အသိ၊ သန်လျက်ကို။ ဥပသိဃိ်တွာ နမ်း၍။ အသိလက္ခဏံ၊ သန်လျက်လက္ခဏာကို။ ဥဒါဟရတိကိရ၊ ဆိုသတတ်။ သော ဗြာဟ္မဏော၊ ထိုပုဏ္ဏားသည်။ ယေသံ၊ အကြင်ပန်းပဲသမားတို့၏။ ဟတ္ထတော၊ လက်မှ။ လာဘံ၊ တံစိုးလာဘ်ကို။ လဘတိ၊ ရ၏။ တေသံ၊ ထိုပန်းပဲသမားတို့၏။ အသိ၊ သန်လျက်သည်။ လက္ခဏသမ္ပန္နော၊ သန်လျက်လက္ခဏာနှင့်ပြည့်စုံ၏။ မင်္ဂလသံယုတ္တော၊ မင်္ဂလာနှင့် ယှဉ်၏။ ဣတိ၊ ဤသို့။ ဝဒတိ၊ ဆို၏။ ယေသံ၊ အကြင်ပန်းပဲသမားတို့၏။ ဟတ္ထတော၊ လက်မှ။ လာဘံ၊ တံစိုးလာဘ်ကို။ နလဘတိ၊ မရ။ တေသံ၊ ထိုပန်းပဲသမားတို့၏။ အသိ၊ သန်လျက်သည်။ အဝလက္ခဏော၊ ယုတ်သောလက္ခဏာရှိ၏။ ဝါ၊ သန်လျက်လက္ခဏာနှင့်မပြည့်စုံ။ ဣတိ၊ ဤသို့။ ဂရဟတိ၊ ကဲ့ရဲ့၏။ အထ၊ ထိုအခါ၌။ ဧကော၊ တယောက်သော။ ကမ္မာရော၊ ပန်းပဲသမားသည်။ အသိ၊ သန်လျက်ကို။ ကတွာ၊ ပြုလုပ်ပြီး၍။ ကောသိယံ၊ သန်လျက်အိမ်၌။

သုခုမံ၊သိမ်မွေ့သော။မရိစရုဏ္ဏာ၊ငရုတ်မှုန့်ကို။ပက္ခိပိတွာ၊ထည့်၍။ ရညော၊ကောသလမင်းကြီးအား။အသိ၊သန်လျက်ကို။ အာဟာရိ၊ဆောင်ပြီ။ ဝါ၊ဆက်သပြီ။ ။ရာဇာ၊ကောသလမင်းကြီးသည်။ ဗြာဟ္မဏံ၊ သန်လျက်လက္ခဏာဘတ်သော ပုဏ္ဏားကို။ ပက္ကောသာပေတွာ၊ ခေါ်စေ၍။ အသိ၊ သန်လျက်ကို။ ဝီမံသ၊ စုံစမ်းဆင်ခြင်လော။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ အသိ၊သန်လျက်ကို။အာကဍ္ဎိတွာ၊သန်လျက်အိမ်မှဆွဲငင်၍။ဥပသိယ်န္တဿ၊နမ်းသော။ ဗြာဟ္မဏဿ၊ပုဏ္ဏား၏။ မရိစရုဏ္ဏာနိ၊ငရုတ်မှုန့်တို့သည်။ နာသံ၊နှာခေါင်းသို့။ ပဝိသိတွာ၊ဝင်၍။ ခိပိတုကာမတံ၊ ချေခြင်းငှါအလိုရှိသည်၏အဖြစ်ကို။ ဥပ္ပါဒေသုံ၊ဖြစ်စေကုန်၏။ ခိပန္တဿ၊ချေသော၊ တဿဗြာဟ္မဏဿ၊ ထိုပုဏ္ဏား၏။ နာသိကာ၊ နှာခေါင်းသည်။ အသိဓာရာယ၊ သန်လျက်သွားဖြင့်။ ပဋိဟဉ္ဉာ၊ ခတ်မိသည်ဖြစ်၍။ ဒွိဓာ၊နှစ်ဖြာ။ ဘိန္နာ၊ပြတ်ကွဲပြီ။ ။ ဤကားအနက်တည်း။

(၁) မင်းကောသလ။ပန်းပဲဘ။ဆက်သသန်လျက်၎။

(၂) အသိလက္ခဏာ။ဘတ်တို့ရ။သွားကာပုဏ္ဏားပြု။

(၃) သန်လျက်ပုဏ္ဏား။တံဆိုးစား။ပြတ်ကြွေးနှာခေါင်းပု၊

တံဆိုးစားသော အသိလက္ခဏပါဌက ဗြာဟ္မဏာ၏ ထုံးဝတ္ထုပြီး၏။

\+ + + +

## (၁၆) ကောသလမင်းကြီး တံဆိုးစား၍ တရားစီရင်သောအမတ်ဘို့ကို ရဟူးမှပယ်နုတ်သော ထုံးဝတ္ထုကိုပြခြင်း။

ကောသလမင်းကြီး၏တရားသူကြီးအမတ်တို့သည် တံဆိုးစား၍ တရားစီရင်ကြကုန်၏။ထိုအခါ တနေ့သ၌တရားဆုံးဖြတ်ရာ ရုံးအရပ်၌ ကောက်ကျစ်သောတရားမှ ရှုံးကုန်သော လူတို့သည်ဗန္ဓုလစစ်သူကြီးလာလတ်သည်ကိုမြင်၍ ကျယ်စွာသော

အသံကို ပြည့်တမ်း အောင်ဟစ်ကြကုန်လျက် တရား ဆုံးဖြတ်ကုန်သော အမတ်တို့သည် တံဆိုးစား၍ မမှန်မကန် ကောက်ကျစ်သောတရားဆုံးဖြတ်ခြင်းကို ပြုကုန်၏ဟူ၍ ထိုဗန္ဓုလစစ်သူကြီးအား ပြောကြားကြကုန်၏၊ ထိုဗန္ဓုလ စစ်သူကြီးသည် တရားရုံးတော်သို့သွား၍ ကောက်ကျစ်သောတရားကို စိစစ်၍ ဥစ္စာရှင်ဟုတ်သောသူကိုသာလျှင်ဥစ္စာရှင်ပြု၏။လူများအပေါင်းသည့် ကျယ်စွာသောအသံဖြင့် ကောင်းချီးကိုဖြစ်စေ၏။ ကောသလမင်းကြီးသည် ဤအသံကား အဘယ်နည်းဟု မေး၍ ထိုဗန္ဓုလစစ်သူကြီးသည် မှန်ကန်စွာတရားဆုံးဖြတ်သောကြောင့် ကောင်းချီးပေးကြသောအကြောင်းကို ကြား၍ ဗန္ဓုလအား နှစ်သက်တော်မူ၍ တံဆိုးစားသော အမတ်အလုံးစုံတို့ကို တရားသူကြီးအရာမှနှုတ်ပယ်၍ဗန္ဓုလစစ်သူကြီးအားသာလျှင်တရားဆုံးဖြတ်ရာရုံးကိုအပ်နှင်းတော်မူ၏။

ထိုဗန္ဓုလစစ်သူကြီးသည် ထိုအခါမှစ၍ကောင်းစွာတရားကို ဆုံးဖြတ်၏။ ထိုသို့ တရားကို ကောင်းစွာ ဆုံးဖြတ်သောကြောင့် တံဆိုးလာဘ်စားတရားသူကြီးဟောင်းဖြစ်ကုန်သော အမတ်တို့သည် တစုံတခုသောတံဆိုးလာဘ်ကိုမရကုန်သည်ဖြစ်၍နည်းသောလာဘ်ရှိသောကြောင့် ဗန္ဓုလစစ်သူကြီးသည် မင်းအဖြစ်ကို တောင့်တ၏ဟု မင်းမျိုးကို ဂုံးတိုက်ဖျက်ဆီးကြကုန်၏။ကောသလမင်းကြီးသည် ထိုအမတ်ရိက်တို့၏စကားကို ယုံကြည်၍ အပြစ်မရှိသော ဗန္ဓုလစစ်သူကြီးကို သတ်စေ၏။ ထိုကောသလမင်းကြီးသည် အပြစ်မရှိသော ဗန္ဓုလကို သတ်သောမကောင်းမှုကံကြောင့် ထီးနန်းစည်းစိမ်မှ လက်လွတ်ပြီးလျှင်စရပ်တချဋ်ကိုးကွယ်ရာမဲ့ခွေးသေခြင်းကဲ့သို့သေရလေ၏။

ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ-ပုပ္ဖဝဂ်ဝိဋူဍူဘဝတ္ထုဋ္ဌ—

အထေကဒိဝသံဝိနိစ္ဆယေကူဋဍ္ဍပရာဇိတာမနုဿာ

ဗန္ဓုလံ အာဂစ္ဆန္တံ ဒိသွာ မဟာဝိရဝံ ဝိရဝန္တော

ဝိနိစ္ဆယာ အမစ္စာ ကူဋဍ္ဍကရဏံ တဿ အာရောစေသုံ။ သော ဝိနိစ္ဆယံ ဂန္တွာ တံအဍ္ဍံ ဝိစာရေတွာ သာမိကမေဝ သာမိကံ အကာသိ။မဟာဇနော မဟာသဒ္ဒေန သာဓုကာရံ ပဝတ္တေတိ။ ရာဇာ ကိံ ဣဒန္တိ ပုစ္ဆိတွာ တမတ္ထံ သုတွာ တုဿိတွာ သဗ္ဗေပိ တေ အမစ္စေ ဟာပေတွာ ဗန္ဓုလဿေဝ ဝိနိစ္ဆယံ နိယျာတေသိ။သော တတော ပဋ္ဌာယ သမ္မာ ဝိနိစ္ဆိ။ ။ တတော ပေါရာဏကဝိနိစ္ဆယိကာ အမစ္စာ ကိဉ္စိ လဉ္ဇံ အလဘန္တာ အပ္ပလာဘာ ဟုတွာ ဗန္ဓုလော ရဇ္ဇံ ပတ္ထေတီတိ ရာဇကုလံ ပရိဘိန္ဒိံသု။ ။ရာဇာ တေသံ ကထံ သဒ္ဒဟိတွာ စိတ္တံ နိဂ္ဂဟိတုံ နာသက္ခိ။ လ။ တေ ယောဓာ ပုတ္တေဟိ သဒ္ဓိံ သီသံ ဆိန္ဒိံသု။လ။ ရာဇာ။ လ။ ကောသဿ သာလာယ နိပဇ္ဇိတွာ ဝါတာတပေဟိ ကိလန္တော ရတ္တိဘာဂေ တတ္ထေဝ ကာလမကာသိ။ ။ ဟုပြတော်မူ၏။ ။၁၂၇၁-ခုနှစ်ရိုက်၊သုဝဏ္ဏဝတီတိုက် ထုတ် ပဉ္စမအုပ် နံပါတ်(၂၇၇)ကစ၍ကြည့်။

မှတ်ချက်။ ။ဤဆိုအပ်ပြီးသည်ကား အကျဉ်းမျှသာ အကျယ်ကို ၎င်းအဋ္ဌကထာ၌ပင်လျှင် ကြည့်ရှု၍ ယူအပ်၏။ ၎င်းနှင့်အတူ သဂါထာဝဂ္ဂ-ကောသလသံယုတ် ပါဠိတော်။ ၎င်းသံယုတ်အဋ္ဌကထာတို့၌လည်းလာသည်ဖြစ်၍ ၎င်းတို့၌ကြည့်ရှု၍မှတ်သားရာ၏။၎င်းပါဠိတော်မှာ ၁၉၀၇-ခုနှစ်၊ဟံသာဝတီ ရိုက်၊စာအုပ်နံပါတ်(၄၇)။၎င်းအဋ္ဌကထာမှာ၊မန္တလေး ဘောဂဝတီတိုက်ရိုက်၊စာအုပ်နံပါတ်(၁၀၉-၁၁၀)၌ကြည့်လေ။

၎င်းသာဓကပါဠိ အနက်ကား။ ။အထ၊ ထိုအခါ၌။ ဧကဒိဝသံ၊ တနေ့သ၌။ဝိနိစ္ဆယေ၊တရားဆုံးဖြတ်ရာရုံး၌။ ကူဋဍ္ဍပရာဇိတာ၊ကောက်ကျစ်စဉ်းလဲသောတရားမှရှုံးကုန်သော။ မနုဿာ၊ လူတို့သည်။ဗန္ဓုလံ၊ဗန္ဓုလစစ်သူကြီးကို။အာဂစ္ဆန္တံ၊လာလတ်

သည့်ကို။ ဒိသွာ၊ မြင်၍။ မဟာရဝံ၊ ကျယ်စွာသော အသံကို။ ဝိရဝန္တော၊ မြည်တမ်းကုန်လျက်။ ဝိနိဿယာ၊ တရားဆုံးဖြတ်ကုန်သော။ အမစ္စာ၊ အမတ်တို့သည်။ ကူဋဍ္ဍကရဏံ၊ ကောက်ကျစ်စဉ်းလဲသောတရားဆုံးဖြတ်ခြင်းကိုပြု၏ဟူ၍။ တသ္မာ၊ ထိုဗန္ဓုလစစ်သူကြီးအား။ အာရောစေသုံ၊ ကြားကုန်၏။ သော၊ ထိုဗန္ဓုလစစ်သူကြီးသည်။ ဝိနိစ္ဆယံ၊ တရားဆုံးဖြတ်ရာရုံးသို့။ ဂန္တွာ၊ သွား၍။ တံအဍ္ဍံ၊ ထိုကော်ကျစ်စဉ်းလဲသောတရားကို။ ဝိစာရေတွာ၊ မေးစိစစ်ပြီး၍။ သာမိကမေဝ၊ ဥစ္စာရှင် ဟုတ်သောသူကိုသာလျှင်။ သာမိကံ၊ ဥစ္စာရှင်ကို။ အကာသိ၊ ပြုပြီ။ ။ မဟာဇနော၊ များစွာသောလူအပေါင်းသည်။ မဟာသဒ္ဒေန၊ ကျယ်စွာသောအသံဖြင့်။ သာဓုကာရံ၊ ကောင်းချီးကို။ ဝါ၊ ကောင်း၏ဟူ၍ပြုခြင်းကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။ ရာဇာ၊ ကောသလမင်းကြီးသည်။ ဇ္ဇာဒ်၊ ဤကောင်းချီးပေးသော အသံသည်၊ ကိံ၊ အဘယ်အသံနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေးပြီး၍။ တမတ္ထံ၊ ထိုဗန္ဓုလတရားဆုံးဖြတ်၍ ကောင်းချီးပေးသောအကြောင်းကို။ သုတွာ၊ ကြား၍။ တုဿိတွာ၊ နှစ်သက်၍။ သဗ္ဗေပိ၊ အလုံးစုံလည်းဖြစ်ကုန်သော။ တေအမစ္စေ၊ ထိုတရားသူကြီးအမတ်တို့ကို။ ဟာပေတွာ၊ တရားသူကြီးအရာမှယုတ်စေ၍။ ဗန္ဓုလဿေဝ၊ ဗန္ဓုလစစ်သူကြီးအားသာလျှင်။ ဝိနိစ္ဆယံ၊ တရားဆုံးဖြတ်ခြင်းကို။ နိယျာတေသိ၊ ဆောင်နှင်း၏။ သော၊ ထိုဗန္ဓုလစစ်သူကြီးသည်။ တတော၊ ထိုတရားသူကြီးအရာကိုဆောက်နှင်းသောကာလမှ။ ပဋ္ဌာယ၊ စ၍။ သမ္မာ၊ ကောင်းစွာ။ ဝိနိစ္ဆတိ၊ တရား ဆုံးဖြတ်၏၊ တတော၊ ထိုဗန္ဓုလ စစ်သူကြီး ကောင်း မွန် မှန်ကန်စွာ တရား ဆုံးဖြတ် ခြင်းကြောင့်။ ပေါရာဏက ဝိနိစ္ဆယာ၊ ရှေး၌ တရား ဆုံးဖြတ် ကုန်သော။ အမစ္စာ၊ အမတ်တို့သည်။ ကိဉ္စိ၊ တစုံတခုသော၊ လဥ္စံ၊ တံဆိုးလာဘ်ကို၊ အလဘန္တာ၊ မရကုန်သည်။ အပ္ပလာဘာ၊ နည်းသော လာဘ်ရှိကုန်သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ ဗန္ဓုလော၊ ဗန္ဓုလစစ်သူကြီးသည်။ ရဇ္ဇံ၊ မင်းအဖြစ်ကို။ ပတ္ထေတိ၊ တောင့်

တဖ၏။ ဆုတိ၊ဤသို့။ ရာဇကုလံ၊မင်းမျိုးကို။ ပရိဘိန္ဒိ သု၊ဂုံးတိုက်ဖျက်ဆီးကြကုန်၏။ ရာဇာ၊ ကောသလမင်းကြီးသည်။ တေသံ၊ ထိုအမတ်ရိုက် တို့၏၊ ကထံ၊ ဂုံးတိုက်သော စကားကို။ သဒ္ဒဟိတွာ၊ ယုံကြည်၍၊ စိတ္တံ၊ဒေါသစိတ်ကို။ နိဂ္ဂဟိတုံ၊ပယ်ဖျော်နှိပ်ခြင်းငှါ။ နာသက္ခိ၊မစွမ်းနိုင်။ လ။ တေယောဓာ၊ထိုမင်းကြီးစေလွှတ်အပ်ကုန်သော သူရဲကြီးတို့သည်။ ပုတ္တေဟိ၊ သား သုံးကျိပ်နှစ်ယောက်တို့နှင့်။ သဒ္ဓိံ၊တကွ။ ဗန္ဓုလသသ၊ဗန္ဓုလစစ်သူကြီး၏။သီသံ၊ဦးခေါင်းကို။ဆိန္ဒိ သု၊ဖြတ်ကုန်၏။လ။ရာဇာ၊ကောသလမင်းကြီးသည်။လ။ဧကိသသာ၊တခုသော။သာလာယ၊စရပ်၌။နိပဇ္ဇိတွာ၊အိပ်၍။ဝါတာတပေဟိ၊လေနေပူတို့ဖြင့်။ကိလန္တော၊ ပင်ပန်းသည်ဖြစ်၍။ ရတ္တိဘာဂေ၊ ညဥ့်အဘို့၌။ တတ္ထေဝ၊ ထိုထိုစရပ်၌သာလျှင်။ကာလံ၊ကိုးကွယ်ရာမဲ့သေခြင်းကို။အကာသိ၊ပြုရပြီ။ ။ဤကားအနက်။

**မှတ်ချက် - အကျဉ်း။** ။သာဝတ္ထိ ပြည်ကို အစိုးရသော ပသေနဒီကောသလမင်းကြီးသည် တံဆိုးလာဘ်စားကုန်သော တရားသူကြီးအမတ်တို့ကို တရားသူကြီးရာထူးမှ နုတ်ပယ်၍ ပစ်၏။ မလ္လာမင်း၏သား တက္ကသိုလ်ပြည်၌ ပညာ အတူသင်၊ သူငယ်ချင်း ဗန္ဓုလစစ်သူကြီးအား တရားသူကြီးအရာကို ပေး၏။ထိုတရားသူကြီးအမတ်ဟောင်းတို့သည် တံဆိုးမရ၍ ဗန္ဓုလသည်မင်းအဖြစ်ကိုတောင့်တ၏ဟု မင်းအားဂုံးချော၏။မင်းသည် ထိုအမတ်ရိုက်တို့၏စကားကို ယုံကြည်၍ သားသုံးကျိပ်တို့နှင့် တကွ ဗန္ဓုလကို သတ်စေ၏။ ဗန္ဓုလ၏တူ ဒီဃကာရာယနကိုစစ်သူကြီးအရာ၌ထား၏။ထိုဒီဃကာရာယနစစ်သူကြီးသည် အပြစ်မရှိသော ဦးရီးဗန္ဓုလကို သတ်ရအံ့လောဟု မင်း၌ရန်ငြိုးထား၏။ထိုအခါပသေနဒီကောသလမင်းသည် စစ်သူကြီးနှင့်တကွ မြတ်စွာဘုရား၏အထံသို့သွားသည်ရှိသော် မင်းမြောက် တန်ဆာတို့ကို စစ်သူကြီးအား ပေး၍ ကျောင်းပြင်၌ထားခဲ့၍ တယောက် ထည်းသာ ဘုရား အထံသို့ ချဉ်းကပ်၏။

စစ်သူကြီးသည်မင်းမြောက်တန်းဆာကိုယူ၍ ဗိုလ်ပါနှင့်တကွ သာဝတ္ထိပြည်သို့ပြန်ပြီးလျှင် ဝိဋုဋ္ဋဘကိုမင်းမြှောက်၏။ ကောသလမင်းသည် ဘုရားထံမှ ပြန်လာသော် စစ်သည်ဗိုလ်ပါကို မမြင်၍ ရာဇဂြိုဟ်ပြည် အဇာတသတ်ခင်းထံသို့သွားသော် မြို့တံခါးပိတ်ထားသဖြင့် မြို့ပြင်စရပ်တချ၌အိပ်၍ လေနေပူတို့ဖြင့် ပင်ပန်းသည်ဖြစ်၍ ထိုစရပ်၌ပင်လျှင် ကိုးကွယ်ရာမဲ့ သေခြင်းသို့ရောက်ရှာလေ၏။

## အကျဉ်းမှတ်ရလင်္ကာ၊

(၁) ကောသလမင်းကြီး။ စဉ်းစားပြီး။ ဉာဏ်မီးဖွေရှာလှစ်။
(၂) တံဆိုးယူစား။ အမတ်များ ဖယ်ရှားရာထူးနှစ်။
(၃) တရားဌာန။ ဗန္ဓုလ။ ထားကကောင်းစွာဖြစ်။
(၄) တံဆိုးမရကြွား။ အမတ်များ။ မင်းအား ဂုံးချောပစ်၊
(၅) အမတ်မိုက်များ။ ဂုံးစကား။ ယုံမှားစိတ်မှာညစ်။
(၆) အပြစ်ကင်းပ။ ဗန္ဓုလ။ သတ်ကြသားသုံးကျိပ်နှစ်။
(၇) ဒီဃကာရာယန။ ဗန္ဓုလတူ။ မတ်စစ်သူ။ ရန်မူဖွဲ့ထားလစ်။
(၈) ယင်းစစ်သူကြီးသာ။ ပျက်ကြောင်းရှာ၊ စည်းစိမ်ကွာ၍လစ်၊
(၉) ကိုးရာမဲ့ကင်း။ စရပ်တွင်း။ သေခြင်းကောသလမှာဖြစ်။
(၁၀) ကြံတွေးယူဆ၊ သံဝေဂ။ ဖြစ်ကြပဏ္ဍိတ်စစ်။

**မှတ်ချက်။** ၊ အပိုဟူ၍မဆိုသာ ဗဟုသုတသံဝေဂအကျိုး ငှါရေးထည့်လိုက်သည်။

တံဆိုးစားသောအမတ်များ ရာထူးမှပယ်နှုတ်သော
ထုံးဝတ္ထု ပြီး၏။

\+ + + +

## (၁၇) တံဆိုးယူ၍စားခြင်းသည် မိစ္ဆာဇီဝ ဖြစ်ကြောင်းကိုပြခြင်း။

အကြင်သူတို့သည် တံဆိုးလက်ဆောင်ကိုယူ၍ မှသားဆို ကုန်၏။ မဟုတ်မမှန်တရားကိုဆုံးဖြတ်ကုန်၏။ ချောပစ်ဂုံးတိုက်

ခြင်း,ကြမ်းကြုတ်သောစကား,အကျိုးမရှိ ပြိန်ဖျင်းသောစကား တို့ကိုဖြစ်စေကုန်၏။ ဤတံဆိုးလက်ဆောင်ကိုယူ၍ ရသားဆို ခြင်း-စသည်ဖြင့် ရသော ပစ္စည်းဖြင့် အသက် မွေးခြင်းသည် သမ္မာအာဇီဝမဖြစ်၊ မိစ္ဆာဇီဝဖြစ်၏ဟု-မုချမှတ်ယူအပ်၏။

ထို့ကြောင့် အဋ္ဌသာလိနီ-အဋ္ဌကထာ, လောကုတ္တရာစိတ် အဘွင့်၌—

ယမ္ပိလဉ္ဇံ ဂဟေတွာ ရသာဘဏန္တိ၊ ပေသုညဖရုသ သမ္ဖပ္ပလာပေ ပဝတ္တေန္တိ၊ အယမ္ပိ မိစ္ဆာဇီဝေါနာမ။ ။ ဟုပြတော်မူ၏။ ။၁၉၁၂-ခုနှစ်၊ ဇမ္ဗူ့မိတ်ဆွေရိုက်၊ ရင်းစာအုပ်နံပါတ်(၂၃၆)မှာကြည့်။

အနက်ကား၊ ။ယေဇနာ၊အကြင်လူတို့သည်၊လဉ္ဇံ၊သာဘ် တံဆိုးကို။ ဂဟေတွာ၊ယူ၍။ ရသာပိ၊ မဟုတ်မမှန် ချွတ်ယွင်း သောစကားကိုလည်း။ ။(ယမ္ပိ၌ ပိသဒ္ဒါ အဋ္ဌာနယောဂ။ရသာ သဒ္ဒါ နောင်ယှဉ်။ ဤပိသဒ္ဒါဖြင့် တရား စီရင်ခြင်း-စသည်ကို ဆည်းသည်ဟု မှတ်)။ ။ယံဘဏန္တိ၊ အကြင်ဆိုကုန်၏။ ပေ သုညဖရုသသမ္ဖပ္ပလာပေပိ၊ချောပစ်ကုံးတိုက်သောစကား,ကြမ်း ကြုဘ်သောစကား,အကျိုးမရှိပြိန်ဖျင်းသောစကားတို့ကိုလည်း။ ယံပဝတ္တေန္တိ၊ အကြင် ဖြစ်စေကုန်၏။ အယမ္ပိ၊ ဤတံဆိုးလာဘ် ယူ၍ ရသားဆိုခြင်း အစရှိသည်လည်း။ မိစ္ဆာဇီဝေါနာမ၊မိစ္ဆာ ဇီဝမည်၏။ ဝါ၊ မှားသော အသက်မွေးခြင်းမည်၏။ ။ဤကား အနက်။

## မှတ်ချက်ကိုပြခြင်း။

(က) တံဆိုးလက်ဆောင်ကိုယူ၍ရသားသက်သေခံခြင်း, မဟုတ် မမှန် တရားဆုံးဖြတ်ခြင်း-စသည်တို့ကြောင့် ရသော ပစ္စည်းဖြင့် အသက်မွေးခြင်းသည်မိစ္ဆာဇီဝဖြစ်၏။ ထိုမိစ္ဆာဇီဝ ဖြင့် အသက်မွေးခြင်းသည် အပါယ်လေးပါးသို့လားရရောက်ရ ၏ဟုမုချမှတ်ရာ၏။

အကျဉ်းမှတ်ရလက်ဘ။

(၁) တံဆိုးယူစား။သက်မွေးများ။ဖြစ်ငြားမိစ္ဆာအာဇီဝ။

(၂) မိစ္ဆာဇီဝ။ဖြစ်လက။မုချအပါယ်ကျ။

တံဆိုးစားခြင်းမိစ္ဆာဇီဝမည်ကြောင်းပြီး၏။

\+ + + +

## (၁၈) အခုပ်ခုပ်အမှုကိစ္စချိုးတို့၌ တံဆိုးစား၍ ပြုလုပ်ခြင်း ဟူသမျှဘို့သည် ဆန္ဒာဂတိသို့ လိုက်ခြင်းမည်ကြောင်းကိုပြခြင်း။

ဤသူသည် ငါ့အားတံဆိုးလက်ဆောင်ပေးသောသူတည်း ဟု ငဲ့ကွက်သောလောဘစ္ဆန္ဒဖြင့် ထိုတံဆိုးပေးသောသူအား တရားအောင်နိုင်ခြင်းကိုပေးခြင်း, တစုံတခုပစ္စည်းကို ဝေဘန် ရာ၌ ပို၍ပေးခြင်း-စသည်ကို မတရား ပြုခြင်းကြောင့် တံဆိုး လာဘ်ယူခြင်းသည် ဆန္ဒာဂတိသို့လိုက်သည် မည်၏ဟု မှတ် အပ်၏။ ။ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌—

လဉ္စံ ဝါ မေ ဒေတီတိ ဆန္ဒဝသေန အဿာမိကံ သာမိကံ ကရောတိ၊အယံ ဆန္ဒာဂတိံ ဂစ္ဆတိနာမ။ ။

ဟုပြတော်မူ၏။

**မှတ်ချက်။** ။ဂုဏ်းသာဓကပါဠိအနက်သည် နောက်၌ထင် စွာဖြစ်လတ္တံ့။

စကားတရပ်ပြီး၏။

\+ + + +

## (၁၉) မဟုတ်မမှန် တရားစီရင်ခြင်း မုသာဝါဒဖြစ်ကြောင်းကိုပြခြင်း။

တံဆိုးစား၍ မမှန်တရားဆုံးဖြတ်ခြင်းသည် မုသာဝါဒဒုစ ရိုက် ဖြစ်၏။ ထိုသို့ မုသာဝါဒဒုစရိုက်ဖြစ်သောကြောင့် သေ သည်၏အခြားမဲ့၌အပါယ်လေးပါးသို့လားရရောက်ရ၏။

ထိုကြောင့်မူလပဏ္ဏာသပါဠိတော်,မဟာဒုက္ခက္ခန္ဓသုတ်၌—

> ပုနစ ပရံ ဘိက္ခဝေ ကာမဟေတု ကာမနိဒါနံ ကာမာဓိကရဏံ ကာမာနမေဝ ဟေတု ကာယေန ဒုစ္စရိတံ စရန္တိ၊ ဝါစာယ ဒုစ္စရိတံ စရန္တိ၊ မနသာ ဒုစ္စရိတံ စရန္တိ၊ တေ ကာယေန ဒုစ္စရိတံ စရိတွာ ဝါစာယ ဒုစ္စရိတံ စရိတွာ မနသာ ဒုစ္စရိတံ စရိတွာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။ ။ဟု ဟောတော်မူ၏။ ၁၉၀၉-ခုနှစ်ရိုက်၊ဟံသာဝတီစာအုပ်၊ နံပါတ်( ၁၁၂ )ကြည့်။ တိကင်္ဂုတ္တရ ပါဠိတော်-စသည်တို့၌လည်းဟောတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ရဟန်းတို့၊ပုနစပရံ၊တပါးတုံ၊ယေဇနာ၊ အကြင်လူတို့သည်၊ ကာမဟေတု၊ဝတ္ထုကာမတည်းဟူသောအကြောင်းကြောင့်။ဝါ၊တံဆိုးလာဘ်ကိုလိုချင်ခြင်းတည်းဟူသောအကြောင်းကြောင့်၊ကာမနိဒါနံ၊ဝတ္ထုကာမတည်းဟူသောအကြောင်းကြောင့်။ ကာမာဓိကရဏံ၊ဝတ္ထုကာမတည်းဟူသော အကြောင်းကြောင့်။ ကာမာနံဧဝ၊ ဝတ္ထုကာမတို့၏သာလျှင်။ ဝါ၊တံဆိုးလာဘ်ကိုအလိုရှိခြင်းတို့၏သာလျှင်။ ဟေတု၊အကြောင်းကြောင့်။ကာယေန၊ကိုယ်ဖြင့်။ဒုစ္စရိတံ၊မကောင်းသောကျင့်ခြင်းကို။စရန္တိ၊ကျင့်ကုန်၏။ ဝါစာယ၊နှုတ်ဖြင့်၊ဒုစ္စရိတံ၊မကောင်းသောကျင့်ခြင်းကို။ စရန္တိ၊ကျင့်ကုန်၏။ မနသာ၊စိတ်ဖြင့်။ ဒုစ္စရိတံ၊ကို။ စရန္တိ၊ကျင့်ကုန်၏။ တေဇနာ၊ထိုလူတို့သည်။ကာယေန၊ဖြင့်။ဒုစ္စရိတံ၊ကို၊ စရိတွာ၊ကျင့်သောကြောင့်၊ဝါစာယ၊ဖြင့်၊ ဒုစ္စရိတံ၊ကို။စရိတွာ၊ကြောင့်။ မနသာ၊ဖြင့်။ဒုစ္စရိတံ၊ကို။ စရိတွာ၊ကျင့်သောကြောင့်။ ကာယဿ၊ခန္ဓာကိုယ်၏။ဘေဒါ၊ပျက်သည်မှ။ မရဏာ၊သေသည်မှ။ ပရံ၊နောက်၌။အပါယံ၊ချမ်းသာမှကင်းသော။ ဒုဂ္ဂတိံ၊မကောင်းမှုကိုပြုသောသူတို့၏လားရာဖြစ်သော။ဝိနိပါတံ၊ပျက်စီး၍ကျရာဖြစ်သော။ နိရယံ၊

ငရဲ၌။ ဝါ၊ငရဲသို့။ ဥပပဇ္ဇန္တိ၊ ဖြစ်ရကုန်၏။ ဝါ၊ရောက်ရကုန်၏။ ဤကားအနက်။

အကျဉ်းမှတ်ရလင်္ကာ။

(၁) မမှန်တရား။ဆုံးဖြတ်ထား။မှုသားစင်စစ်ဖြစ်။
(၂) မှုသာဝါဒ။ဖြစ်လက။မှုချင်ရဲတံခါးလှစ်။

မမှန်တရားစီရင်ခြင်း မုသာဝါဒဖြစ်ကြောင်းပြီး၏။
လဉ္ဇဂဟဏကဏ္ဍပြီး၏။

## ၂-အဂတိဂမနကဏ္ဍ။

### (၂၀) အဂတိလေးပါး၏ သရုပ်ပါဠိကိုပြခြင်း။

တတ္ထ ကတမာနိ စတ္တာရိ အဂတိဂမနာနိ။ ဆန္ဒာဂတိံ ဂစ္ဆတိ၊ ဒေါသာဂတိံ ဂစ္ဆတိ၊ မောဟာဂတိံ ဂစ္ဆတိ၊ ဘယာဂတိံ ဂစ္ဆတိ၊ ယာ ဧဝရူပါ အဂတိဂမနာ ဆန္ဒဂမနာ ဝဂ္ဂဂမနာ ဝါရိဂမနာ။ ဣမာနိ စတ္တာရိ အဂတိဂမနာနိ။ ။အဘိဓမ္မာ-ခုဒ္ဒကဝိဘင်း ပါဠိတော်၊ စာအုပ်နံပါတ်(၃၂၁)၊ ၁၉၀၀-ခုနှစ်ရိုက်၊ဟံသာဝတီစာအုပ်။

အနက်ကား။ ။တတ္ထ၊ ထိုမာတိကာ၌။ စတ္တာရိ၊ လေးပါးကုန်သော။ အဂတိဂမနာနိ၊ မလားအပ်သည်သို့ လားခြင်းတို့သည်။ ဝါ၊ မပြုအပ်သည်ကိုပြုခြင်းတို့သည်။ ကတမာနိ၊ အဘယ်တို့နည်း။ ဆန္ဒာဂတိံ၊ချစ်သဖြင့် မလားအပ်သည်သို့။ ဝါ၊လောဘစ္ဆန္ဒဖြင့် မပြုမလိုက်အပ်သည်သို့။ ဂစ္ဆတိ၊လား၏။ ဝါ၊လိုက်၏။ ဒေါသာဂတိံ၊မုန်းသဖြင့် မလားအပ်သည်သို့။ ဝါ၊အမျက်ဒေါသဖြင့် မပြုမလိုက်အပ်သည်သို့။ ဂစ္ဆတိ၊လား၏။ ဝါ၊လိုက်၏။ မောဟာဂတိံ၊မသိတွေဝေသဖြင့် မလားအပ်သည်သို့။ဝါ၊

မသိမမြင်သဖြင့် မပြုမလိုက်အပ်သည့်သို့။ ဂစ္ဆတိ၊ လား၏။ ဝါ၊ လိုက်၏။ ဘယာဂတိ၊ ကြောက်သဖြင့်မလားအပ်သည့်သို့။ ဝါ၊ ကြောက်သဖြင့် မပြုမလိုက်အပ်သည့်သို့၊ ဂစ္ဆတိ၊ လား၏။ ဝါ၊ လိုက်၏။ ဧဝရူပါ၊ ဤသို့ သဘောရှိသော။ ယာအဂတိဂမနာ၊ အကြင် မလားအပ်သည့်သို့ လားခြင်းသည်။ ယာဆန္ဒဂမနာ၊ အကြင် မိမိ၏ချစ်ခြင်း, လောဘအလို ဆန္ဒအားဖြင့် လားခြင်းသည်။ ယာဝဂ္ဂဂမနာ၊ အကြင် သကပက္ခ,ပရပက္ခသို့ရှေးရှု၍ မညီမညွတ်သောအားဖြင့် လားခြင်းသည်။ ယာ ဝါရိ ဂမနာ၊ အကြင် တံလည်မြစ်လောင်း,တောင်ကျချောင်း၌ နိမ့်ရာအရပ်သို့ရေစီးသကဲ့သို့ လားခြင်းသည်။အတ္ထိ၊ ရှိ၏။ အဂတိဂမနာနိ၊ မလားအပ်သည့်သို့လားခြင်းတို့သည်။ ဣမာနိစတ္တာရိ၊ ဤလေးပါးတို့တည်း။ ။ဤကားအနက်။

\+ \+ \+ \+

## (၂၁) အဂတိလေးပါး၏ အစီအပွါးကိုပြခြင်း။

ဤမလိုက်စားအပ်သော အဂတိသည် ဆန္ဒာဂတိ,ဒေါသာဂတိ,မောဟာဂတိ,ဘယာဂတိ-ဟူ၍ လေးပါး အပြား ရှိ၏။ ထိုလေးပါးတို့တွင်—

(၁) အကြင် တရားသူကြီးသည် ဤသူသည်ကား ငါ၏ မိတ်ဆွေဟူ၍ငင်း၊ မြင်ဘူးသော မိတ်ဆွေဟူ၍ငင်း၊ တကွသုံးဆောင်ဘူးသောမိတ်ဆွေဟူ၍ငင်း၊ငါ၏အဆွေအမျိုးဟူ၍ငင်း၊ ဤသူသည် ငါ့အား တံဆိုးလက်ဆောင်ပေးသောသူဟူ၍ငင်း၊ ချစ်မြတ်နိုးသော လောဘစ္ဆန္ဒ၏ အစွမ်းဖြင့် ဥစ္စာရှင် မဟုတ်သောသူကို ဥစ္စာရှင်ပြု၏။ ဤတရားသူကြီးသည် ဆန္ဒာဂတိသို့ လိုက်သည်မည့်၏။

(၂) အကြင် တရားသူကြီးသည် ဤသူသည် ငါ၏ရန်သူတည်းဟု ပကတိ ရန်သူ၏အစွမ်းဖြင့်ငင်း၊ ထိုတရား ဆုံးဖြတ်သောခဏ၌ဖြစ်သော အမျက်ဒေါသ၏အစွမ်းဖြင့်ငင်း၊ဥစ္စာရှင်

ဖြစ်သောသူကို ဥစ္စာရှင်မဟုတ်သည်ကိုပြု၏။ ဤတရားသူကြီးသည် ဒေါသာဂတိသို့လိုက်သည်မည်၏။

(၃) အကြင်တရားသူကြီးသည် ဘုရား ဟောတော်မူအပ်သောတရားတော်ကို မသိမမြင်၊ လောကီတရား ဓမ္မသတ်-ဥပဒေကျမ်းကိုလည်း မသိမမြင်၊ပညာနုံ့သည်ဖြစ်၍ တွေဝေသည်၏အဖြစ်ကြောင့် တရားဥပဒေနှင့် မညီ။ ။(သာတကော။ညာတကိန်းနှင့်။ ဗြိမ်းကြပေတော့)။ ။ဟု ဆိုသော စကားမျိုးကဲ့သို့။ ။ဟုတ်ဟုတ်ညားညား၊ ထင်မြင်ရာ ရေးသားပြောဆို၍ ဥစ္စာရှင်မဟုတ်သောသူကို ဥစ္စာရှင်ပြု၏။ဤတရားသူကြီးသည် မောဟာဂတိသို့လိုက်သည်မည်၏။

(၄) အကြင်တရားသူကြီးသည်အကြင်သူသည်မင်းကျွမ်းဝင်၏။ မညီမညွတ် ကြမ်းထမ်းယုတ်မာသောခိုးသူ-စသည်ကိုလည်း အမှိုရ၏။ထိုသူသည် ငါ၏အကျိုးမဲ့ကိုလည်းပြုရာ၏ဟု ကြောက်သည်ဖြစ်၍ ဥစ္စာရှင်မဟုတ်သောသူကို ဥစ္စာရှင်ကိုပြု၏။ ဤတရားသူကြီးသည် ဘယာဂတိသို့လိုက်သည်မည်၏။

**မှတ်ချက်။** ။ဘဏ္ဍာကိုဝေဘန်ရာ,မြေကိုတိုင်းရာစသည်တို့၌လည်း အဋ္ဌကထာလာတိုင်း ဤနည်းအတူမှတ်အပ်၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီအဋ္ဌကထာ၌—

အဂတိဂမနေသု ဆန္ဒာဂတိ ဂစ္ဆတီတိ ဆန္ဒေန ပေမေန အဂတိ ဂစ္ဆတိ၊ အကတ္တဗ္ဗံ ကရောတိ။ ပရပဒေသုပိ ဧသေဝနယော။ ။တတ္ထ ယောအယံ မေ မိတ္တောဝါ သန္ဒိဋ္ဌောဝါ သမ္ဘတ္တောဝါ ဉာတကောဝါ၊ လဉ္ဇံ ဝါ ပန မေ ဒေတီတိ ဆန္ဒဝသေန အဿာမိကံ သာမိကံ ကရောတိ၊အယံ ဆန္ဒာဂတိ ဂစ္ဆတိနာမ။ ယော အယံ မေ ဝေရီတိ ပကတိဝေရဝသေနဝါ တင်္ခဏုပ္ပန္နဒေါသဝသေနဝါ သာမိကံ အဿာမိကံ ကရောတိ၊အယံဒေါသာဂတိ ဂစ္ဆတိ နာမ။ ယော ပန မန္ဒတ္တာ မောမှူ

ဟတ္ထာ ယံဝါ တံဝါ ဝတွာ အဿာဒမိကံ သာဓိကံ က ရောတိ၊အယံ မောဟာဂတိံ ဂစ္ဆတိနာမ။ယောပနရာဇ ဝလ္လဘောဝါ ဝိသမနိဿိတောဝါ အနတ္တမ္ပိ မေ ကရေ ယျာတိ ဘီတော အဿာဒမိကံ သာဓိကံ ကရောတိ၊ အယံ ဘယာဂတိံ ဂစ္ဆတိနာမ။ ။ဟူ ပြတော်မူ၏။ ၁၉၁၂-ခုနှစ်ရိုက်၊ဇမ္ဗူ့မိတ်ဆွေစာအုပ်နံပါတ်(၄၃၃) မှာကြည့်။

**မှတ်ချက်။** ။သုတ်ပါထေယျ-သိင်္ဂါလသုတ် ပါဠိတော်, အဋ္ဌကထာ၊ စတုက္ကနိပါတ်-အင်္ဂုတ္တရပါဠိတော်, အဋ္ဌကထာ၊ ဝိနည်းပရိဝါပါဠိတော်, အဋ္ဌကထာတို့၌လည်းပါရှိသည်ဖြစ်၍ ကြည့်ရှု၍မှတ်အပ်၏။တကျမ်းမျှသာထုတ်ပြလိုက်သည်။

ဂုဏ်းသာခကေအနက်ကား။ ။အဂတိဂမနေသု၊ အဂတိဂမ နတို့တွင်။ဝါ၊မလားအပ်သည်သို့လားခြင်းတို့တွင်။ ဆန္ဒာဂတိံ ဂစ္ဆတိတိ၊ ဆန္ဒာဂတိံ ဂစ္ဆတိဟူသည်ကား။ ဆန္ဒေနပေမေန၊ ချစ်သဖြင့်။ အဂတိံ၊မလားအပ်သည်သို့၊ ဝါ၊မလိုက်အပ်သည် သို့။ဂစ္ဆတိ၊လား၏။ ဝါ၊လိုက်၏၊ အကတ္တဗ္ဗံ၊ မပြုအပ်သည်ကို။ ကရောတိ၊ ပြု၏။ ပရပဒေသုပိ၊ဒေါသာဂတိံ ဂစ္ဆတိ-စသော နောံပုဒ်တို့၌လည်း၊ ဧသေဝနယော၊ဤ ဆိုအပ်ပြီးသောနည်းကဲ့ သို့သိအပ်သောနည်းကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ။တတ္ထ၊ထို လေးပါးကုန်သောအဂတိတို့တွင်။ယော၊အကြင်တရားသူကြီး သည်၊အယံ၊ဤသူသည်။မေ၊ငါ၏။မိတ္တော၊အဆွေခင်ပွန်းသည်။ ဟောတိ၊ဖြစ်၏။ဣတိဝါ၊ဤသို့ဂုဏ်း။ သန္ဒိဋ္ဌော၊မြင်ဘူးသောမိတ် ဆွေသည်။ဟောတိ၊ဖြစ်၏။ဣတိဝါ၊ဤသို့ဂုဏ်း။သမ္ဘတ္တော၊တကွ သုံးဆောင်ဘူးသောမိတ်ဆွေသည်။ ဟောတိ၊ဖြစ်၏။ ဣတိဝါ၊ ဤသို့ဂုဏ်း။ ဉာတကော၊ အဆွေအမျိုးသည်။ ဟောတိ၊ ဖြစ်၏။ ဣတိဝါ၊ဤသို့ဂုဏ်း။ ပန၊ထိုမှတပါး။ အယံ၊ဤသူသည်။ မေ၊ငါ့ အား။လဥ္ဇံ၊တံဆိုးလာဘ်ကို။ ဒေတိ၊ပေး၏။ ဣတိဝါ၊ဤသို့ဂုဏ်း။

ဆန္ဒဝသေန၊ ချစ်သည့်၏ အစွမ်းဖြင့်။ အသာသမိကံ၊ ဥစ္စာရှင် မဟုတ်သောသူကို။သာမိကံ၊ဥစ္စာရှင်ကို။ကရောတိ၊ပြု၏။အယံ၊ ဤတရားသူကြီးသည်။ ဆန္ဒာဂတိ ၊ချစ်သဖြင့်မလားအပ်သည့် သို့။ ဂစ္ဆတိနာမ၊ လားသည်မည့်၏။ ။ယော၊ အကြင်တရား သူကြီးသည်။ အယံ၊ ဤသူသည်။ မေ၊ငါ၏။ ဝေရော၊ ရန်သူ တည်း။ ဣတိ၊ ဤသို့။ ပကတိဝေရဝသေနဝါ၊ ပြကတေ့သော ရန်သူ၏အစွမ်းဖြင့်ရင်း။ တခဏပ္ပန္နဒေါသဝသေနဝါ၊ထိုတရား ဆုံးဖြတ်သောခဏ၌ဖြစ်သောအမျက်ဒေါသ၏အစွမ်းဖြင့်ရင်း။ သာမိကံ၊ဥစ္စာရှင်ဖြစ်သောသူကို။အသာသမိကံ၊ဥစ္စာရှင်မဟုတ် သည့်ကို။ကရောတိ၊ပြု၏။ အယံ၊ဤတရားသူကြီးသည်၊ဒေါသာ ဂတိ ၊ ဒေါသဖြင့်မလားအပ်သည့်သို့။ ဂစ္ဆတိနာမ၊ လားသည် မည့်၏။ ။ပန၊ထိုမှတပါး။ ယော၊အကြင်တရားသူကြီးသည်။ မန္ဒတ္တာ၊ပညာနုံ့သည့်၏အဖြစ်ကြောင့်။မောဟမူဟတ္တာ၊တရား ဥပဒေကို မသိမမြင် အလွန် တွေဝေသည့်၏ အဖြစ်ကြောင့်။ ယံဝါတံဝါ၊ ဟုတ်ဟုတ်ညားညား။ ဝါ၊ မသင့်သောအကြောင်း ကို။ဝတွာ၊တရားဥပဒေမှအလွတ် ထင်ရာမြင်ရာရေးသားပြော ဆိုပြီး၍။ အသာသမိကံ၊ ဥစ္စာရှင်မဟုတ်သောသူကို။ သာမိကံ၊ ဥစ္စာရှင်ကို။ကရောတိ၊ပြု၏။ အယံ၊ဤတရားသူကြီးသည်။မော ဟာဂတိ ၊တွေဝေခြင်းမောဟဖြင့် မလားအပ်သည့်သို့၊ ဂစ္ဆတိ နာမ၊လားသည် မည့်၏။ ပန၊ထိုမှတပါး။ ယော၊အကြင်တရား သူကြီးသည်။ယော၊ အကြင်သူသည်။ ရာဇဝလ္လဘောဝါ၊ မင်း ကျွမ်းဝင်သောသူသည် မူလည်း။ ဟောတိ၊ဖြစ်၏၊ ဝိသမနိဿိ တောဝါ၊မညီမညွတ်ခိုးသူ-စသောသူကိုမှီသည်မူလည်း။ဟော တိ၊ဖြစ်၏။ သော၊ထိုသူသည်။ မေ၊ငါ့အား။ အနတ္ထမ္ပိ၊အကျိုးမဲ့ ကိုလည်း။ ကရေယျ၊ ပြုရာ၏။ ဣတိ၊ဤသို့။ ဘီတော၊ကြောက် သည်။ဟုတွာ၊ဖြစ်၍။အသာသမိကံ၊ဥစ္စာရှင်မဟုတ်သောသူကို။ သာမိကံ၊ ဥစ္စာရှင်ကို။ ကရောတိ၊ပြု၏။ အယံ၊ဤတရားသူကြီး သည်။ ဘယာဂတိ ၊ဘယာဂတိသို့။ ဝါ၊ကြောက်သဖြင့်မလား

အပ်သည်သို့။ ဂစ္ဆတိနာမ၊ လိုက်သည် မည်၏။ ဝါ၊ လာသည် မည်၏။

အဂတိလေးပါး၏အဲဓိပ္ပါယ်ပြီး၏။

\+ + + +

## (၂၂) အဂတိဂမနသဒ္ဒါ၏ ဝစနတ္ထနှင့် အကုသိုလ်ဖြစ်ခြင်းကိုပြခြင်း။

အဂတိံ ဂစ္ဆတိ ဧတေဟီတိ အဂတိဂမနာ။ ။ဧတေဟိ၊ ထိုအကုသိုလ် စိတ္တုပ္ပါဒ်တို့ဖြင့်။ အဂတိံ၊ မလားအပ်သည်သို့။ ဝါ၊မလိုက်အပ်သည်သို့။ ဝါ၊မပြုအပ်သည်သို့၊ ဂစ္ဆတိ၊ ရောက်၏။ ဇာတိတသ္မာ၊ ထိုသို့ရောက်ကြောင်းဖြစ်သောသတ္တိကြောင့်။ တေအကုသလစိတ္တုပ္ပါဒါ၊ ထိုအကုသိုလ် စိတ္တုပ္ပါဒ် တို့သည်။ အဂတိဂမနာ၊ အဂတိဂမနတို့ မည်ကုန်၏။ ။ဤဝစနတ္ထနှင့် အညီ မလိုက်စားအပ်သောအဂတိလေးပါးကို လိုက်စားပြုလုပ်ခြင်းသည် အကုသိုလ်စိတ္တုပ္ပါဒ်ဖြင့်သာလျှင် လိုက်စား ပြုလုပ်ခြင်းကြောင့် အပါယ်လေးပါးသို့လားရောက်ခြင်း၏အကြောင်း ပင်တည်းဟု မှတ်ယူအပ်၏။

ထိုကြောင့် ပါဠေယျဋီကာသိင်္ဂါလသုတ်အဘွင့်၌ —

(က) အဂတိဂမနာတိ နိစာတထာ ပဝတ္တာ အပါယဂမနီယာ အကုသလစိတ္တုပ္ပါဒါ ဝေဒိတဗ္ဗာ။အဂတိံ ဂစ္ဆတိ ဧတေဟီတိ။ ။ဟူ၍ပြ၏။ ။၁၆၁၂-ခုနှစ်ရိုက်၊ဇမ္ဗူ့မိတ်ဆွေစာအုပ်နံပါတ်(၁၁၄)။

၎င်းပါဠေယျအဋ္ဌကထာ၌လည်း —

(ခ) သော စတုဗ္ဗိဓေပိ ယထာနုက္ကမေန ဆန္ဒာဂတိအာဒိနိ ဂစ္ဆန္တော ပါပံ ကရောတိနာမ။ ။ဟူ၍ ပြတော်မူ၏။ ။၁၆၀၉-ခုနှစ်ရိုက်၊ ဇမ္ဗူ့မိတ်ဆွေစာ အုပ်နံပါတ်(၁၁၀)။

## အနက်ကို-က-ခ-အစဉ်အတိုင်းမှတ်။

(က) မှတ်အနက်ကား။ ။ဧတေဟိ၊ ထိုအကုသိုလ်စိတ္တုပ္ပါဒ်တို့ဖြင့်။ အဂတိ ံ၊ မလားအပ်သည်သို့။ ဂစ္ဆတိ၊ ရောက်၏။ ဆူတိဆူမိနာ၀စနတ္တေန၊ ဤကရဏသာဓ၀စနတ္တဖြင့်။ အဂတိဂမနာတိ-အဂတိဂမနာနာမ၊ အဂတိဂမနတို့မည်ကုန်၏။ နိစာ၊ ယုတ်နိမ့်ကုန်သော။တထာ၊ ထိုဆန္ဒာဂတိစသည်သို့လိုက်စားသောအခြင်းအရာအားဖြင့်။ ပ၀တ္တာ၊ ဖြစ်ကုန်သော။ အပါယဂမနီယာ၊ အပါယ်လေးပါးသို့ရောက်ကြောင်းဖြစ်ကုန်သော၊ အကုသလစိတ္တုပ္ပါဒါ၊ အကုသိုလ်စိတ္တုပ္ပါဒ်တို့ကို။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ။ဤကား(က)မှတ်အနက်။

(ခ) မှတ်အနက်ကား။ ။စတုဗ္ဗိဓေပိ၊ လေးပါးအပြားရှိသည်လည်းဖြစ်သော။ သော၊ ထိုအဂတိလေးပါးသို့လိုက်သောပုဂ္ဂိုလ်သည်။ ယထာနုက္ကမေန၊ အစဉ်အားလျော်သဖြင့်။ ဆန္ဒာဂတိအာဒိနိ၊ ဆန္ဒာဂတိအစရှိသည်တို့သို့။ဂစ္ဆန္တော၊ လိုက်သည်ရှိသော်။ ပါပံ၊ မကောင်းမှုကို။ ကရောတိနာမ၊ ပြုသည်မည်၏။ ။ဤကား(ခ)မှတ်အနက်။

### အကျဉ်းမှတ်ရလက်ာ။

(၁) အဂတိဂမန၊ ဖြစ်သမျှ၊ မုချအကုသလာ။
(၂) အကုသလ၊ ဖြစ်တုံက၊ မုချပါယ်ကျရာ။
(၃) သိသူလူများ၊ ရှောင်ကွင်းရှား၊ လွတ်ငြားပါယ်လေးရွာ။

အဂတိဂမန-အကုသိုလ်ဖြစ်ခြင်း ပြီး၏။

\+ \+ \+ \+

## (၂၃) ဆန္ဒာဂတိစသည်တို့၏ ပရမတ္ထတရားကိုယ်နှင့် အပါယ်သွားခြင်းကိုပြခြင်း။

ဆန္ဒာဂတိ ံ ဂစ္ဆတိ-ဟူသော ပုဒ်၌ ဆန္ဒဟူသည် ပရမတ္ထတရားကိုယ်အားဖြင့် လိုချင် တာသ်မက်မောခြင်း လက္ခဏာရှိ

သော လောဘ စေတသိက်ပင်တည်း။ ။ဒေါသာဂတိံ ဂစ္ဆတိ-ဟူသောပုဒ်၌ ဒေါသဟူသည် ပရမတ္ထ တရားကိုယ်အားဖြင့် ပြစ်မှားဖျက်ဆီးခြင်းလက္ခဏာရှိသော ဒေါသစေတသိက်ပင်တည်း။ ။မောဟာဂတိံ ဂစ္ဆတိ-ဟူသော ပုဒ်၌ မောဟဟူသည် ပရမတ္ထတရားကိုယ်အားဖြင့် အကြောင်း အကျိုးကို မသိမမြင် မိုက်မဲတွေဝေခြင်းလက္ခဏာရှိသော မောဟစေတသိက်ပင်တည်း။ ။ဘယာဂတိံ ဂစ္ဆတိ-ဟူသောပုဒ်၌ ဘယဟူသည် ဒေါသစိတ်ဖြင့်သာလျှင် ကြောက်ခြင်းဖြစ်သောကြောင့် ပရမတ္ထတရားကိုယ်အားဖြင့်ဒေါသစေတသိက်ပင်လျှင်တည်း။ ထိုသို့ ပရမတ္ထတရားကိုယ်အားဖြင့် လောဘ,ဒေါသ,မောဟ ဖြစ်သောကြောင့် ထိုလောဘ, ဒေါသ, မောဟ-ဖြင့်သာလျှင် အကြင်ပုဂ္ဂိုလ်တို့သည် ဆန္ဒာဂတိစသည်တို့ကို လိုက်စားကြကုန်၏။ ထိုဆန္ဒာဂတိစသည်သို့လိုက်စားကုန်သော ပုဂ္ဂိုလ်တို့သည် ထိုအကုသိုလ်စေတနာတည်းဟူသော ကံကြောင့် ငရဲ, တိရစ္ဆာန်,ပြိတ္တာ,အသုရကာယ်တည်းဟူသော ဒုဂ္ဂတိဘဝသို့ လားရ,ရောက်ရကုန်၏ဟုရချမှတ်ယူအပ်၏။

ထို့ကြောင့် ဇာတိဝတ်ပါဠိတော်၌—

(က) ယေန လောဘေန လုဒ္ဓါသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။ဟူ၍ဂုင်း။

(ခ) ယေန ဒေါသေန ဒုဋ္ဌာသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။ဟူ၍ဂုင်း။

(ဂ) ယေန မောဟေန မူဠှာသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။ဟူ၍ဂုင်း။

(ဃ) ယေန ကောဓေန ကုဒ္ဓါသေ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။ ။ဟူ၍ဂုင်း။ ။ဘုရား ဟောတော်မူ၏။ ဟံသာဝတီစာအုပ်၊ နံပါတ်(၁၃၁၊ ၁၃၂၊ ၁၃၄)ကြည့်။

## အနက်ကို-က-ခ-ဂ-ဃ-အစဉ်အတိုင်းမှတ်။

(က) ယေသတ္တာ၊ အကြင်သတ္တဝါတို့သည်။ ယေနလောဘေန၊ အကြင်လောဘဖြင့်။ လုဒ္ဓါသေ၊ လိုချင်တပ်မက်မောကုန်၍။ တေသတ္တာ၊ထိုသတ္တဝါတို့သည်။တေနလောဘေန၊ထိုလောဘကြောင့်။ ဒုဂ္ဂတိံ၊ မကောင်းမှုကိုပြုကုန်သော သူတို့၏လားရာဖြစ်သောဒုဂ္ဂတိဘဝသို့။ဂစ္ဆန္တိ၊ရောက်ကုန်၏။

(ခ) ယေသတ္တာ၊ တို့သည်။ ယေနဒေါသေန၊ အကြင်ပြစ်မှားခြင်းလက္ခဏာရှိသောဒေါသဖြင့်။ ဒုဋ္ဌာသေ၊ပြစ်မှားကုန်၍။ တေသတ္တာ၊တို့သည်။ တေနဒေါသေန၊ ထိုဒေါသကြောင့်။ ဒုဂ္ဂတိံ၊သို့။ဂစ္ဆန္တိ၊ကုန်၏။

(ဂ) ယေသတ္တာ၊တို့သည်။ ယေနမောဟေန၊အကြင်မသိမမြင်တွေဝေခြင်းလက္ခဏာရှိသောမောဟဖြင့်။ မူဠှာသေ၊မသိမမြင်တွေဝေကုန်၍။ တေသတ္တာ၊ တို့သည်။ တေနမောဟေန၊ ထိုမောဟကြောင့်။ဒုဂ္ဂတိံ၊သို့။ဂစ္ဆန္တိ၊ကုန်၏။

(ဃ) ယေသတ္တာ၊ တို့သည်။ ယေန ကောဓေန၊ အကြင် အမျက် ကောဓဖြင့်။ ကုဒ္ဓါသေ၊ အမျက် ထွက်ကုန်၍။ တေသတ္တာ၊တို့သည်။ တေနကောဓေန၊ထိုအမျက်ကောဓကြောင့်။ ဒုဂ္ဂတိံ၊သို့။ဂစ္ဆန္တိ၊ကုန်၏။

### အကျဉ်းမှတ်ရာလင်္ကာ။

(၁) ဆန္ဒဟူက။ဓမ္မပြ။လောဘမှတ်ယူရာ။
(၂) လောဘကြောင့်ဖြစ်။ဂတိညစ်။ရောက်လစ်အပါယ်ရွာ။
(၃) ဒေါသဟူက။ဓမ္မပြ။ဒေါသစေတသိက်သာ။
(၄) ဒေါသကြောင့်ထား။ဂတိလား။လေးပါးအပါယ်မှာ။
(၅) မောဟဟူက။သရုပ်ပြ။မောဟစေတသိက်ပါ။
(၆) မောဟကြောင်းရှိ။အဂတိ။လိုက်ဘိငရဲစာ။

ဆန္ဒာဂတိစသည့် တရားကိုယ်ပြပြီး၏။

\+ + + +

## (၂၄) ကုရုဝိနိစ္ဆယအဓမ္မစာရဖြစ်ခြင်း၏ အပါယ်သွားခြင်းကိုပြခြင်း။

တံဆိုးလာဘ် ပုဂ္ဂိုလ် ဟူသော အကြောင်းကြောင့် ဆန္ဒာဂတိ-စသည်လိုက်စား၍ တရားဥပဒေနှင့်မညီမညွတ်ကောက်ကျစ်စဉ်းလဲ၍တရားဆုံးဖြတ်စီရင်သောသူသည်မတရားသော အဓမ္မအကျင့်ကို ကျင့်သည်မည်၏။ မညီမညွတ်သောအကျင့်ကို ကျင့်သည်မည်၏။ ။ထိုအဓမ္မစာရ, ဝိသမစာရကို ကျင့်သောသူတို့သည် အပါယ်လေးပါးသို့ ရချ ရောက်ရလတ္တံ့ဟု မှတ်သိအပ်၏။

ထို့ကြောင့် မူလပဏ္ဏာသပါဠိတော်,ဝေရဉ္စကသုတ်၌—

(က) အဓမ္မစရိယာ ဝိသမစရိယာ ဟေတု ခေါ ဂဟပတယော ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံဒုဂ္ဂတိံ ဝိနိပါတံနိရယံဥပပဇ္ဇန္တိ-ဟူ၍ ဟောတော်မူ၏။ ။ဟံသာဝတီ စာအုပ်၊ နံပါတ်(၃၃၃)ကြည့်။

မဇ္ဈိမပဏ္ဏာသပါဠိတော်-ဓနဉ္စာနိသုတ်၌လည်း—

(ခ) ဧတ္ထ ဧကစ္စော မိတ္တာမစ္စာနံ ဟေတုအဓမ္မစာရီ ဝိသမစာရီ အဿ၊တမေနံ အဓမ္မစရိယာဝိသမစရိယာ ဟေတု နိရယံ နိရယပါလာ ဥပကဍ္ဎေယျုံ။ ။ဟူ-ဟောတော်မူ၏။ ။ဟံသာဝတီစာအုပ်၊နံပါတ်(၃၈၂)ကြည့်။

အနက်ကား။ ။(က)ဂဟပတယော၊ဒါယကာတို့၊ အဓမ္မစရိယာ၊မတရားသဖြင့်ကျင့်ခြင်း၏၊ဝိသမစရိယာ၊မညီမညွတ်ကျင့်ခြင်း၏၊ ဟေတုခေါ-ဟေတုဝေ၊ အကြောင်းကြောင့်သာလျှင်၊ ဝံ၊ဤသို့၊ဣဓလောကေ၊ဤလောက၌၊ ကေစ္စေ၊အချို့ကုန်

သော။ သတ္တာ၊ သတ္တဝါတို့သည်။ ကာယဿ၊ ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်သည်မှ။ မရဏာ၊ သေသည်မှ။ ပရံ၊ နောက်၌။ အပါယံ၊ ချမ်းသာမှကင်းသော။ ဒုဂ္ဂတိံ၊ မကောင်းမှုကိုပြုသောသူတို့၏လားရာဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ကျရာဖြစ်သော။ နိရယံ၊ ငရဲသို့။ ဝါ၊ ငရဲ၌။ ဥပပဇ္ဇန္တိ၊ ရောက်ရကုန်၏။ ဝါ၊ ဖြစ်ရကုန်၏။

(ခ) ဣဓလောကေ၊ ဤလောက၌။ ကေစ္စော၊ အချို့သောသူသည်။ မိတ္တာမစ္စာနံ၊ မိတ်ဆွေ အဆွေခင်ပွန်းတို့၏။ ဟေတု၊ အကြောင်းကြောင့်။ အဓမ္မစာရီ၊ မတရားသဖြင့် ကျင့်လေ့ ရှိသည်။ ဝိသမစာရီ၊ မညီမညွတ်ကျင့်လေ့ရှိသည်။ အသဟောတိ၊ ဖြစ်၏။ တမေနံ-တံဧနံဇနံ၊ ထိုသူကို။ အဓမ္မစရိယာ၊ မတရားသဖြင့်ကျင့်ခြင်း၏။ ဝိသမစရိယာ၊ မညီမညွတ်ကျင့်ခြင်း၏။ ဟေတု၊ အကြောင်းကြောင့်။ နိရယံ၊ ငရဲသို့။ နိရယပါလာ၊ ငရဲထိန်းတို့သည်။ ကမ္မကရဏာဣံ၊ နှောင်ဖွဲ့ခြင်းစသော ကမ္မကရဏာကို ပြုခြင်းငှါ။ ထည့်။ ။ဥပကဆေယျုံ၊ ဆွဲငင်ကုန်ရာ၏။ ။ဤကား အနက်။

(၁) ကူငှဝိနိစ္ဆယ။ ဆုံးဖြတ်ချ။ အဓမ္မစာရဖြစ်။
(၂) အဓမ္မစာရ။ ဖြစ်တုံက။ မုချပါယ်ရောက်လစ်။

\+ + + +

## (၂၅) အဂတိလေးပါးလိုက်စားခြင်း၏ ပစ္စုပ္ပန်အပြစ်ကိုပြခြင်း။

အကြင်ပုဂ္ဂိုလ်သည်ဆန္ဒာဂတိ, ဒေါသာဂတိ,မောဟာဂတိ, ဘယာဂတိအားဖြင့်တရားသဘောကိုလွန်၍ကျင့်၏။ ထိုပုဂ္ဂိုလ်အား လဆုတ်ပက္ခ၌ လရောင်သည် တနေ့တခြား ဆုတ်ယုတ်သကဲ့သို့ ဥစ္စာ စည်းစိမ် အခြံ အရံ ကျော်စော သတင်းသည် တနေ့တခြား ဆုတ်ယုတ်ပျက်ပြား၏။ သေသည်၏ အခြားမဲ့၌ လည်း အပါယ်လေးပါးသို့ကျရောက်ရလတ္တံ့ဟု မှတ်အပ်၏။

ထို့ကြောင့်-ပါထေယျပါဠိတော်-သိင်္ဂါလသုတ်၌—

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ ယော ဓမ္မံ အတိဝတ္တတိ။
နိဟီယတိ ယသော တဿ၊ ကာဠပက္ခေဝ စန္ဒိမာ။ ။

ဟုဟောတော်မူ၏။ ။၁၉၁၃-ခုနှစ်ရိုက်၊ ဟံသာဝတီစာအုပ်၊ နံပါတ်(၁၂၀)။ ပရိဝါပါဠိတော်၊ စတုက္ကနိပါတ်-အင်္ဂုတ္တရပါဠိတော် စသည်၌လည်းလာ၏။

အနက်ကား။ ။ယော ပုဂ္ဂလော၊ အကြင် ပုဂ္ဂိုလ်သည်။ ဆန္ဒာ-ဆန္ဒေန၊ချစ်သဖြင့်၎င်း။ ဒေါသာ-ဒေါသေန၊ ရန်းသဖြင့် ၎င်း။ဝါ၊အမျက်ဒေါသဖြင့်၎င်း၊မောဟာ-မောဟေန၊ရိုက်မဲတွေဝေသဖြင့်၎င်း။ဓမ္မံ၊တရားသဘောကို။အတိဝတ္တတိ၊လွန်၍ကျင့်၏။ တဿပုဂ္ဂလဿ၊ထိုပုဂ္ဂိုလ်အား။ကာဠပက္ခေ၊လဆုတ်ပက္ခ၌။ စန္ဒိမာ၊လသည်။ နိဟီယတိဣဝ၊ တနေ့တခြား ဆုတ်ယုတ်သကဲ့သို့။ ယသော၊ အခြံအရံ စည်းစိမ် ချမ်းသာ ကျော်စောသတင်းသည်။ နိဟီယတိ၊ တနေ့တခြား ဆုတ်ယုတ်ပျက်ပြား၏။ ။ဤကားအနက်။

အကျဉ်းမှတ်ရလင်္ကာ။

(၁) အဂတိလေးပါး၊လိုက်သူများ၊ပျက်ပြားစည်းစိမ်လစ်။

(၂) မလိုက်မစား၊ထိုသူအား၊တိုးပွါးစည်းစိမ်ဖြစ်။

ပစ္စုပ္ပန်အပြစ်ပြခြင်းပြီး၏။

\+ + + +

## (၂၆) အဂတိလေးပါးမလိုက်စားခြင်း၏ ပစ္စုပ္ပန်အကျိုးကိုပြခြင်း။

အကြင် ပုဂ္ဂိုလ်သည် ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ,ဘယာဂတိတို့ဖြင့် တရားသဘောကို လွန်၍မကျင့်၊ ထိုပုဂ္ဂိုလ်အား လဆန်းပက္ခ၌လရောင်သည်တနေ့တခြားတိုးပွါး၍

ပြည့်လာသကဲ့သို့၊ အခြံအရံ စည်းစိမ်ချမ်းသာ ကျော်စော သတင်းသည် တနေ့တခြား တိုးပွါးပြည့်ဖြိုး၍လာ၏။ သေသည့်၏ အခြားမဲ့၌ နတ်ရွာသုဂတိသို့ရောက်ရလတ္တံ့ဟု ရချမှတ်ရာ၏။

ထိုကြောင့် သိလက္ခန်ပါဠိတော်၊သိင်္ဂါလသုတ်၌—

ဆန္ဒာ ဒေါသာ ဘယာ မောဟာ၊ယော ဓမ္မံ နာတိဝတ္တတိ။
အာပူရတိ ယသော တဿ၊ ဇုဏှပက္ခေဝ စန္ဒိမာ၊ ။

ဟူ၍ ဟောတော်မူ၏။ ။အထက်ပါ ဟံသာဝတီ စာအုပ်-နံပါတ်(၁၂၀)ကြည့်။

အနက်ကား။ ။ယောပုဂ္ဂလော၊အကြင်ပုဂ္ဂိုလ်သည်။ဆန္ဒာ-ဆန္ဒေန၊ချစ်သဖြင့်ငင်း။ဒေါသာ-ဒေါသေန၊ဒေါသဖြင့်ငင်း။မောဟာ-မောဟေန၊ မိုက်မဲတွေဝေသဖြင့်ငင်း။ ဘယာ-ဘယေန၊ ကြောက်သဖြင့်ငင်း။ဓမ္မံ၊တရားသဘောကို။ နာတိဝတ္တတိ၊လွန်၍မကျင့်။ တဿ ပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်အား။ ဇုဏှပက္ခေ၊ လဆန်းပက္ခ၌။ စန္ဒိမာ၊လသည်။ အာပူရတိဣဝ၊ တနေ့တခြား တိုးပွါး ပြည့်လာ၏သို့။ ယသော၊ အခြံအရံ စည်းစိမ်ချမ်းသာ ကျော်စောသတင်းသည်။အာပူရတိ၊တိုးပွါးပြည့်ဖြိုးလာ၏။ ။ ဤကားအနက်။

ပဌပုပ္ပန်အကျိုးပြီး၏။

\+ + + +

## (၂၇) အဂတိလေးပါးလိုက်စားခြင်း၏ ရေလားခြင်းသံသရာအပြစ်ကိုပြခြင်း။

ကြောင်းကျိုးမြင်သိ၊ ပဋိသမ္ဘေပညာမရှိသော အကြင်အနုဝိဇ္ဇကတရားသူကြီးပုဂ္ဂိုလ်သည်ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ,ဘယာဂတိတို့ဖြင့်လိုက်စား၍ မမှန်တရားဆုံးဖြတ်၏။ ထေရ်ပုဂ္ဂိုလ်ကြီးတို့ကိုလည်း ဆဲရေး၏၊ မိမိကိုယ်ကို မိမိပင်ဖျက်ဆီးအပ်သော သဒ္ဓါစသော ဓာန္တေရှိသော ပဝတ္တိပညာမရှိ

သော အကျင့်သိက္ခာ၌ရှိသေခြင်းမရှိသောထိုအနုပိဋကတရား သူကြီးပုဂ္ဂိုလ်သည် ကိုယ်ခန္ဓာ ပျက်သည်မှ နောက်၌ ငရဲသို့ လားရ,ရောက်ရ၏ဟုရချ မှတ်ယူအပ်၏။

ထို့ကြောင့် ပရိဝါပါဠိတော်-စောဒနာကဏ္ဍ၌—

ဆန္ဒာဒေါသာဘယာမောဟာ၊ထေရေစ ပရိဘာသတိ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ခတော ဥပဟတိန္ဒြိယော။
နိရယံ ဂစ္ဆတိ ဒုမ္မေဓော၊နစ သိက္ခာယ ဂါရဝေါ။ ။

ဟုဟောတော်မူ၏။ ။ဟံသာဝတီစာအုပ်၊နံပါတ်(၂၂၅)ကြည့်။

အနက်ကား။ ။ဒုပ္ပညော၊ပဋိသန္ဓေပညာမရှိသော။ ယော ပုဂ္ဂလော၊အကြင်အနုပိဋကတရားသူကြီးပုဂ္ဂိုလ်သည်။ ဆန္ဒာ-ဆန္ဒေန၊ ချစ်သဖြင့်၎င်း။ ဒေါသာ-ဒေါသေန၊ ရန်းသဖြင့်၎င်း။ ဘယာ-ဘယေန၊ ကြောက်သဖြင့်၎င်း။ မောဟာ-မောဟေန၊ မိုက်မဲတွေဝေသဖြင့်၎င်း။ ထေရေစ၊ ထေရ်ကြီး ပုဂ္ဂိုလ်တို့ကို လည်း။ ပရိဘာသတိ၊ဆဲရေး၏။ ခတော၊ မိမိသည်ပင်လျှင်မိမိ ကိုယ်ကိုတူးမြှုအပ်ထသော။ ဥပဟတိန္ဒြိယော၊ပျက်ဆီးအပ်ပြီး သော သဒ္ဓါစသောဣန္ဒြေရှိထသော။ ဒုမ္မေဓော၊ပဝတ္တိပညာမရှိ ထသော။ သိက္ခာယ၊အကျင့်သိက္ခာ၌၊ နစဂါရဝေါ၊ရှိသေခြင်း လည်းမရှိထသော။သောပုဂ္ဂလော၊ ထိုအနုပိဋက တရားသူကြီး ပုဂ္ဂိုလ်သည်။ ကာယဿ၊ကိုယ်ခန္ဓာ၏။ ဘေဒါ၊ပျက်သည်မှ။ ပရံ နောက်၌။နိရယံ၊ငရဲသို့။ဂစ္ဆတိ၊လားရ,ရောက်ရ၏။

**မှတ်ချက်။** ။ထေရေစ၌ စသဒ္ဒါဖြင့် မေးစိစစ်ခြင်း, မမှန် တရားဆုံးဖြတ်ခြင်းတို့ကိုလည်းပေါင်းယူအပ်၏။

**အကျဉ်းမှတ်စုလင်္ကာ။**

(၁) အဂတိတရား။လိုက်သူများ။လေးပါးအပါယ်နှစ်၊
(၂) မလိုက်ထိုသူ။စိတ်ကြည်ဖြူ။နတ်လူမြဟ္မာဖြစ်၊
ငရဲလားခြင်း သံသရာဖြစ်ပြီး၏။

## (၂၈) အဂတိလေးပါးလိုက်စားသော မဟာပိင်္ဂလမင်း၏ ထုံးပုံဝတ္ထုကိုပြခြင်း။

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပိင်္ဂလမင်းသည် မတရားသဖြင့်မင်းပြု၏။ ထိုမင်းသည် ဆန္ဒာဂတိ, ဒေါသာဂတိ, မောဟာဂတိ, ဘယာဂတိတို့၏အစွမ်းဖြင့်မကောင်းမှုကိုပြုလျက် ရာဇဝတ်မင်းဒဏ်ပေးခြင်း, အခွန်အတုတ်ယူခြင်း, မြင်းခေါင်းဖြင့် စေပါးခြင်း, ငွေအသပြာစသည်ကို ယူခြင်းဖြင့် ကြံသွစ်ယန္တရားစက်ဖြင့်ကြံကိုညှစ်သကဲ့သို့၊ တိုင်းသူပြည်သားလူများ အပေါင်းကို နှိပ်စက်၏။လ။ ထိုမင်းသည်သေသည်ရှိသော် တိုင်းသူပြည်သားတို့သည် အလွန်နှစ်သက်ဝမ်းမြောက်ကြကုန်၏။ ထိုမင်း၏သားတော်ဘုရားလောင်းကို မင်းမြှောက်ကြကုန်၏။

**မှတ်ချက်။** ။ထိုမဟာပိင်္ဂလမင်းသည် ပါပကမ္မာနိ ကရောန္တော-စသော ပါဠိများကို ထောက်လျှင် သေသည်၏ အခြားမဲ့၌ ငရဲ၌ ရောက်လတ္တံ့ဟု အနုမာနအားဖြင့် မှတ်ယူသင့်ပေ၏။

ထိုကြောင့်ဒုကနိပါတ်-မဟာပိင်္ဂလဇာတ်အဋ္ဌကထာ၌—

အတီတေ ဗာရာဏသိယံ မဟာပိင်္ဂလော နာမ ရာဇာ အဓမ္မေန ဝိသမေန ရဇ္ဇံ ကာရေသိ။ ဆန္ဒာဒိဝသေန ပါပကမ္မာနိ ကရောန္တော ဒဏ္ဍဗလိ ဧသံကဟာပဏာဒိဂ္ဂဟဏေန ဥစ္ဆုယန္တေဟိ ဥစ္ဆုံ ဝိယ မဟာဇနေ ပိဠေသိ။ ။အစရှိသည်ဖြင့်ပြတော်မူ၏။ ။၁၉၁၀-ခုနှစ်ရိုက်၊ပြည်ကြီးမဏ္ဍိုင်စာအုပ်နံပါတ်(၂၁၀)။

**အနက်ကား။** ။အတီတေ၊ ရှေးလွန်လေပြီးသော အခါ၌။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ မဟာပိင်္ဂလော နာမ၊ မဟာပိင်္ဂလအမည်ရှိသော။ ရာဇာ၊ မင်းသည်။ အဓမ္မေန၊ မတရားသဖြင့်။ ဝိသမေန၊ မင်းကျင့်တရားနှင့် မညီမညွတ်သဖြင့်။ ရဇ္ဇံ၊

မင်းအဖြစ်ကို။ကာရေသိ၊ပြု၍။သောရာဇာ၊ထိုမဟာပိင်္ဂလမင်း
သည်။ ဆန္ဒာဒိဂသေန၊ဆန္ဒာဂတိအစရှိသည်တို့၏အစွမ်းဖြင့်။
ပါပကမ္မာနိ၊မကောင်းမှုကံတို့ကို။ကရောန္တော၊ပြုလျက်။ ဒဏ္ဍ
ဗလိဇယ်ကဟာပဏာဒိဂ္ဂဟဏေန၊ရာဇဝတ်ပြစ်ဒဏ်ပေးခြင်း,
အခွန်အတုတ်ယူခြင်း, မြင်းခေါင်းဖြင့်စေပါးခြင်း, ငွေအသပြာ
စသည်တို့ကိုယူခြင်းဖြင့်။ဥစ္ဆုယန္တေဟိ၊ကြံသွစ်ယန္တရားစက်
တို့ဖြင့်။ဥစ္ဆုံ၊ကြံကို။ ပီဠေန္တော ဝိယ၊ ညှစ်သကဲ့သို့။ မဟာဇနေ၊
တိုင်းသူပြည်သား လူများအပေါင်းတို့ကို။ ပီဠေသိ၊ညှဉ်းဆဲနှိပ်
စက်ပြီ။ ။ဤကားအနက်။

### အကျဉ်းမှတ်ရလင်္ကာ၊

(၁) မဟာပိင်္ဂလာ။မင်းရာဇာ။လေးဖြာဂတိ လိုက်စား၍။
(၂) တိုင်းသူပြည်သား။နှိပ်စက်စား။ယန္တရားကြံသွစ်တူစွာသိ။
(၃) ထိုမင်းရာဇာ။သေသောခါ ။ပါယ်မှာလားရန်ရှိ။

အဂတိလိုက်စားသောမဟာပိင်္ဂလမင်း၏
ထုံးပုံဝတ္ထုပြီး၏။

\+ \+ \+ \+

### (၂၃) အဂတိလေးပါးလိုက်စားသူ ငရဲသားရခြင်းကိုပြခြင်း။

ဆန္ဒာဂတိလိုက်ခြင်း, ဒေါသာဂတိလိုက်ခြင်း, မောဟာဂတိ
လိုက်ခြင်း, ဘယာဂတိလိုက်ခြင်း၊ ဤအဂတိတရားလေးပါးတို့
နှင့် ပြည့်စုံသော ဆွမ်းညွန်းသော ရဟန်းလူသည် အပါယ်ငရဲ
၌ကျသကဲ့သို့၊ ထို့အတူ အဂတိတရား လေးပါးတို့နှင့် ပြည့်စုံ
ကုန်သော တရားသူကြီးစသောပုဂ္ဂိုလ်တို့သည်လည်း ဆောင်
၍ချအပ်သကဲ့သို့ ငရဲ၌ကျရောက်ရ၏ဟုမှတ်ယူအပ်၏။

ထို့ကြောင့် စတုက္ကနိပါတ်အင်္ဂုတ္တရပါဠိတော်၌—

စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘတ္တုဒ္ဒေ
သကော ယထာဘတံ နိက္ခိတ္တော၊ဧဝံ နိရယေ။ ကတ

မေဟိ စတူဟိ၊ ဆန္ဒာဂတိံ ဂစ္ဆတိ၊ ဒေါသာဂတိံ ဂစ္ဆ
တိ၊မောဟာဂတိံ ဂစ္ဆတိ၊ ဘယာဂတိံ ဂစ္ဆတိ။ ဣမေ
ဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော
ဘတ္တုဒ္ဒေသကော ယထာဘတံ နိက္ခိတ္တော နိရယေ-
ဟု ဟောတော်မူ၏။ ။၁၉၀၇-ခုနှစ်ရိုက်၊ ကဝိမျက်
မှန်စာအုပ်၊နံပါတ်(၃၁၃)။

အနက်ကား။ ။ဘိက္ခဝေ၊ ရဟန်းတို့၊ စတူဟိ၊ လေးပါး
ကုန်သော။ဓမ္မေဟိ၊တရားတို့နှင့်။ သမန္နာဂတော၊ပြည့်စုံသော။
ဘတ္တုဒ္ဒေသကော၊ ဆွမ်းညွှန်းသောရဟန်းလူကို။ အာဘတံ-
အာဟရိတွာ၊ ရှေးရှုဆောင်၍။ နိက္ခိတ္တော ယထာ၊ ပစ်ချအပ်
သကဲ့သို့။ဧဝံတထာ၊ထိုအတူ။ အတ္တနော၊မိမိ၏။ကမ္မေန၊အဂတိ
လေးပါးလိုက်စားသော မကောင်းမှု အကုသိုလ်ကံသည်။ နိရ
ယေ၊ငရဲ၌။နိက္ခိတ္တော၊ပစ်ချအပ်၏။ကတမေဟိစတူဟိ၊အဘယ်
တရားလေးပါးတို့နှင့်။သမန္နာဂတော၊သော။ဘတ္တုဒ္ဒေသကော၊
ကို။အာဘတံ-အာဟရိတွာ၊၍။နိက္ခိတ္တော ယထာ၊ကဲ့သို့။ အတ္တ
နော၊မိမိ၏၊ကမ္မေန၊သည်။နိရယေ၊ငရဲ၌။ နိက္ခိတ္တော၊ပစ်ချအပ်
သနည်း။ ဆန္ဒာဂတိံ၊ဆန္ဒာဂတိသို့။ ဝါ၊ချစ်သဖြင့် မလားအပ်
သောအရာသို့။ဂစ္ဆတိ၊လိုက်၏။ ဝါ၊လား၏။ ဒေါသာဂတိံ၊ဒေါ
သာဂတိသို့။ ဝါ၊ အမျက်ဒေါသဖြင့် မလားအပ်သောအရာသို့။
ဂစ္ဆတိ၊လိုက်၏။ ဝါ၊လား၏။ မောဟာဂတိံ၊ မောဟာဂတိသို့။
ဝါ၊မသိမမြင် တွေဝေသဖြင့် မလားအပ်သောအရာသို့။ဂစ္ဆတိ၊
လိုက်၏။ဝါ၊လား၏။ ဘယာဂတိံ၊ဘယာဂတိသို့။ဝါ၊ကြောက်
သဖြင့် မလားအပ်သောအရာသို့။ ဂစ္ဆတိ၊လိုက်၏။ ဝါ၊လား၏။
ဘိက္ခဝေ၊ရဟန်းတို့။ စတူဟိ၊လေးပါးကုန်သော။ဣမေဟိ ဓမ္မေ
ဟိ၊ဤတရားတို့နှင့်။ သမန္နာဂတော၊ပြည့်စုံသော။ ဘတ္တုဒ္ဒေသ
ကော၊ ဆွမ်းညွှန်းတတ်သောရဟန်းလူကို။ အာဘတံ-အာဟ
ရိတွာ၊ ရှေးရှုဆောင်၍။ နိက္ခိတ္တော ယထာ၊ ပစ်ချအပ်သကဲ့သို့။
အတ္တနော၊ မိမိ၏။ ကမ္မေန၊ အဂတိ လေးပါး လိုက်စားသော

မကောင်းမှုအကုသိုလ်ကံသည်။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ရချ မလွဲအမြဲပစ်ချအပ်၏။

**မှတ်ချက်။** ။အဂတိလေးပါး မလိုက်မစား တရားမှန်ကန် စွာကျင့်သောသူတို့သည်သာလျှင် နတ်ရွာ မဂ် ဖိုလ် နိဗ္ဗာန်သို့ ရောက်ရကုန်၏ဟု ဇာတိရေကအားဖြင့်သိအပ်မှတ်အပ်ကုန်၏။

အဂတိလေးပါးလိုက်စားသူ ငရဲလားခြင်းပြီး၏။

\+ \+ \+ \+

## (၃၀) အဂတိလေးပါးလိုက်စားတတ်သော ပုဂ္ဂိုလ်ကိုတရားသူကြီးမထားအပ်ကြောင်းကိုပြခြင်း။

အဂတိလေးပါး လိုက်စားတတ်သော ပုဂ္ဂိုလ်ကို တရားသူ ကြီးမထားအပ်၊ မမြှောက်အပ်ဟု မုချမှတ်ရာ၏။

ထို့ကြောင့်-ပရိဝါပါဠိတော်၌—

> အပရေဟိပိ ဥပါလိ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ သံဃေ နဝေါဟာရိတဗ္ဗံ။ ကတမေဟိ ပဉ္စဟိ။ ဆန္ဒာဂတိံ ဂစ္ဆတိ၊ ဒေါသာဂတိံ ဂစ္ဆတိ၊ မောဟာဂတိံ ဂစ္ဆတိ၊ ဘယာဂတိံ ဂစ္ဆတိ၊ အလဇ္ဇီ စ ဟောတိ။ ဣမေဟိ ခေါ ဥပါလိ ပဉ္စဟင်္ဂေဟိ သမန္နာဂတေန ဘိက္ခုနာ သံဃေ နဝေါဟာရိတဗ္ဗံ။ ။ဟုဟောတော်မူ၏။ဟံသာ ဝတီစာအုပ်၊ နံပါတ်(၂၅၇)။

အနက်ကား။ ။ဥပါလိ၊ဥပါလိ။အပရေဟိပိ၊တပါးလည်း ဖြစ်ကုန်သော။ပဉ္စဟိ၊ငါးပါးကုန်သော။ အင်္ဂေဟိ၊အင်္ဂါတို့နှင့်၊ သမန္နာဂတေန၊ပြည့်စုံသော။ဘိက္ခုနာ၊ရဟန်းသည်။ သံဃေ၊ သံဃာ၌။ ဝါ၊သံဃာ့အလယ်၌၊ နဝေါဟာရိတဗ္ဗံ၊ တရားမဆုံး ဖြတ်အပ်။ ကတမေဟိ၊အဘယ်ကုန်သော။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊တို့နှင့်။သမန္နာဂတေန၊သော။ဘိက္ခုနာ၊သည်။သံဃေ၊

၍။ နဝေါဟာရိတဗ္ဗံ၊ တရားမဆုံးဖြတ်အပ်သနည်း။ ဆန္ဒာဂတိံ၊ ဆန္ဒာဂတိသို့။ဂန္တွာ၊လိုက်၍။ ဒေါသာဂတိံ၊ဒေါသာဂတိသို့။ ဂန္တွာ၊လိုက်၍။မောဟာဂတိံ၊မောဟာဂတိသို့။ဂန္တွာ၊လိုက်၍။ ဘယာဂတိံ၊ဘယာဂတိသို့။ဂန္တွာ၊လိုက်၍။ အလဇ္ဇိစ၊အရှက် မရှိသည့်လည်း။ဟောတိ၊၍။ ဥပါလိ၊ဥပါလိ။ပဉ္စဟိ၊ကုန်သော။ ဓမ္မေဟိအင်္ဂေဟိ၊ ဤအင်္ဂါတို့နှင့်။သမန္နာဂတော၊သော။သံဃ္ဂ နာ၊သည်။သံဃော၊၌။နဝေါဟာရိတဗ္ဗံ၊တရားမဆုံးဖြတ်အပ်။ ။ ဤကား သာမညအနက်တည်း။

**မှတ်ချက်။** ။တရားကို မဆုံးဖြတ်အပ်ဟုဆိုအပ်သော အဓိပ္ပါယ်နှင့်တရားသူကြီးအရာ၌မထားအပ်ဟုဆိုသောအဓိပ္ပါယ် သည် အတူပင်တည်းဟုမှတ်အပ်၏။

**အကျဉ်းမှတ်ရလင်္ကာ။**

(၁) အဂတိလေးပါး။လိုက်သူအား။တရားသူကြီးမထားရာ။
(၂) အဂတိလေးပါး။မလိုက်စား။တရားသူကြီးမြှောက်အပ်စွ။

တရားသူကြီးမထားအပ်ကြောင်းပြီး၏။

\+ \+ \+ \+

## (၃၁) တံဆိုးလာဘ်ပုဂ္ဂိုလ်ကိုမှီ၍ တရားမဆုံးဖြတ်အပ်ကြောင်းကိုပြခြင်း။

တရားလို,တရားခံ နှစ်ဦးတို့တွင် တဦးတဦးသည် ပေးအပ်သော လာဘ်တံဆိုး လက်ဆောင်ကိုမှီ၍, မမှန်တရား ဆုံးဖြတ်ခြင်းကို မပြုရာ။ ။ဤသူသည် ငါ၏ဆရာတည်း၊ အမိအဘ ဆွေမျိုးဉာတိ မိတ်ဆွေတည်းဟူ၍, ပုဂ္ဂိုလ်ကိုမှီ၍ ဆန္ဒာဂတိ လိုက်ခြင်း အစရှိသည်ဖြင့် မမှန်တရားဆုံးဖြတ်ခြင်းကို မပြုရာ။ စင်စစ်အားဖြင့် ထိုနှစ်ပါးစုံကုန်သော တံဆိုးလာဘ်ပုဂ္ဂိုလ်ကို မှီ၍ တရားဆုံးဖြတ်ခြင်းကို ရဲရဲညီသောသံတွေခဲ, အဆိပ်ထန် သော မြွေပွေး,မြွေဟောက်, အဆိပ်ဆေး, မစင်တွင်း-စသည့်

တို့ကို ကြောက်လန့်စက်ဆုပ်သဖြင့် ဝေးစွာ ကြဉ်ရှောင်သကဲ့သို့ အပါယ်လေးပါး၌ ကျရောက်ရ လတ္တံ့သော ဘေးကြီးကို ဉာဏ်ဖြင့် တွေးဆကြောက်ထိတ်ယန်ကြ၍ ကင်းဝေးစွာကြဉ်ရှောင်ကြပြီးလျှင် အကြင်သို့သော အခြင်းအရာအားဖြင့် ဘုရားဟောတရား, လောကီ ဓမ္မသတ် ဥပဒေ တရားသဘောတည်ရှိ၏။ ထိုသို့တည်ရှိသော တရားသဘော အခြင်းအရာအားဖြင့်သာလျှင် ပညာရှိသည် တရားဆုံးဖြတ်စီရင်ခြင်းကို ပြုရာ၏ဟုမှတ်အပ်၏။

ထိုကြောင့် ပရိဝါပါဠိတော်-စောဒနာကဏ္ဍ၌—

နစ အာမိသံ နိဿာယ၊ နစ နိဿာယ ပုဂ္ဂလံ။
ဉဘော ဧတေ ဝိဝဇ္ဇေတွာ၊ ယထာဓမ္မော တထာ ကရေ၊

ဟုဟောတော်မူ၏။ ။ဟံသာဝတီ စာအုပ်နံပါတ်(၂၂၅)။ ။ ၎င်း၏ အကျယ်အဓိပ္ပါယ်ကို ၎င်းအဋ္ဌကထာ။ ဇမ္ဗူမိတ်ဆွေ စာအုပ်နံပါတ်(၁၇၀)ကြည့်။

အနက်ကား။ ။အာမိသံ၊ တရားလို့, တရားခံတို့ ပေးအပ်သောတံဆိုးလာဘ်အာမိသကို။ နိဿာယ၊မှီ၍။ နစကရေ၊မမှန်တရားမဆုံးဖြတ်ရာ။ဝါ၊မမှန်တရားဆုံးဖြတ်ခြင်းကိုမပြုရာ။ ပုဂ္ဂလံ၊ဆရာမိဘစသောပုဂ္ဂိုလ်ကို။နိဿာယ၊မှီ၍။ နစကရေ၊မမှန်တရားမဆုံးဖြတ်ရာ။ ဝါ၊ မမှန်တရား ဆုံးဖြတ်ခြင်းကို မပြုရာ။ ဧတေဉဘော၊ထိုတံဆိုးလာဘ် အာမိသ,ဆရာစသော ပုဂ္ဂိုလ်နှစ်ပါးစုံတို့ကို။ ဝိဝဇ္ဇေတွာ၊ အဆိပ်ဆေး,မြွေပွေး,မြွေဟောက်ကဲ့သို့ ကြဉ်ပြီး၍။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ဓမ္မော၊ဟုတ်မှန်သောတရားသဘောသည်။ ဌိတော၊တည်၏။တထာ၊ထိုတရားသဘောတည်တိုင်းသောအခြင်းအရာအားဖြင့်။ကရေ၊ဟုတ်မှန်သောတရားကိုဆုံးဖြတ်ရာ၏။ ဝါ၊ဟုတ်မှန်သောတရားဆုံးဖြတ်ခြင်းကိုပြုရာ၏။

## အကျဉ်းမှတ်ရလင်္ကာ။

(၁) ပုဂ္ဂိုလ်အာမိသ၊ငဲ့မှီထ၊ဂမ္မမဆုံးဖြတ်ရာ။
(၂) ငဲ့မှီလောဘ၊ဆုံးဖြတ်ချ၊ရောက်ရငရဲမှာ။
(၃) ပုဂ္ဂိုလ်,အာမိသ၊ထိုနှစ်ဝ၊ကြည့်ထဆုံးဖြတ်ပါ။
(၄) နှစ်ပါးကြည့်ထ၊ဆုံးဖြတ်ချ၊ရောက်ရနတ်တို့ရွာ။

တရားမဆုံးဖြတ်အပ်ကြောင်းပြီး၏။

\+ + + +

## (၇၂) သံဝရမျိုးဥစ္စာသေသာသတ္တကိုပြခြင်း။

မဟာဗာဟု၊ကမ္ဗုဂီဝ၊တေဇထေန်ပြင်း၊ ရာမမင်း၏၊ခြေနင်းနိမိတ်၊ ရှေးအတိတ်နှင့်၊ ဝိနိစ္ဆယ၊ဓမ္မအရာ၊ မောဟာဂတိ၊မရှိချိချန်၊အတတ်လွန်၍၊ နိုင်တန်သသူ၊ခိုင်လူပြိုးဘက်၊ ကွမ်းတရွက်မျှ၊ လက်နှိုက်မပါ၊သက်သက်လာလည်း၊ သာသာကြည်ကြည်၊သဘောတည်၏၊ ရှုံးမည့်ကျားကျား၊ တဘက်သားက၊ ပတ္တမြားတောင်ရှိ၊တံဆိုးဖိလည်း၊ တစိမငဲ့၊ မယွဲ့မလည်၊ ချစ်သည်မယား၊ ရှေ့နေပြောလည်း၊ အားပါးမနာ၊ မျက်နှာမရွယ်၊ ကြောက်ဖွယ်မသေး၊ အရေး ဟုတ်တိုင်း၊ ပိုင်းပိုင်း ဖြတ်ဖြတ်၊ ဆုံးဖြတ်အပြီး၊ ထားထက်လှီးသို့၊ ဆင်သီးတရား၊ အမတ်များလည်း၊လူအား ချမ်းသာ၊ရှာစပေသည်၊ ၊လွဲသွေမကောက်မကွေ့တည်း။

**မှတ်ချက်။** ၊ဤသံဝရမျိုး လင်္ကာဖြင့် တရားသူကြီးသည် တောင်မျှလောက် ပုံ၍ တံဆိုး လာဘ်ကို ပေးပြောသော်လည်း မယူမစား၊အဂတိလေးပါးမလိုက်စားဘဲ၊မယားရှေ့နေလုပ်ပြောသော်လည်း ပုဂ္ဂိုလ်မျက်နှာကို မထောက်မညှာ မှန်ကန်စွာတရားဆုံးဖြတ်အပ်သည့်၏အဖြစ်ကိုသာပြ၏ဟူ၍မှတ်ယူအပ်၏။

\+ + +

## (၇၃) မှတ်ချက်ကိုပြခြင်း။

တံဆိုးလာဘ်ယူခြင်း,အဂတိလေးပါးလိုက်စားခြင်းတို့သည် မျိုးကဗျာလင်္ကာ, ဓမ္မသတ်ကျမ်း, ရာဇဝင်ကျမ်း-စသည့်တို့၌

အနည်းငယ်မျှပါရှိငြားသော်လည်း စာမဖွဲ့လေ့သောကြောင့်ဂင်း၊ ပါဠိတော်,အဋ္ဌကထာတို့မှယူ၍ အနည်းငယ် ရေးသား၍ထားသောကြောင့်ဂင်း၊ ဂင်းကျမ်းတို့၌လာသော စကားများကိုများစွာ မတော်ပြမူ၍၊ မူလရင်းဖြစ်သော ဘုရားဟောတော်မူအပ်သောပါဠိတော်,အဋ္ဌကထာ,ဋီကာတို့၌လာသောသုံးသက်သေပါဠိသာဓကများကိုသာလျှင် ထုတ်ဆော်၍ရေးသားလိုက်ပေသတည်း။

ထိုသို့ရေးသားရာ၌ပါဠိတော်,အဋ္ဌကထာလာတိုင်းအလုံးစုံဓာတ်ဝတ္ထုကို ထုတ်ဆော်၍ရေးလျှင် အလွန် ကျယ်လွန်းမည်ဖြစ်သောကြောင့်ဂင်း၊ အလွန်ကျဉ်းလွန်းစွာရေးပြန်လျှင်လည်းစကားမပြည့်စုံသည်ဖြစ်၍ပါဠိတော်ကိုဖျက်ဆီးရာကျမည်ဖြစ်သောကြောင့်ဂင်း၊ မကျဉ်း မကျယ်လွန်း၊ စကားစပ်မိရုံမျှသာဆော်ပြ၍ ရေးသားလိုက်သည်။ သို့ဖြစ်၍ ကျယ်လွန်းသည်ဟုအပြစ်တင်ရန်မရှိကြောင်းဆော်ပြလိုက်ပါသည်၊

အဂတိဂမနကထာပြီး၏။

\+ + + +

## (၃၄) အောက်ကပြပြီးအဓိပ္ပါယ်ကို လိုရင်းအဓိပ္ပါယ်အကျဉ်းချုပ်နိဂုံးအုပ်၍ပြခြင်း။

(၁) တံဆိုးလာဘ်ယူခြင်းသည်ဝဋ္ဋနိုးခြင်းအဓိဋ္ဌာဒါန်ဖြစ်၏ဟုမှတ်အပ်၏၊

(၂) ရာဇဂြိုဟ်ပြည်၌ တံဆိုးစား၍ တရား ဆုံးဖြတ်သောအမတ်ကြီးသည် ထို မကောင်းမှု ကံကြောင့် များစွာသောနှစ်တို့ကာလပတ်လုံး ငရဲ၌ကျခံရပြီးလျှင် ထိုဝိပါကာသေသအားဖြင့် ဂိဇ္ဈကုဋ်တောင်၌ မိမိ၏မကောင်းမှုကံနှင့်တူစွာ မသယ်မပိုးနိုင်၊ အိုးစရည်းကြီးပမာဏကြီးလှစွာသော ဝှေးစေ့ ရှိသော အဏ္ဍဘာရီတပြိတ္တာဖြစ်ရ၏။

(၃) ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း မင်းပြု၏။ ထိုမင်း၏ပုရောဟိတ်ပုဏ္ဏား တရားသူကြီးသည် တံခိုးစား၍ တရား စီရင်သောကြောင့် ဟိမဝန္တာတောသရက်ဥယျာဉ်၌ နေ့အခါ၌ မိမိ၏ကျောင်းကုန်းသားကိုမိမိကိုယ်တိုင်နှုတ်ယူ၍စားရသောဝေမာနိကပြိတ္တာဖြစ်ရ၏။

(၄) ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ယသပါဏိမည်သောမင်းသည်မင်းပြု၏။ထိုမင်း၏ ကာဠကမည်သောစစ်သူကြီးသည် တံခိုးလာဘ်စား၍ မဟုတ်မမှန် တရားစီရင်သောကြောင့် စည်းစိမ်မှယုတ်ပြီးလျှင် မင်း၏ အမှတ်သညာပေးခြင်းဖြင့် အမတ်, ပုဏ္ဏား,သူကြွယ်-စသော ပရိသတ်တို့သည် ကျောက် ခုတ်ခဲတို့ဖြင့် ပစ်ခတ် ထုရိုက်ကြသောကြောင့် သေကျေပျက်စီးခြင်းသို့ရောက်ရ၏။

(၅) ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်သည်ပုပ္ဖဝတီအမည်ရှိ၏။ ထိုပုပ္ဖဝတီပြည်၌ ဧကရာဇမင်းသည် မင်းပြု၏။ ထိုမင်း၏ခဏ္ဍဟာလမည်သော ပုရောဟိတ်ပုဏ္ဏားသည် တံခိုးစား၍ မမှန်မကန် တရေးသုံးဖြတ်ခြင်းကြောင့်စည်းစိမ်မှယုတ်၍ စန္ဒမင်းသားအားသတ်ခြင်း၌ မင်းအားသားသွီးများကိုသတ်၍ယဇ်ပူဇော်ခိုင်းရာ ယဇ်တွင်း၏အနီး၌ပရိသတ်တို့သည် ကျောက်ခုတ်ခဲတို့ဖြင့်ပစ်ခတ်သဖြင့် သေခြင်းသို့ရောက်ရ၏။ ထိုပုဏ္ဏား၏ စကားကို လိုက်နာသော ဧကရာဇ မင်းသည်လည်း မင်းစည်းစိမ်မှယုတ်၍ဒွန်းစဏ္ဍားအဖြစ်သို့ရောက်ရ၏။

(၆) ရှေးလွန်လေပြီးသောအခါ ကုရုတိုင်း၌ကုရုမင်းသည် မင်းပြု၏။ ထိုမင်းသည် ရသေ့ဂိုဏ်းအသင်းနှစ်ဦးတို့၏ လက်မှတံခိုးလာဘ်ကိုယူ၍ မမှန်တရားကိုစီရင်သော

ကြောင့် ယုမနာသုံးရာရှိသောကုရုတိုင်းသည်သရဒ္ဒါရာ ဖြစ်၍ မင်းနှင့်တကွတိုင်းသူပြည်သားတို့သည် ပျက်စီး ခြင်းသို့ရောက်ကုန်၏။

(၇) ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဖြဟ္မ ဒတ်မင်းသည် မင်းပြု၏၊ ထိုမင်း၏မိစ္ဆာဒိဋ္ဌိအယူရှိကုန် သောငါးယောက်ကုန်သောအမတ်တို့သည်တံဆိုးစား ၍မမှန်တရားဆုံးဖြတ်ခြင်းကြောင့်ဘုရားလောင်းမဟာ ဗောဓိပရိဗိုဇ်၏ဩဝါဒဖြင့်သေဘေးမှလွတ်၍ဦးခေါင်း ၌ ဦးစွန်းငါးချပ်ပြုခြင်း, လည်၌ထောက်ဆွဲခြင်း, နွားချေး ဖြင့်သွန်းလောင်းခြင်းကိုပြု၍ တိုင်းပြည်မှနှင်ထုတ်ခြင်း ကိုခံရကုန်၏။

(၈) သာဝတ္ထိပြည် ပသေနဒီကောသလ မင်းကြီး၏ သန် လျက်လက္ခဏာကိုဘတ်သောပုဏ္ဏားသည် တံဆိုးစား ၍ သန်လျက်ကို နမ်း၍ သန်လျက်လက္ခဏာကို ဘတ် သောကြောင့် နှားခေါင်းနှစ်ပိုင်းအပြတ်ခံရ၏။

(၉) သာဝတ္ထိပြည်ပသေနဒီကောသလမင်းကြီး၏အမတ် တို့သည် တံဆိုးစား၍ မမှန်တရား စီရင်သောကြောင့် တရားသူကြီးရာထူးမှနုတ်ပယ်ခြင်းကိုခံရကုန်၏။ ။ ယခု အခါ၌လည်း ရာထူးမှ နုတ်ပယ်ခြင်း ထင်ရှားလှ ပေ၏။

(၁၀) တံဆိုးယူစားခြင်းသည် မိစ္ဆာဇီဝဖြစ်၏။မိစ္ဆာဇီဝဖြစ် ခြင်းကြောင့် အပါယ် လေးပါး၌ ဖြစ်ရလတ္တံ့ဟု မှတ် အပ်၏။

(၁၁) မဟုတ်မမှန် တရားဆုံးဖြတ်စီရင်ခြင်းသည် ရသာဝါ ဒ ဒုစရိုက်ဖြစ်၏။ ရသာဝါဒ ဒုစရိုက် ဖြစ်ခြင်းကြောင့် အပါယ်လေးပါး၌ဖြစ်ရလတ္တံ့ဟုမှတ်အပ်၏။

(၁၂) အဂတိဂမနလေးပါး သရုပ်နှင့် အဓိပ္ပါယ်ကို မှတ်သိအပ်၏။

(၁၃) မလိုက်စား အပ်သော အဂတိ လေးပါးကို လိုက်စားခြင်းသည်အကုသိုလ်ဖြစ်၏။အကုသိုလ်ဖြစ်ခြင်းကြောင့် အပါယ်လေးပါး၌ကျရောက်ရလတ္တံ့ဟုမှတ်ယူအပ်၏။

(၁၄) အဂတိ လေးပါး လိုက်စားခြင်းသည် လဆုတ်ပက္ခ၌ လရောင်သည် တနေ့တခြား ဆုတ်ယုတ်သကဲ့သို့ မျက်မှောက်ပစ္စက္ခဘဝ၌ စည်းစိမ်ချမ်းသာအခြွေအရံတနေ့တခြား ဆုတ်ယုတ်ပျက်ပြားတတ်၏ဟုမှတ်အပ်၏။

(၁၅) အဂတိလေးပါး မလိုက်စားခြင်းသည် လဆန်းပက္ခ၌ လရောင်သည် တနေ့တခြားတိုးပွါးပြည့်ဖြိုး၍လာသကဲ့သို့၊မျက်မှောက်ပစ္စက္ခဘဝ၌ စည်းစိမ်ချမ်းသာ အခြွေအရံ တနေ့တခြားတိုးပွါးပြည့်ဖြိုး၍လာတတ်၏ဟုမှတ်အပ်၏။

(၁၆) ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ မဟာပိင်္ဂလ မင်းသည် မင်းကျင့် တရားတို့နှင့် မညီ မညွတ် မတရားသဖြင့်မင်းပြု၏။ ထိုမင်းသည် အဂတိလေးပါး လိုက်စား၍ တရားဆုံးဖြတ်ခြင်းစသော မကောင်းမှုကို ပြုလျက်တိုင်းသူပြည်သားတို့အား ကြံညှစ်ယန္တရားစက်ဖြင့် ကြံကိုညှစ်ဘိသကဲ့သို့၊အခွန်အတုတ်ယူခြင်း,ဒဏ်ထားခြင်း-စသည်ဖြင့် များစွာ နှိပ်စက်၏။ ထို့ကြောင့် အပါယ်လေးပါး၌ရောက်ရလတ္တံ့ဟု မှတ်သိအပ်၏။

(၁၇) အဂတိလေးပါး လိုက်စားခြင်းနှင့် ပြည့်စုံ ကုန်သော သူတို့သည် စတုက္ကနိပါတ် - အင်္ဂုတ္တိုရ ပါဠိတော်နှင့် အညီ အပါယ်လေးပါးသို့ရောက်ရ၏ဟုမှတ်အပ်၏။

(၁၈) အဂတိလေးပါးလိုက်စားသောသူကိုပရိဝါပါဠိတော်နှင့်အညီ တရားသူကြီးအရာ၌မထားအပ်,မခန့်အပ်ဟုမှတ်အပ်၏။

(၁၉) အဂတိလေးပါး မလိုက်စားသောသူကိုသာလျှင် ၎င်းပရိဝါပါဠိတော်နှင့်အညီတရားသူကြီးအရာ၌ထားရာ၏။ တရားသူကြီးခန့်အပ်၏။ တံဆိုးလာဘ်ပေးခြင်းကိုမှီရာအကြောင်းပြု၍၎င်း၊ဤသူသည် ငါ၏ဆရာတည်း၊အမိ, အဘ, ဆွေမျိုး, ဉာတိ, မိတ်ဆွေတည်းဟု ပုဂ္ဂိုလ်ကိုမှီရာအကြောင်းပြု၍၎င်း၊ ဆန္ဒာဂတိ လိုက်စားခြင်း-စသည်ဖြင့် မမှန်တရား ဆုံးဖြတ်ခြင်းကိုမပြုအပ်ဟု ရချအမြဲမှတ်ယူအပ်၏။

(၂၀) သံဝရမျှိုလက်၁၌လာရှိသည်အတိုင်းရွှေ,ငွေ,ပတ္တမြားစသည်များကို တောင်ကြီး မျှလောက် ရပုံ၍ ပေးငြားသော်လည်းမယူမစား၊ဆရာ,မိဘ,ဆွေမျိုးဉာတိ,မိတ်ဆွေ, သား မယားတို့၏ မျက်နှာကို မထောက်ထားမူ၍ သုဂတိ လားကြောင်း ကောင်းမှု ဖြစ်အောင် မှန်ကန်သောတရားကိုသာလျှင် ဆုံးဖြတ်စီရင်အပ်၏။

အကျဉ်းချုပ်ပြခြင်းပြီး၏။

\+ \+ \+ \+

## (၃၅) တံဆိုးလာဘ်ပေးသောသူ၏အပြစ်ကိုလျော်စွာထည့်သွင်း၍ပြခြင်း။

တရားနိုင်သောယုတ်မာသော လောဘဇောမျိုးဖြင့် တံဆိုးလာဘ်ပေးသောသူသည် မဟုတ်မမှန် ရသာဝါဒဖြင့် မတရားဆုံးဖြတ်၍ အမှုကိုအနိုင်ပေးပါဟု မဆိုသော်လည်း ဆိုရာကျရောက်သဖြင့် မတရားရသာဝါဒဆိုစေသည်မည်သောကြောင့် ငရဲ၌ကျရောက်ရ၏ဟု ရချမှတ်ရာ၏။ ။မတရားရသားသက်သေလိုက်သောသူလည်း ထိုအတူ ငရဲ၌ကျရောက်ရ၏ဟုမှတ်။

ထိုကြောင့် တိကနိပါတ်အငုံတ္တရ ပါဠိတော်၌—

တီဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ၊ အတ္တနာစ မုသာဝါဒီ ဟောတိ။ ပရဉ္စ မုသာဝါဒေ သမာဒပေတိ။ မုသာဝါဒေ စ သမနုညောဟောတိ။ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။ ။ဟု ဟောတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ ချစ်သားတို့၊ တီဟိ၊ သုံးပါးကုန်သော။ ဓမ္မေဟိ၊ အကုသိုလ်တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိရယပါလေဟိ၊ ငရဲထိန်းတို့သည်။ အာဘတံ-အာနေတွာ၊ ဆောင်၍။ နိက္ခိတ္တောယထာ၊ ပစ်ချအပ်သကဲ့သို့။ ဧဝံ တထာ၊ ထိုအတူ။ ကမ္မေန၊ မိမိပြုအပ်သောအကုသိုလ်ကံသည်။ အာဘတံ-အာနေတွာ၊ ဆောင်၍၊ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ပစ်ချအပ်၏။ အတ္တနာစ၊ မိမိသည်လည်း။ မုသာဝါဒီ၊ မဟုတ်မမှန်သောစကားကို ဆိုလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရဉ္စ၊ သူတပါးကိုလည်း၊ မုသာဝါဒေ၊ မဟုတ်မမှန်သော စကားကို ပြောဆိုခြင်း၌။ သမာဒပေတိ၊ ဆော်တည်စေ၏။ မုသာဝါဒေစ၊ မဟုတ်မမှန်သောစကားကို ပြောဆိုခြင်း၌လည်း။ သမနုညော၊ နှစ်သက်ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ဘိက္ခဝေ၊ ချစ်သားတို့။ တီဟိ၊ သုံးပါးကုန်သော။ ဣမေဟိဓမ္မေဟိ၊ ဤအကုသိုလ်တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူကို။ နိရယပါလေဟိ၊ ငရဲထိန်းတို့သည်။ အာဘတံ-အာနေတွာ၊ ဆောင်၍။ နိက္ခိတ္တောယထာ၊ ပစ်ချအပ်သကဲ့သို့။ ဧဝံတထာ၊ ထိုအတူ။ ကမ္မေန၊ မိမိပြုသောအကုသိုလ်ကံသည်။ အာဘတံအာနေတွာ၊ ဆောင်၍၊ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ပစ်ချအပ်၏။

\+ \+ \+ \+

## (၃၆) တနည်း အဖြစ်ကို ပြခြင်း။

အမှုအောင်နိုင်လိုသော လောဘဇောမျိုးဖြင့် သူတပါးတို့ မသိမမြင်အောင်ဖုံးလွှမ်းဝှက်ကွယ်၍ တံဆိုးလာဘ်ပေးသော သူသည် ဖုံးလွှမ်း ဝှက်ကွယ်၍ မြတ်စွာဘုရား၏ မပြုအပ်ဟူသော အာဏာတော်ကိုဂင်း၊ တံဆိုးလာဘ် မပေးရဟူသော အစိုးရမင်းတို့၏ ဥပဒေအာဏာကိုဂင်း၊ လွန်ကျူးကျော်နင်း၍ ဖုံးကွယ်၍တံဆိုးပေးခြင်း အကုသိုလ်ကံကိုပြုသည်မည်သော ကြောင့် ငရဲ, တိရစ္ဆာန်-ဟူသောဂတိနှစ်ပါးတို့တွင် တပါးပါး၌ ရောက်ရ၏ဟု မှတ်အပ်၏။

ထိုကြောင့် ဒုကနိပါတ် အင်္ဂုတ္တရပါဠိတော်၌—

ပဋိစ္ဆန္နကမ္မဿ ဘိက္ခဝေ ဒွိန္နံ ဂတီနံ အညတရာ ဂတိ ပါဋိကင်္ခါ နိရယောဝါ တိရစ္ဆာနယောနိဝါ။

ဟု ဟောတော်မူ၏။

အနက်ကား။ ။ဘိက္ခဝေ၊ချစ်သားတို့။ ပဋိစ္ဆန္နကမ္မဿ၊ သူတပါးမသိမမြင်အောင် ဖုံးကွယ်၍ပြုသောအကုသိုလ်ကံ၏။ နိရယောဝါ၊ငရဲကိုဂင်း။ တိရစ္ဆာနယောနိဝါ၊တိရစ္ဆာန်အမျိုးကိုဂင်း။ ဣတိ၊ ဤသို့။ ဒွိန္နံ၊နှစ်ပါးကုန်သော။ ဂတီနံ၊ဂတိတို့တွင်၊ အညတရာ၊ တပါးပါးသော။ ဂတိ၊ဂတိကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်၏။

\+ \+ \+ \+

## (၃၇) တနည်း အဖြစ်ကို ပြခြင်း။

တရားမှုအောင်နိုင်ရန် တံဆိုးလာဘ်ပေးမှုကို မြန်မာတရားဓမ္မသတ်၌ဂင်း၊ အစိုးရဥပဒေများ၌ဂင်း၊ ထောင်ဒဏ်စသော အပြစ်များကို ပညတ်၍ ထားသောကြောင့် တံဆိုးလာဘ် ပေးခြင်းသည် မြတ်စွာဘုရားတရားတော်နှင့်မညီမညွတ်၊ မတရားသော အဓမ္မစရိယမည်၏။ ထိုသို့မတရားသော အဓမ္မစရိယ,

ဝိသမစရိယဖြစ်သောကြောင့် တရားမှ အောင်နိုင်လို၍ တံဆိုးလာဘ် ပေးသောသူသည် သေသည်၏အခြားမဲ့၌ငရဲ၌မုချဖြစ်ရ၏ဟု မှတ်ယူအပ်၏။

ထိုကြောင့် ဒုကနိပါတ် အင်္ဂုတ္တရပါဠိတော်၌—

အဓမ္မစရိယဝိသမစရိယဟေတု ခေါ ဗြာဟ္မဏာ ဧဝမိဓေကစ္စေ သတ္တာ ကာယဿ ဘေဒါ ပရမ္မရဏာ အပါယံ ဒုဂ္ဂတိံ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ။

ဟု ဟောတော်မူ၏။

အနက်ကား။ ။ဗြာဟ္မဏာ၊ပုဏ္ဏားတို့။ အဓမ္မစရိယဝိသမစရိယဟေတု၊မတရားသဖြင့်ကျင့်ခြင်းတရားတော်နှင့်မညီမညွတ်ကျင့်ခြင်းဟူသောအကြောင်းကြောင့်။ ဧဝံ၊ဤသို့။ဣဓ၊ဤလောက၌။ ဧကစ္စေ၊အချို့ကုန်သော။ သတ္တာ၊သတ္တဝါတို့သည်။ ကာယဿ၊ခန္ဓာကိုယ်၏၊ ဘေဒါ၊ပျက်သည်မှ။မရဏာ၊သေသည်မှ။ပရံ၊နောက်၌။ အပါယံ၊ချမ်းသာမှကင်းသော။ဒုဂ္ဂတိံ၊မကောင်းမှုကို ပြုသောသူတို့၏ လားရာ ဖြစ်သော။ ဝိနိပါတံ၊ ပျက်စီး၍ကျရာဖြစ်သော။နိရယံ၊ငရဲ၌။ဥပပဇ္ဇန္တိ၊ဖြစ်ကုန်၏။

\+ \+ \+ \+

## (၃၈) သြဝါဒကထာကိုပြခြင်း။

ချမ်းသာ မရှိ ဆင်းရဲ အတိသာ ဖြစ်၍ ကြောက်မက်ဖွယ်ကောင်းသော ငရဲဒုက္ခကြီးကို ငွေပေး၍ ဝယ်ယူသည်နှင့် တူသောကြောင့်ရင်း၊ အထက် ဖေါ်ပြရာပါ ပါဠိတော်များနှင့်အညီ အပြစ် ကြီးသောကြောင့်ရင်း၊ မင်းပြစ် မင်းဒဏ် ရှိသောကြောင့်ရင်း၊ပညာရှိအပေါင်းသူတော်ကောင်းတို့သည် တံဆိုးလာဘ်ပေးခြင်းအမှုကို အဆိပ်သန်ပြင်းသောမြွေပွေး,မြွေဟောက်ရဲရဲပြိုတောက်လောင်သော သံတွေခဲတို့ကဲ့သို့၊ စက်ဆုပ်ရွံရှာကြပြီးလျှင် ထိတ်လန့်ခြင်း သြတ္တပ္ပသံဝေဂဉာဏ်ဖြင့် မပြုမလုပ်

ဝေးဝေးကြီးကြဉ်ရှောင်ကြပါကုန်လော။ ။ထိုအတူ မတရားမှု သားသက်သေအလုပ်ကိုလည်း ဝေးဝေးကြီးကြဉ်ရှောင်ကြပါကုန်လော။

## အကျဉ်းမှတ်ရလင်္ကာ။

(၁) တံဆိုးပေးက၊မုသာဒ၊ဆိုကြတိုက်တွန်းရာ။
(၂) ယင်းမုသာဒ၊ပါယ်ဒုက္ခ၊မုချရောက်မည်မှာ။
(၃) ပဋိ္ဆန္ဓ၊လာဘ်ပေးက၊ရောက်ထင်ရဲရွာ။
(၄) တရားနိုင်မှု၊လာဘ်ပေးပြု၊လေးခုအပါယ်စာ။
(၅) ငွေပေးချဝယ်၊ဒုက္ခသယ်၊လွန်ဘွယ်သနားပါ။
(၆) မုသားသက်သေ၊လိုက်ရှေ့နေ၊လေးထွေအပါယာ။
(၇) တံဆိုးလာဘ်ပေး၊အပါယ်ဘေး၊ဝေးဝေးကြဉ်ရှောင်ပါ။
(၈) လာဘ်ပေးရှောင်ရှား၊နတ်ရွာလား၊မမှားယုံကြည်ရာ။

တံဆိုးပေးသူအပြစ်ပြီး၏။

\+ \+ \+ \+

## (မုံဒြ)ပါ နိဂုံးစကား။

မန္တလေးမြို့ မိုးကောင်းတိုက် မူလတကျိပ်နှစ်ပါး သာသနာပြုဂိုဏ်းကြီး၏ အကြီး အမှူး နာယက ( အဂ္ဂမဟာပဏ္ဍိတ ) သာသနာပြု ညောင်ရမ်းဆရာတော်သည် ပညာရေးဌာနအစိုးရမင်းတို့၏စက္ကူရိတေရီ ပညာဝန်မင်းဦးစိန်ရွက်-မေးလျှောက်ချက်အရ၊ရေးသားဖြေဆိုအပ်သော"လဋ္ဌုဂဟာဏဒေါသဒီပနီ" စာတမ်းသည်၊ ၁၃၀၃-ခု၊နယုန်လဆုတ်(၁၀)ရက်၊ဗုဒ္ဓဟူးနေ့၊ နံနက်(၉)နာရီအချိန်တွင်အန္တရာယ်မရှိ၊အပြီးသို့ရေးသတည်း။

ဣဒံ မေ ပုညံ ဓမ္မဓာတုပစ္စယော ဟောတု။

294.3,1-48
A1MMGB003381